# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၁ ရက်၊ စနေနေ့။ Saturday 23 June 2018 ၉၃၂၆


# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပြည်ပကုန်သည်ကြီးများအသင်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အမေရိကန်ကုန်သည်ကြီးများအသင်း၊ ဩစတြေးလျကုန်သည်ကြီးများအသင်း၊ ဗြိတိသျှကုန်သည်ကြီးများအသင်း၊ ဥရောပကုန်သည်ကြီးများအသင်းတို့၏ ဖိတ်ကြားချက်အရ အဆိုပါအသင်းများမှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် စီမံခန့်ခွဲမှုအသစ်အောက်တွင် ပွင့်လင်းမြင်သာမှုရှိပြီး ဦးဆောင်တက်ကြွသည့်ချဉ်းကပ်မှု (proactive approach)ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ "တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု"များကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သိသာထင်ရှားသော ပြောင်းလဲမှုများ တိုးတက်ဆောင်ရွက်ထားသည်နှင့်အညီ စီးပွားရေးလုပ်ငန်းများအတွက် တံခါးဖွင့်ထားပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပိုမိုအရည်အချင်းပြည့်ဝစွာ ဆောင်ရွက်သွားမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**




# YBS-Airport Shuttle Bus အမည်ဖြင့် လေဆိပ်-ဆူးလေ လွန်းပြန်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

ရန်ကုန် ဇွန် ၂၂

**ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် YBS-Airport Shuttle Bus အမည်ဖြင့် လေဆိပ်-ဆူးလေ ယာဉ်လိုင်းအသစ်ကို ယနေ့တွင် ယာဉ်အစီးရေ ၃၀ ဖြင့် စတင်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း Omni Focus ကုမ္ပဏီမှ သိရသည်။**




အဆိုပါ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းတောက်ဝင်းက "ဒီနေ့မှာ စတင်ပြေးဆွဲတာပါ၊ ပထမဆုံးရက်ဖြစ်တဲ့အတွက် ယာဉ်စီးခ အခမဲ့ ပြေးဆွဲပေးတာပါ၊ လေဆိပ်-ဆူးလေ လွန်းပြန်ယာဉ်အနေနဲ့ ပြေးဆွဲမှာဖြစ်တဲ့အတွက် ယာဉ်လမ်းကြောင်းမှာရှိတဲ့ မှတ်တိုင်အားလုံး ရပ်မှာမဟုတ်ပါဘူး၊ သတ်မှတ်ထားတဲ့ မှတ်တိုင်တွေမှာပဲ ရပ်မှာဖြစ်ပါတယ်၊ စုစုပေါင်းရပ်မယ့်မှတ်တိုင် ၁၈ ခုပဲ ရှိပါတယ်၊ ယာဉ်စီးခကတော့ ပုံသေ ကျပ် ၅၀၀ ဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "လေဆိပ်အနီးမှာ နေထိုင်တဲ့သူတွေ၊ လေဆိပ်ဝန်ထမ်းတွေနဲ့ ပြည်တွင်း ပြည်ပခရီးသည်တွေအတွက် လိုအပ်ချက်အပေါ် မူတည်ပြီး အဆင်ပြေအောင် ပြေးဆွဲပေးတာဖြစ်ပါတယ်၊ မှတ်တိုင်တိုင်းကို

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**

ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်လွန်ကဲသည့် မိုးလေဝသဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့မှုများ ဖြစ်ပေါ်လာနိုင်

စာမျက်နှာ - ၄

မြစ်သားမြို့၌ လူငယ်များအား ဥပဒေ အကြောင်း သိရှိစေရန် ပြည်သူ့စကားဝိုင်း ကျင်းပ

စာမျက်နှာ - ၅

ကုန်သွယ်ရေး ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ အိန္ဒိယနှင့် အမေရိကန် တွေ့ဆုံဆွေးနွေးမည်

စာမျက်နှာ - ၁၂




## ကြေးမုံ

# ပြည်သူများထံသွားရောက်၍ ပူးပေါင်းပါဝင်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ မေလ ၁၄ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် အဋ္ဌမပုံမှန်အစည်းအဝေးသည် ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့ပြီ။ လွှတ်တော်အစည်းအဝေးကာလအတွင်း နိုင်ငံတော်နှင့်အများပြည်သူအကျိုးစီးပွားကို အလေးထားရှေးရှု၍ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များအား ထိန်းကျောင်းတည့်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၂၄၅ ခု ဖြေကြားခြင်းများ၊ အရေးကြီးအဆို တစ်ခု၊ ဝမ်းနည်းကြောင်း အဆိုတစ်ခုအပါအဝင် အဆို ၁၃ ခု တင်သွင်းနိုင်ခဲ့သည်။ ဆွေးနွေးရန် အဆိုလေးခု ကျန်ရှိသည်။ ယခုအစည်းအဝေးကာလအတွင်း ဥပဒေကြမ်း ၃၇ ခု ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ဥပဒေကြမ်း ၁၄ ခုကို အတည်ပြုနိုင်ခဲ့ကာ ဥပဒေကြမ်း ၂၃ ခု ဆက်လက် ဆောင်ရွက်ရန်ရှိသည်။ ထို့အပြင် ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာ ၁၈ စောင်ကို မှတ်တမ်းတင်ခြင်း၊ ကတိသစ္စာပြုခြင်း၊ သက်တမ်းတိုးခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ခန့်အပ်ခြင်း၊ အစားထိုးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီအစည်းအဝေးများ အကြိမ် ၁၀၀ ပြုလုပ်နိုင်ခဲ့သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းစာစောင်များ ထုတ်ဝေနိုင်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့်သတင်းအချက်အလက် မေးမြန်းမှုများအနက် ၄၈ ချက် ရှာဖွေပေးနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ရှိသည်။ အစည်းအဝေးတွင် ဥပဒေကြမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့နိုင်ခဲ့သည်။

ဒီမိုကရေစီစနစ်၏ အသက်သွေးကြောဖြစ်သည့် လွှတ်တော်လုပ်ငန်းစဉ်များ မှန်ကန်စွာလည်ပတ်နိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် မူတည်သည်။ မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြု၍ ဥပဒေပြုရေးမဏ္ဍိုင် ခိုင်မာအားကောင်းအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ကြရသည်။ ဥပဒေပြုသူများပီပီ ဥပဒေ၊ နည်းဥပဒေများကို စံနမူနာပြ လေးစားလိုက်နာကြသူများအဖြစ် အစဉ်အမြဲတည်ဆောက်နေသူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရသည်။

ယခုအခါ လွှတ်တော်အစည်းအဝေးများ ရပ်နားလိုက်ပြီဖြစ်၍ အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်သူလူထု၏ယုံကြည်အားကိုး လေးစားတန်ဖိုးထားရသူများဖြစ်အောင် ပြုမူပြောဆိုနေထိုင်သွားကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှာကြားထားသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများပီပီ ပြည်သူလူထုအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို လေးစားလိုက်နာရန် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အတွေ့အကြုံ၊ ပညာ၊ ဗဟုသုတနှင့် ဆင်ခြင်တုံတရားတို့ ပေါင်းစပ်ပြီး ဆောင်ရွက်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ လွှတ်တော်များရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူများထံသို့ အရောက်သွား၍ ပြည်သူ့အသံကို အလေးထားမှတ်သားနားထောင်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် စေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားဘဲ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အာရှ-ကိုရီးယားစင်တာမှ ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တွင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ASEAN-Korea Centre မှ Secretary General, Mr. Lee Hyuk နှင့် အဖွဲ့အား ယမန်နေ့နံနက် ၉ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ (၁) ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်ရန်အတွက် မြန်မာနိုင်ငံဘက်မှ ဖြေလျှော့ဆောင်ရွက်ပေးသင့်သည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဖြစ်နိုင်ခြေရှိပြီး အလားအလာကောင်းသော လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေးအတွက် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား ယှဉ်ပြိုင်နိုင်စွမ်းပိုမိုတိုးတက်စေရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး တိုးချဲ့သုံးထပ်အဆောက်အအုံသစ် ဖွင့်

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး တိုးချဲ့သုံးထပ်အဆောက်အအုံသစ်ဖွင့်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါရုံးသစ်အဆောက်အအုံတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်အေးဆွေက တိုးချဲ့သုံးထပ်အဆောက်အအုံသစ်အား အမွှေးနံ့သာပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့သည်။

တိုးချဲ့သုံးထပ်အဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခဲ့ပြီး အလျား ၆၅ ပေ၊ အနံ ၂၂ ပေ ရှိသည့် RC အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# အဏုဇီဝမှို့ဖြင့် မြေဆွေးပုံပြုလုပ်နည်း သရုပ်ပြ

**ထီးလင်း ဇွန် ၂၂**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၏ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် သရခါကျေးရွာတွင် အကျိုးပြုအဏုဇီဝ ထရိုင်ခိုဒါးမားမှိုကိုအသုံးပြုကာ မြေဆွေးပြုလုပ်သုံးစွဲနည်းကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက ထရိုင်ခိုဒါးမားမှို တစ်ဆနှင့် ဖွဲနုလေးဆကိုရောစပ်ပြီး အကျိုးပြုအဏုဇီဝ မှိုပွားစာ ပြုလုပ်ထားသော ပွားစာဖြင့် မြေဆွေးပုံပြုလုပ်နည်းများကို လက်တွေ့ပြသခဲ့သည်။

မြေဆွေးပုံပြုလုပ်ရာတွင် အလျား ၁၀ ပေ၊ အနံ သုံးပေ၊ အမြင့် လေးပေ မြေဆွေးပုံတစ်ပုံအတွက် ထရိုင်ခိုဒါးမားမှိုထုပ် ငါးထုပ်လိုအပ်ပြီး ယင်းမှိုသည် ပင်ကြွင်းပင်ကျန်များကို လျင်မြန်စွာ ဆွေးမြည့်စေသည့်အပြင် မြေဆောင်၊ လေဆောင်၊ မျိုးစေ့ဆောင် သီးနှံရောဂါ အများအပြားကို နှိမ်နင်းနိုင်ကြောင်း သိရသည်။

**၄၆၅**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၅/၉၀၅ ကျပ်၊ | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၇၅ ကျပ်၊ | ၉၁၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၃/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၅. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၆၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၇၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၂၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၉. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၉၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၄. ၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁ရက်နေ့ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ

ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး "ယခုအချိန်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန်"ဟု ပြောကြားခဲ့သည်။

ကုန်သည်ကြီးများအသင်းများမှ ကိုယ်စားလှယ်များကလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် သုံးသပ်ရှုမြင်မှုများ၊ တည်ရှိနေသည့် စိန်ခေါ်မှုများနှင့် အစိုးရအနေဖြင့် ဖြေရှင်းပေးသင့်သည့်အချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြခဲ့သည့်အပြင် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်လိုပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မိတ်ဖက်အကျိုးတူစီးပွားတည်ဆောက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးမှ လုပ်ငန်းလေးခု ခွင့်ပြုရန်ဆုံးဖြတ်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ရှစ်ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၈/၂၀၁၈)အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် လေးခုနှင့် အတည်ပြုမိန့် လေးခု ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာမျက်နှာဖုံးစွပ်အက ဖျော်ဖြေပွဲသို့ တက်ရောက်သည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး Mr.Vira Rojpojchanarat နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

**ဘားအံ ဇွန် ၂၂**





ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာများ ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ဇွန် ၂၁ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေနဲ့ မိမိတို့ရပ်ရွာများတွင် အားကိုးအားထားရသော ဦးဆောင်သူများ ဖြစ်ကြစေလိုကြောင်း၊ ယခုလိုရာသီတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ သန့်ရှင်းရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မွန်မြတ်သည့် လုပ်ငန်းတစ်ခုဖြစ်သော ရင်ခွင်မဲ့ကလေးသူငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို ဘားအံမြို့တွင် ဖွဲ့စည်းနိုင်ရေး ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ မြစိမ်းရောင်စီမံကိန်းအား ကျေးရွာများအတွက် အကျိုးရှိရှိ အထောက်အကူပြုနိုင်အောင် ကြိုးစားလုပ်ဆောင်သွားစေလိုကြောင်းနှင့် ယနေ့တွေ့ဆုံပွဲတွင် ဒေသလိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြမှုများအပေါ် ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများက ကျေးရွာဖွံ့ဖြိုးရေးတွင် လိုအပ်သော မီးရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းဟောင်းများ ပြုပြင်တူးဖော်ပေးနိုင်ရေး၊ ကျေးရွာချင်း ဆက်သွယ်သွားလာနိုင်သည့် တံတားတည်ဆောက်ပေးနိုင်ရေး၊ ကျောင်းသားဦးရေနှင့် ညီမျှသော ကျောင်းဆောင်တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာသန့်ရှင်းရေးနှင့် အမှိုက်စနစ်တကျစွန့်ပစ်နိုင်ရေးတွင် လိုအပ်သော အမှိုက်ပုံးများ ကူညီပေးနိုင်ရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇွန် ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀ ဒသမ ၃၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၆ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၆ ဒသမ ၉၄ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၆ ဒသမ ၇၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆၃ ဒသမ ၆၆ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃၀၂၀ ဒသမ ၆၀ သန်း ဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၃၀၆ ဒသမ ၇၂ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၄၆ ဒသမ ၆၄ သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၉၀ ဒသမ ၂၇ သန်းနှင့် စုစုပေါင်းပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၃၆ ဒသမ ၉၁ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၇၂ ဒသမ ၆၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၀၁ ဒသမ ၂၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၆၇၃ ဒသမ ၈၉ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၅၁၀ ဒသမ ၈၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၈၃၆ ဒသမ ၉၈ သန်း ဖြစ်ပေါ်ခဲ့ ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

✻ YBS-Airport မှ

မရပ်တဲ့အတွက် ခရီးသွားလာမှုအတွက် အချိန်ကုန်သက်သာစေမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေပေါ်မူတည်ပြီး အဆင်ပြေအောင်၊ အကောင်းဆုံးပုံစံဖြစ်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**နည်းနည်းများတယ်လို့မြင်**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ ကြီးကြပ်မှုဖြင့် Omni Focus ကုမ္ပဏီက တာဝန်ယူပြေးဆွဲပေးခြင်းဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်လုပ်ကိုင်သူ ရန်ကင်းမြို့နယ်နေ ဦးဇော်သိန်းက "ကျွန်တော့်အနေနဲ့ကတော့ လေဆိပ်ကနေ မြန်မာပလာဇာအထိ စီးလို့ရတယ်၊ အဲဒီကနေ နောက်ထပ်တစ်ဆင့် ပြောင်းပြီးစီးရမှာပါ။ အရင်တုန်းကတော့ လေဆိပ်ကနေ ဆယ်မိုင်ကုန်းအထိ ဟိုက်ဂျက်ကားလေးတွေကို နှစ်ရာပေးပြီးစီးရတယ်၊ အဲဒီကနေ YBS ကို နှစ်ဆင့်လောက် ထပ်စီးရတာပါ။ အခုတော့ အဆင်ပြေသွားပါပြီ၊ ဒါပေမယ့် နောက်ရက်တွေကျရင်တော့ ယာဉ်စီးခက ပုံသေ ငါးရာကျပ်ဆိုတော့ နောက်တစ်ဆင့်ကားပြောင်းစီးရမယ့် သူတွေအတွက်ကတော့ နည်းနည်းများတယ်လို့ မြင်ပါတယ်၊ ကျွန်တော်တို့လို အမြဲတမ်းစီးမယ့် လေဆိပ်ဝန်ထမ်းတွေအတွက် ဈေးနှုန်းတစ်ခု သတ်မှတ်ပြီး ကတ်စနစ်နဲ့လုပ်ပေးရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ ကြံခင်းစုရပ်ကွက်နေ ဦးကျော်မြင့်က "အရင်တုန်းကဆိုရင် လေဆိပ်ကနေ ဆယ်မိုင်ကုန်း၊ ဆယ်မိုင်ကုန်းကနေတစ်ဆင့် မြို့ထဲကို အဆင်ပြေတဲ့ ကားစီးပြီးသွားရတာပါ၊ နှစ်ဆင့်၊ သုံးဆင့်လောက်စီးမှ မြို့ထဲကိုရောက်ပါတယ်၊ အခုလိုပြေးဆွဲပေးတော့ တော်တော်အဆင်ပြေသွားပါတယ်၊ ယာဉ်စီးခ ပုံသေ ငါးရာကျပ်ဆိုတာကတော့ ကျွန်တော်တို့လို လေဆိပ်နားမှာနေတဲ့သူတွေအတွက် အဆင်ပြေပါတယ်၊ လမ်းတက် လမ်းဆင်းတွေအတွက်ကတော့ အနည်းငယ်များမယ်လို့မြင်ပါတယ်"ဟု ပြောသည်။

**တိုးချဲ့ပြေးဆွဲရန် စီစဉ်ထား**

စတင်ပြေးဆွဲရာတွင် ယာဉ်အစီးရေ ၃၀ ဖြင့် စမ်းသပ်ပြေးဆွဲပေးလျက်ရှိပြီး နောက်ပိုင်းတွင် ခရီးသည်စီးနင်းမှုအရ လိုအပ်ချက်များရှိပါက ယာဉ်အစီးရေ ၅၀ အထိ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။

ခရီးသည်များအတွက် ဝန်ဆောင်မှုအပိုင်းကို အဆိုပါကုမ္ပဏီက တာဝန်ယူ ပြေးဆွဲပေးလျက်ရှိသော YBS-၂၀၊ ၈၃၊ ၅၆ ယာဉ်လိုင်းများကဲ့သို့ ခရီးသည်များ စိတ်ကျေနပ်မှုရှိစေရန် ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း ဦးထွန်းတောက်ဝင်းက ဆိုသည်။

အဆိုပါယာဉ်လိုင်း၌ ပြေးဆွဲမည့် ယာဉ်များတွင် YBS တံဆိပ် ပါရှိမည်ဖြစ်သော်လည်း ယာဉ်လိုင်းနံပါတ် မပါရှိဘဲ Airport Shuttle Bus အမည်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ယင်းသို့ပြေးဆွဲရာတွင် ခရီးသည်များ၏ ခရီးဆောင်အိတ်များနှင့် လက်ဆွဲ အိတ်များအတွက် အခကြေးငွေပေးဆောင်ရန် မလိုသော်လည်း အနံ့အသက်ပြင်းသည့် အထုပ်အပိုးများနှင့် ကုန်စိမ်းကဲ့သို့ အိတ်များ၊ ခြင်းတောင်းများကို လုံးဝတင်ဆောင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ယနေ့ပြေးဆွဲရာတွင် သိရှိသူနည်းပါးသေးသည့်အတွက် ခရီးသည် လိုက်ပါစီးနင်းမှုမှာလည်း နည်းပါးလျက်ရှိကြောင်း၊ စီးနင်းလိုက်ပါသူ အများစုမှာ လေဆိပ်မှတ်တိုင်မှဖြစ်ပြီး ကြားမှတ်တိုင်များမှ စီးနင်းသူ နည်းပါးနေသေးကြောင်း Airport Shuttle Bus ယာဉ်မောင်း ဦးကျော်ကျော်ဝင်းက ဆိုသည်။

အဆိုပါ ယာဉ်လိုင်း၏ အသွားမှတ်တိုင်များအဖြစ် လေဆိပ်၊ (၈)မိုင်၊ နဝဒေး၊ ကမ္ဘာအေးဘုရား၊ လမ်းနီ၊ ဟန်မီးသစ်၊ ရွှေဂုံတိုင်၊ ဗဟန်း(၃)လမ်း၊ ကျောက်တိုင်မှတ်တိုင်၊ ယောက်လမ်း၊ ဆူးလေတို့ဖြစ်ပြီး အပြန်မှတ်တိုင်များအဖြစ် ဆူးလေ၊ ဘုတာကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ဗဟန်း(၃)လမ်း၊ ရွှေဂုံတိုင်၊ လမ်းနီ၊ ကမ္ဘာအေးဘုရား၊ နဝဒေး၊ (၈)မိုင်၊ လေဆိပ်တို့ ဖြစ်သည်။

အလားတူ ဖြတ်သန်းသွားလာမည့် လမ်းများမှာ လေဆိပ်အဝင်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်း၊ အလံပြဘုရားလမ်းနှင့် ဆူးလေဘုရားလမ်းတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲ နေသည့် YBS ယာဉ်လိုင်း ၉၆ လိုင်း အထိရှိပြီး ထပ်မံ၍လည်း ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်များကို အခြေပြု၍ ယာဉ်လိုင်းအသစ်များ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း YRTA အတွင်းရေးမှူး ဒေါက်တာ မောင်အောင်ထံမှ သိရသည်။ **သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ (WTC - 2018) သို့ တက်ရောက်




**နေပြည်တော် ဇွန် ၂၂**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်အဝေးပြေး ပို့ဆောင်ရေးအသင်းကြီး၏ ဖိတ်ကြားချက်အရ ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ (CNCC) ၌ ကျင်းပသည့် World Transport Convention 2018 (WTC - 2018) သို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ (WTC - 2018) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ညီလာခံနှင့် တစ်ဆက်တည်းကျင်းပသည့် Belt and Road International Transport Symposia (BRITS) သို့ တက်ရောက်၍ Belt and Road Initiative and Myanmar ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲ တက်ရောက်သူများ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားသည်။

အဆိုပါ ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ ၂၀၁၈ (WTC - 2018)သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး ညီလာခံနှင့်တစ်ဆက်တည်း သက်ဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ခေါင်းစဉ်ငယ် ၁၃ ခုခွဲ၍ သီးခြားစီ ကျင်းပခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ကိုရီးယားဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ASEAN-Korea Centre မှ Secretary General ဖြစ်သူ H.E. Mr. Lee Hyuk ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ASEAN-Korea Centre ၏ အတွင်းရေးမှူးချုပ်က နှစ်နိုင်ငံ ရင်းနှီးချစ်ခင်မှုများ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော ကိုရီးယားခရီးသွားဦးရေမှာ ယခုအခါတွင် ၆၅၀၀၀ ကျော်ခန့် ရှိလာနေပြီကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၎င်းအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ကိုရီးယားခရီးသွားဧည့်သည်များ ယခုထက်ပိုမို၍ လာရောက်ရန်မျှော်လင့်ပါကြောင်း၊ ကိုရီးယား ခရီးသွားဧည့်သည်များ လည်ပတ်စရာပေါများ၍ ဖော်ရွေသော မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုအခါတွင် အဓိကခရီးစဉ် ဒေသများအဖြစ် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး ခရီးစဉ်ဒေသလေးခုကို သတ်မှတ်ထားသော်လည်း မြိတ်ကျွန်းစုကဲ့သို့ ခရီးစဉ်နေရာအသစ်များ ရှာဖွေဖော်ထုတ်မြှင့်တင်သွားရန် အစီအစဉ်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက်ရည်ရွယ်ပြီး တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ လာရောက်မည့် ခရီးသွားဧည့်သည်များကို ပြည်ဝင်ဗီဇာလျှော့ပေါ့ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်လွန်ကဲသည့် မိုးလေဝသဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့မှုများဖြစ်ပေါ်လာနိုင်

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်လွန်ကဲသည့် မိုးလေဝသဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့်မြေယာဘဏ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပြောသည်။

ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ Kafe in Town ၌ ပြုလုပ်သည့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အကျိုးဆက်များအား အကောင်းဆုံးရင်ဆိုင်ဖြေရှင်းရန်အတွက် မြေယာဘဏ်ထားရှိရေးဆိုင်ရာ ကနဦးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ ၂၀၅၀ လောက်မှာ ပင်လယ်ရေမျက်နှာပြင်က အနည်းဆုံး တစ်ပေခွဲကနေ နှစ်ပေလောက်ထိတက်လာမယ်ဆိုတော့ တဖြည်းဖြည်းရေလွှမ်းလွင်ပြင်တွေ များလာမယ်၊ အနာဂတ်မှာ ကြုံတွေ့နိုင်တဲ့ ဘေးဒုက္ခတွေအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် မြေယာဘဏ်ကို နိုင်ငံတော်အနေနဲ့ စဉ်းစားပေးပြီး ရာသီဥတုကြောင့် အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ရမယ့် ကိစ္စမျိုးတွေအတွက် မြေနေရာကို ကြိုတင်အလေးထားပြီး ပြင်ဆင်သင့်တယ်ဆိုတာကို သုတေသနလုပ်ပြီး တင်ပြတာဖြစ်ပါတယ်"ဟု စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ပြောသည်။

နိုင်ငံတကာတွင် အစိုးရများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူလူထုအား ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် မူဝါများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ရာသီဥတုဒဏ် နှစ်စဉ်ခံနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြေယာဘဏ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပစိဖိတ်ကျွန်းစု၊ ပါပူဝါနယူးဂီနီ၊ တိုရီစထရိတ် နိုင်ငံများတွင်လည်း မဟာဗျူဟာများ ချမှတ်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။


ဇွန် ၁၃ ရက်က မြောက်ဦးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးသည့်နေရာများမှ ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ- ခရိုင်ပြန်/ဆက်)

မြေယာဘဏ်ဆိုသည်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားရသည့် ဒေသများမှ ရွှေ့ပြောင်းရမည့် ပြည်သူလူထုအတွက် မြို့ရွာများ ပြန်လည်တည်ထောင်ပေးရန် အစိုးရဝန်ကြီးဌာနတစ်ခုခုမှ တာဝန်ယူကာ အစိုးရပိုင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် အလှူရှင်များ လှူဒါန်းသည့် မြေများအား အစိုးရပိုင် ဗဟိုမြေယာဘဏ်အဖြစ် ကြိုတင်ရှာဖွေ စုဆောင်းသိမ်းဆည်းထားပေးသည့်ဘဏ်ဖြစ်ကြောင်း အစီရင်ခံစာအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်းဒေသများတွင် ရေရှားပါးမှုပြဿနာရပ်များ ကြုံတွေ့ရခြင်း၊ ကမ်းရိုးတန်းနေ ပြည်သူများ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်း၊ ရေလွှမ်းလွင်ပြင်များတွင် အခြေချနေထိုင်ရန် တစ်စတစ်စ ခက်ခဲလာခြင်း စသည့် အခြေအနေများကြောင့် အစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာပြောင်းရွှေ့မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာအမျိုးသားအဆင့် မြေယာဘဏ်ထားရှိရေး အယူအဆသည် အရေးကြီးသည့် မူဝါဒတစ်ခုဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ အစိုးရပိုင်မြေများအား ရာသီဥတုကြောင့် ရွှေ့ပြောင်းအခြေချမှုများအား ဖြေရှင်းရန်နှင့် မြေယာအငြင်းပွားမှုများအား ကာကွယ်တားဆီးနိုင်ရေးတို့အတွက် အရန်ထားရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှသိရသည်။

အစီရင်ခံစာတွင် အမျိုးသားအဆင့် မြေယာဘဏ်ပေါ်ထွန်းလာရေးအတွက် လုပ်ဆောင်သင့်သည်များကို အကြံပြုရေးသားထားပြီး ရာသီဒဏ်ခံဒေသများ ပေါ်ထွန်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်များနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ပေါ်ထွန်းရေး ဆက်စပ်မှုများကို ဖော်ပြထားသည့်အပြင် အစိုးရအနေဖြင့် ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်အလို့ငှာ သီးသန့်မဟာဗျူဟာများနှင့် ဥပဒေများရေးဆွဲ၍ ရွှေ့ပြောင်းအခြေချနေထိုင်ရနိုင်သည့်သူများအတွက် သင့်လျော်သည့် မြေနေရာများ ကြိုတင်သတ်မှတ်ထားသင့်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် မိမိဆန္ဒသဘောအလျောက် ကြိုတင်စီမံပြောင်းရွှေ့ခြင်းနှင့် မြေနေရာချထားပေးခြင်းစသည့် နည်းလမ်းများသည် ရာသီဥတုနှင့် ဆက်စပ်ရွှေ့ပြောင်းရမှုများအတွက် အကောင်းမွန်ဆုံး လူ့အခွင့်အရေးကို ရှေးရှုသည့် ဖြေရှင်းနည်းဖြစ်ပြီး မြေယာအလွဲသုံးစားပြုသူများနှင့် ငွေကြေးဆုံးရှုံးမှုများကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

ယခု ထုတ်ပြန်သည့် အစီရင်ခံစာသည် USAID၊ DISPLACEMENT SOLUTIONS နှင့် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ ရာသီဥတုပြောင်းလဲခြင်းနှင့် လွန်ကဲပြင်းထန်သော မိုးလေဝသဖြစ်ရပ်များကြောင့် ထိခိုက်နိုင်ခြေရှိသည့် ဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ ဒေသများသို့ သွားရောက်ကာ ပြုလုပ်ထားသည့် ကနဦးသုတေသနတွေ့ရှိချက်များကို ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ရာသီဥတုပြောင်းလဲမှုကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းအခြေချနေထိုင်သူများစာရင်းသည် ပဋိပက္ခဖြစ်ရပ်များကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများထက် သုံးဆခန့်ပိုများကြောင်းနှင့် အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကာ အာရှနိုင်ငံများတွင် ဖြစ်ပွားမှုမှာ စုစုပေါင်း ရွှေ့ပြောင်းရမှုများ၏ ၈၁ ရာခိုင်နှုန်းရှိကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

**သီသီမင်း**

# ရွှေပြည်သာမြို့နယ်တွင် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇွန် ၂၂**

ရွှေပြည်သာမြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရန် မူးယစ်ဆေးဝါး၏ အန္တရာယ်ကြီးမားပုံ၊ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံနှင့် ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ သုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာများ အပါအဝင် လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များကို အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ကောင်းစုံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြုလုပ်သော လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက ကောင်းစုံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**အနာဂတ်သားကောင်းရတနာ**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အနာဂတ်၏ သားကောင်းရတနာလေးများ မူးယစ်ဆေးဝါးဆိုသည့် အဆိပ်ပန်းအန္တရာယ်မှကင်းဝေးပြီး နိုင်ငံအတွက်အားကိုးအားထားပြုနိုင်သည့် သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်လာကြစေရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ဦးဆောင်ဆွေးနွေးပြီး မူးယစ်တပ်ဖွဲ့စု ၄၀ မှ ဒု-ရဲမှူးစိုးနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်နှင်း၊ ဒု-မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးဦးစံလင်းနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်အယ်နီးထာစိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ကောင်းစုံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော မူးယစ်ဆေးဝါးအထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသူများက ဌာနတွင်ပြသထားသော နံရံကပ် စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ကောင်းစုံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၈၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်သားမြို့၌ လူငယ်များ ဥပဒေအကြောင်း သိရှိစေရန် ပြည်သူ့စကားဝိုင်း ကျင်းပ

**မြစ်သား ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လူငယ်များအား ဥပဒေအကြောင်း သိကောင်းစရာများကို သိရှိစေရန် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက လုပ်အားကြေးမုံခန်းမ၌ ကျင်းပကြောင်း သိရသည်။



ပြည်သူ့စကားဝိုင်းတွင် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက "လူငယ်နှင့် ဥပဒေအကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

**လူငယ်နှင့်ဥပဒေ**

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည်တို့က လွှတ်တော်အကြောင်းအရာများနှင့် လွှတ်တော်အတွင်းဥပဒေပြုပုံ အဆင့်ဆင့်တို့ကို ဆွေးနွေးကြပြီး မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းက လူငယ်နှင့်ဥပဒေဆက်စပ်နေမှုများကို ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးက တရားဥပဒေစိုးမိုးရေးအကြောင်းနှင့် ဒုတိယမြို့နယ် တရားသူကြီး ဦးလှိုင်းဝေယံမြင့်က လူငယ်နှင့် ဥပဒေဗဟုသုတရေးရာများကို ဆွေးနွေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က အခွန်အခဥပဒေများနှင့် မြို့နယ်အခွန်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူက အထူးကုန်စည် အခွန်အခဥပဒေများကို ဆွေးနွေးသည်။

**မေးမြန်းဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသော ပြည်သူများက သိလိုသည့်ဥပဒေအကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆွေးနွေးခဲ့သည့် ဌာနဆိုင်ရာများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ပြည်သူ့စကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအသင်းများမှ လူငယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

❍ ကျောဖုံးမှ

၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုစစ်ဆေး ရွေးချယ်မှတ်သားကြရာ တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

အခြေခံဈေး ယူရိုငွေ ၄၀၀၀နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည်ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အချောထည်ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၁၅၀ အထိ၊ ဇွန် ၂၅ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁၁၅၁ မှ ၂၃၀၀ အထိ၊ ဇွန် ၂၆ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ၊ ဇွန် ၂၇ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၃၄၅၁ မှ ၄၆၀၀ အထိ၊ ဇွန် ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၄၆၀၁ မှ ၅၇၅၀ အထိ၊ ဇွန်၂၉ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၅၇၅၁ မှ ၆၇၉၅ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် မြန်မာနိုင်ငံအတွင်း တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဇွန် ၂၉ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၁ ပွဲ၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၄ ပွဲ၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရတနာပြပွဲ ၂၁ ပွဲ၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ရတနာပြပွဲ ၃၅ ပွဲ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၁ ပွဲ စုစုပေါင်း ရတနာပြပွဲ ၉၂ ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၁၉၆၄ ခုနှစ် ပထမအကြိမ်မှ ၁၉၉၃ ခုနှစ် အကြိမ်(၃၀)မြောက် ရတနာပြပွဲအထိ ရတနာပြပွဲ ၃၁ ပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ လည်းကောင်း၊ ၁၉၉၃ ခုနှစ် နှစ်လယ်ရတနာပြပွဲမှစ၍ ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် ရတနာပြပွဲအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ လည်းကောင်း၊ ၂၀၀၆ ခုနှစ် အထူးရောင်းချပွဲမှ ၂၀၁၀ ပြည့်နှစ် အထူးရောင်းချပွဲအထိ ရတနာပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ စတင်ပြောင်းရွှေ့ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ နိုင်ငံခြားငွေဖြင့်ရောင်းချသော ရတနာပြပွဲ ၁၃ ပွဲနှင့် ပြည်တွင်းသုံး ကျပ်ငွေဖြင့် ရောင်းချပွဲခြောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်းနှင့် ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် (၉၃)ပွဲ မြောက်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ရတနာကုန်သည်များ လာရောက်ကြရာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည် ၁၂၀၀ ကျော်နှင့် ပြည်ပ ရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်လျက်ရှိသည်။

**မော်စီ(သတင်းစဉ်)**

# မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်း ( MSDP)

သိမ့်သော်

**MSDP ဆိုသည်မှာ**

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်း (Myanmar Sustainable Development Plan- MSDP) သည် မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အလေးပေးလျက် တရားစီရင်ရေးစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းမှစ၍ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအထိ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးမည့် လုပ်ငန်းစဉ် ၂၅၀ ပါဝင်သည့် နိုင်ငံအတွက် အရေးကြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ တစ်နည်းဆိုသော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခု ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ဧပြီလမှစ၍ နိုင်ငံတော်အစိုးရ၏ သက်တမ်းနှစ်နှစ်တာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ယင်းသို့သော ကဏ္ဍအလိုက် စီမံကိန်းနှင့် အစီအစဉ်များစွာတို့ကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နိုင်ငံတော်အဆင့် ဖွံ့ဖြိုးမှုမဟာဗျူဟာတစ်ရပ် ရေးဆွဲထားခြင်း မရှိသေးပေ။ ထို့အပြင် လက်ရှိတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အများစုသည် ၎င်းတို့ လုပ်ဆောင်မည့် စီမံကိန်းများကို တင်ပြကြရာတွင် ဘဏ္ဍာငွေရရှိရေးအတွက်သာ အဓိကအဆိုပြုတင်ပြကြပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ ဆောင်ရွက်ရန် အဆိုပြုတင်ပြနိုင်ခြင်း မရှိသေးပါ။

ထို့အပြင် မည်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းများကို အစိုးရက လုပ်ဆောင်မည်၊ မည်သို့သော လုပ်ငန်းစီမံကိန်းများတွင် အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်ပြုမှု (Public-Private Partnership- PPP) ဖြင့် ဆောင်ရွက်မည်၊ မည်သည့် လုပ်ငန်းစီမံကိန်းများကို ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီကို ရယူဆောင်ရွက်သွားမည်စသည်ဖြင့် ပီပီပြင်ပြင် ခွဲခြားသတ်မှတ်ထားနိုင်ခြင်းလည်းမရှိပါ။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းရေးဆွဲချမှတ်မှုနှင့် လုပ်ငန်းစီမံကိန်းဆိုင်ရာ သတ်မှတ်ခွဲခြားမှု လုပ်ငန်းစဉ်များအကြားတွင် ချိတ်ဆက်မှု အားနည်းလျက် ရှိနေပါသည်။

ထို့ကြောင့် အစိုးရသက်တမ်း နှစ်နှစ်အကြာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ နေပြည်တော်တွင် ပထမဆုံးကျင်းပခဲ့သည့် ဖွံ့ဖြိုးမှုထိရောက်ရေးစကားဝိုင်း၌ ချမှတ်ထားပြီးသော မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်နှင့် စီမံကိန်းများအား ထိရောက်မှုရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး လက်တွေ့ဆောင်ရွက်ရမည့် အစီအစဉ်များ ပါဝင်သည့် MSDP ရေးဆွဲနေကြောင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က စတင်မိတ်ဆက်၍ ပြောကြားခဲ့ပါသည်။

**MSDP ရေးဆွဲခြင်းဆိုင်ရာ အခြေခံသဘောတရားနှင့် မူဘောင်**

MSDP ကို စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းနိုင်စွမ်းရှိသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် လိုအပ်သောမူဝါဒများနှင့် အဖွဲ့အစည်းများကို ကြောင်းကျိုးဆီလျော်စွာ ဆက်စပ်ပေးနိုင်ရန်ရည်ရွယ်၍ ရေးဆွဲပြုစုထားပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းနှင့် နိုင်ငံတကာစီမံကိန်း ကတိကဝတ်များအား မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိစေရန်၊ ရှင်းလင်းတိကျသည့် မူဝါဒလမ်းညွှန်ချက် ထောက်ပံ့ပေးနိုင်ရန်၊ ကဏ္ဍအလိုက်နှင့် အကြောင်းအရာအလိုက် စီမံကိန်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ၎င်းတို့ဘာသာ သီးခြားဆောင်ရွက်ခြင်းမျိုးမှ ရှောင်ရှားနိုင်ရန်နှင့် ပို၍မဟာဗျူဟာကျသည့် အမျိုးသားအဆင့်စီမံချက်များ ဖြစ်ပေါ်လာစေရန် စသည့်အဓိက ရည်ရွယ်ချက်များဖြင့် MSDP ကို ရေးဆွဲရခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ တစ်ကမ္ဘာလုံး ကြိုးစားအကောင်အထည်ဖော်နေသည့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs)၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဝါဒများဖြစ်သည့် အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ မဲခေါင်ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (GMSEC)စသည်တို့ရှိ မဟာဗျူဟာများနှင့်လည်း ကိုက်ညီအောင် ရေးဆွဲထားပါသည်။

**MSDP ၏ အဓိကမဏ္ဍိုင်နှင့် ပန်းတိုင်များ**

MSDP တွင် မဏ္ဍိုင်ကြီး သုံးခု၊ ပန်းတိုင် ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစဉ် ၂၅၀ တို့ဖြင့် ရေးဆွဲထားပြီး အဆိုပါ မဟာဗျူဟာ တစ်ခုချင်းစီအောက်တွင် စီမံကိန်း အကောင်အထည်ဖော်ရေး အစီအစဉ်များ ဖော်ထုတ်သတ်မှတ်ထားပြီး ဖြစ်ပါသည်။ ဤ MSDP၏ မူဘောင်သည် အဓိကမဏ္ဍိုင် သုံးခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားများနှင့် ကမ္ဘာမြေတို့ကို အပြည့်အဝ အလေးထား၍ မူတည်ထားခြင်း ဖြစ်ပါသည်။




> **MSDP သည် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ရေးဆွဲပြီးသား မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများအပေါ် ဆက်စပ်လွှမ်းခြုံပေးသော မူဘောင်တစ်ရပ် အဖြစ် ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။**

မဏ္ဍိုင် (၁)အရ ပန်းတိုင်(၁)- ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ပန်းတိုင်(၂) စီးပွားရေး တည်ငြိမ်မှုနှင့် macroeconomic စီမံခန့်ခွဲမှု ခိုင်မာစေရေးကို အဓိကထား ရေးဆွဲထားပြီး အလုပ်အကိုင် ဖန်တီးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်မှု တိုးတက်စေရေးဟူသည့် ပန်းတိုင်(၃) သည် မဏ္ဍိုင်(၂)နှင့် ကိုက်ညီစွာ ရေးဆွဲပြင်ဆင်ထားခြင်း ဖြစ်ပါသည်။အလားတူ ပန်းတိုင် (၄) လူသား အရင်းအမြစ်များနှင့် ၂၁ ရာစု လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပန်းတိုင်(၅) သဘာဝအရင်းအမြစ်များနှင့် အမျိုးသား အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည်လည်း မဏ္ဍိုင် (၃) နှင့် ကိုက်ညီစွာ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် MSDP သည် ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ဆက်စပ်ဆီလျော်မှုရှိပြီး ဝန်ကြီးဌာနအသီးသီးမှ ရေးဆွဲထားသော ကဏ္ဍဆိုင်ရာ စီမံကိန်းများအကြား ချိတ်ဆက်ပေးသည့်အပြင် ၎င်းတို့၏ နှစ်စဉ် အဆိုပြုရေးဆွဲထားသည့် စီမံကိန်းနှင့် ကာလလတ် စီမံကိန်းများနှင့်လည်း ပိုမိုဆက်စပ် လွှမ်းခြုံနိုင်မည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ အားလုံးကို ထည့်သွင်းရေးဆွဲထားပါသည်။ ထိုကဲ့သို့သော ခိုင်မာသည့် မူဝါဒရေးရာ ဦးတည်ချက်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားခြင်းဖြစ်ရာ ပန်းတိုင်တစ်ခုစီတွင် မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို အသေးစိတ်ချမှတ်ထားသည့်အတွက် ပန်းတိုင်တစ်ခုစီ၏အောက်တွင် မဟာဗျူဟာ တစ်ခုချင်းစီအလိုက် အောင်မြင်မှုရရှိစေရေး ဆောင်ရွက်ရန်မှာ အလွန်ပင်အရေးကြီးလှပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အရေးကြီးသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုသည်လည်း လွန်စွာအရေးပါလှပါသည်။

ထို့ကြောင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဌာနအဖွဲ့အစည်း တစ်ခုတည်းက လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အခြား သက်ဆိုင်သူများစသည့် ပါဝင်ဆောင်ရွက်ကြသူ အားလုံးတို့၏ ဆွေးနွေးညှိနှိုင်း တိုင်ပင်မှုများဖြင့် အားလုံး ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (Public Investment Program-PIP)**

MSDPကို အတည်ပြုပြီးပါက PIP ဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို မကြာမီကာလအတွင်း ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပထမအချက်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်နှင့် ဘဏ္ဍာငွေအရင်းအမြစ်အပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆောင်ရွက်ရာ၌ မည်သည့် စီမံကိန်းအား အစိုးရဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်၊ မည်သည့် စီမံကိန်းအား အစိုးရ- ပုဂ္ဂလိက မိတ်ဖက်ပြုမှု (PPP) ဖြင့်ဆောင်ရွက်မည်၊ မည်သည့် စီမံကိန်းအား တရားဝင် ဖွံ့ဖြိုးမှု အကူအညီများ (ODA) ဖြင့် ဖွံ့ဖြိုးမှု မိတ်ဖက်များပါဝင်၍ ဆောင်ရွက်မည် စသည်ဖြင့် သတ်မှတ်ရပါသည်။

ဒုတိယအနေဖြင့် စီမံကိန်းများကို မည်သည့် လုပ်ငန်းစဉ်နှင့် မဟာဗျူဟာများအရ မည်သို့ ဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားခြင်းဖြစ်ပြီး တတိယအချက်အနေဖြင့် စီမံကိန်း ရွေးချယ်မှုနှင့် ပတ်သက်သည့် စံနှုန်းအချို့သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ စီမံကိန်း ရွေးချယ်ရာတွင် ပထမဦးစားပေး၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးအဖြစ် ရွေးချယ်၍ မည်သည့်စီမံကိန်းကို ကာလရှည်ဆောင်ရွက်မည်၊ မည်သည့်စီမံကိန်းများအား ကာလလတ်နှင့် ကာလတိုဆောင်ရွက်မည် စသည်ဖြင့် သတ်မှတ်ရပါသည်။ အစိုးရဘတ်ဂျက်ဖြင့် စီမံကိန်းဆောင်ရွက်ပါက ဝန်ကြီးဌာနပိုင်းမှ နှစ်အလိုက်ဆောင်ရွက်မည့် စီမံချက်နှင့် နှစ်အလိုက် စီမံကိန်းများအတွက် ဘတ်ဂျက်များ ထိန်းညှိနိုင်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရပါသည်။

ODA ဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပြီး ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) သို့ တင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သည့် အချက်များနှင့်အညီ သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်သွားလိုသည့် စီမံကိန်းများဖော်ပြပါဝင်သည့် PIP ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရှင်းလင်းသည့် မူဝါဒဆိုင်ရာ ဦးတည်ချက်များနှင့် မဟာဗျူဟာကျစွာ ဆောင်ရွက်မည့် စီမံကိန်းများ ဖြစ်စေမည့်အပြင် စီးပွားရေးတိုးတက်လာနိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှုရရှိလာနိုင်မည် ဖြစ်ပါသည်။

MSDP သည် PIP ဖြင့်ဆောင်ရွက်မည့် စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံဖြစ် သကဲ့သို့ multi-year budgeting process အတွက်လည်း အခြေခံကောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။ ထို့အပြင် PPP စီမံကိန်းများမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို ပိုမိုမြှင့်တင်လာနိုင်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) ကို ထုတ်ပြန်ထားပြီးဖြစ်သဖြင့် နိုင်ငံအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှု အကူအညီများကို ပိုမိုရရှိလာစေမည် ဖြစ်ပါသည်။

**မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုနှင့် ရလဒ်**

MSDP သည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဘဝများ ပျော်ရွှင်ချမ်းမြေ့ပြီး လုပ်ငန်းကိုင်ငန်းများ အဆင်ပြေ အကျိုးရှိစေရေးအတွက် အခွင့်အလမ်းများကို အကောင်းဆုံးဖန်တီးပေးကာ ၎င်းတို့၏ အခက်အခဲများကို လက်တွေ့အကောင်အထည်ဖော်ရန် ဖြစ်နိုင်သည့် ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်ထားပါသဖြင့် ဤ MSDP သည် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ရေးဆွဲပြီးသား မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများအပေါ် ဆက်စပ်လွှမ်းခြုံပေးသော မူဘောင်တစ်ရပ်အဖြစ် ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

MSDP ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် အနာဂတ်တွင် စီမံကိန်းများနှင့် လုပ်ငန်းစီမံကိန်းများအကြား ပိုမိုဆက်စပ်ချိတ်ဆက်မိကာ သိရှိနားလည်လာမည်ဖြစ်ပါသည်။ ထို့အပြင်အနာဂတ်တွင် ပြောင်းလဲရန် မျှော်လင့်ထားသည့် စီမံကိန်းများ အဆိုပြုတင်ပြခြင်း၊ ဆောင်ရွက်မည့် စီမံကိန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်မှု နည်းလမ်းများနှင့် အကောင်အထည်ဖော်မည့်ဌာန၊ အဖွဲ့အစည်းများဖော်ထုတ်ခြင်းနှင့် ဘဏ္ဍာငွေအရင်းအမြစ်များ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုနားလည်လာမည်ဖြစ်ပါသည်။

ထိုသို့ ပုံမှန်လုပ်ငန်းစဉ်ကို ပြောင်းလဲလိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် ရှင်းလင်းသည့် မူဝါဒများ၊ မဟာဗျူဟာများရှိလာမည် ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် တိုင်းပြည်၏ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှုကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများကို အရှိန်အဟုန် မြှင့်တင်ပေးနိုင်မည် ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုအကူအညီများကိုလည်း ထိရောက်အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ဆောင်ရွက်ရန် သင့်လျော်သည့် ပြည်သူ့ဘဏ္ဍာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဘတ်ဂျက်ခွဲဝေမှုကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဘတ်ဂျက်ရေးဆွဲချမှတ်မှု လုပ်ငန်းစဉ်တွင်လည်း ထိရောက်မြန်ဆန်အကျိုးရှိလာမည် ဖြစ်ပါသည်။

သို့ဖြစ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် MSDP တွင် ပါဝင်သည့် မဟာဗျူဟာများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေး အစီအစဉ်များအားလုံးသည် ဒီမိုကရေစီစနစ်မှ ပေါ်ထွက်လာသည့် စီးပွားရေး အကျိုးကျေးဇူးများ၊ အသီးအပွင့်များအပေါ် အခြေတည်ထားခြင်းဖြစ်သည်ကို ကောင်းစွာအသိအမှတ်ပြုပါကြောင်းနှင့် ယင်းအချက်သည်ပင် အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်နေပြီး အဆိုပါရည်မှန်းချက် ပြည့်မီရန် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်း (MSDP) အား အတူတကွ အကောင်အထည်ဖော်ခြင်းဖြင့် သက်သေထူသွားမည်ဖြစ်ပါကြောင်း ပြည်သူသို့ အသိပေးဖော်ပြအပ်ပါသည်။ ။

# စာလေးတစ်ကြောင်းတော့ ရေးလိုက်ချင်သည်

သုငယ်

ဒီနေ့သည် ရုံးပိတ်ရက်လေးဖြစ်သဖြင့် ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် မနက်စာမုန့်သွားစားပြီး ပြန်လာကြသည်။ တောင်ဥက္ကလာအမျိုးသမီးနှင့် ကလေးဆေးရုံကြီးဘေးရှိ လမ်းလေးအတိုင်းဝင်၍ ဟိုအကြောင်း ဒီအကြောင်းပြောကာ လမ်းလျှောက်လာရင်း စာရွက်အဖြူလေးတစ်ရွက်ပေါ်တွင် “ဤရေမြောင်းသည် (၁၀)ရပ်ကွက်၏ အဓိကရေထွက်ပေါက်ဖြစ်သည်။ အမှိုက်မပစ်ခြင်းဖြင့် သင်ကူညီပါ။ ကူညီမှုအတွက် အထူးကျေးဇူးတင်ပါသည်” ဟူ၍ ရေးထားသော စာကို ဖတ်လိုက်မိသည်။ ဒီသတိပေးစာလေးသည် ကျွန်မဖတ်ဖူးသမျှ အမှိုက်နဲ့ပတ်သက်သော သတိပေးစာများထဲတွင် အထူးခြားဆုံးဖြစ်သည်ဟု ပြောရပေမည်။ ရေမြောင်းဘေးက အုတ်နံရံလေးပေါ်တွင် ပလတ်စတစ်လောင်း၍ကပ်ထားသော သတိပေးစာလေးကို ဖတ်ပြီးသည့်နောက် ကျွန်မရေမြောင်းကို သတိထားပြီး ကြည့်မိသည်။ ရေမြောင်းထဲတွင် အအေးဘူးခွံများ၊ ပလတ်စတစ်အိတ်များ၊ ဖော့ဘူးခွံများနှင့် များလှစွာသော အမှိုက်များ ဟိုနားတစ်စု၊ ဒီနားတစ်စု ပုံနေသည်ကို တွေ့ရသည်။ ရေမြောင်းသည် အနည်များနဲ့ ပိတ်လျက် အမှိုက်များဖြင့် နစ်မြုပ်နေသည်မှာ မြင်ကောင်းဖွယ်မရှိလောက်အောင်ပင် ဖြစ်နေလေတော့သည်။ ဤရေမြောင်းမှ ရေများစီးဆင်းရန် မလွယ်ကူတော့ပါ။ စာကပ်သည့်သူနှင့် လူတစ်စုသည် ဤရေမြောင်းကို မိုးမရွာခင် အမှိုက်များဆယ်ခြင်း၊ အနည်များရှင်းထုတ်ခြင်းများဖြင့် သန့်ရှင်းရေး ပြုလုပ်ကြပါလိမ့်မည်။ သူတို့သတိမထားလိုက်မိစဉ်အချိန်တွင်းမှာပင် ယခုကဲ့သို့ အမှိုက်များ ပြန်ပြည့်လာနိုင်သည်။ ကျွန်မတို့၏ ပတ်ဝန်းကျင်တွင် အမှိုက်သိမ်းသည့်လက်များထက် အမှိုက်ပစ်ချသည့်လက်များ ပိုများနေခြင်းကြောင့်ပင် ဖြစ်သည်။

ထိုသတိပေးစာလေးကို ဖတ်မိပြီးသည့်နောက်တွင် စာရေးပြီးကပ်သည့်သူ၏စိတ်သဘောကို တွေးမိပြန်သည်။ နေရာတော်တော်များများတွင် “အမှိုက်မပစ်ရ” ဟု ရေးထားသည့်သတိပေးစာသည် ဟိုနေရာ၊ ဒီနေရာ တွေ့မြင်နေကျ၊ ဖတ်နေကျဖြစ်သော်လည်း ယခုဖတ်ရသည့်စာတွင် အကျိုးအကြောင်းလေးဖြင့် သိမ်မွေ့စွာ ရေးသားထားသည်ကို သတိပြုမိသည်။ စနစ်တကျ အမှိုက်ပစ်ကြရန် တောင်းဆိုသည့်သဘောလည်း ဆောင်နေပြန်၏။ သတ်မှတ်ထားသော အမှိုက်ပုံ၊ အမှိုက်ပုံးရှိရာ နေရာသို့ အမှိုက်စွန့်ပစ်ရန် ဝန်လေးတတ်ကြပြီး အလွယ်တကူကြုံသည့်နေရာတွင် အမှိုက်ပစ်ချရန် ဝန်မလေးတတ်သူများကိုလည်း ကျွန်မတို့၏ပတ်ဝန်းကျင်တွင် တွေ့နေရသည်။ ပစ်ချခဲ့ကြသည့် အမှိုက်များကို သိမ်းဆည်းနေသည့်သူ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထား ဆောင်ရွက်တတ်သူများကိုလည်း လေးစားဖွယ် တွေ့ရပြန်သည်။

လမ်းကြား၏တစ်ဖက်တွင် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတည်ရှိပြီး တစ်ဖက်တွင် စည်ကားသည့် လူနေရပ်ကွက်လေးရှိပါသည်။ ရပ်ကွက်ထဲမှ ပစ်ချလိုက်ကြသောကြောင့် အမှိုက်များရေမြောင်းထဲတွင် စုပုံလာခြင်းလား၊ လမ်းသွားလမ်းလာများ ပစ်ချခဲ့ကြသောကြောင့် စုပုံလာခြင်းလားဟု စစ်တမ်းကောက်ရန်ခက်လှပေသည်။ ကျွန်မတို့၏ ပတ်ဝန်းကျင်တွင် “အမှိုက်မပစ်ရ”ဆိုသည့် သတိပေးဆိုင်းဘုတ်လေးကိုလည်း နေရာတိုင်းလိုလိုပင် ဖတ်ရပြန်သည်။ “အမှိုက်မပစ်ရ” ဟု ရိုးရိုးရေး၍ မရသောအခါ “အမှိုက်မပစ်ရ၊ တွေ့ရှိက ဒဏ်ငွေ တစ်သောင်း”ဟု အရှိန်နည်းနည်းမြှင့်ပြီး ရေးသည့်စာကို ဖတ်ရပြန်ပါသည်။ အမှိုက်ပုံမဟုတ်သော်လည်း အမှိုက်များ ပစ်ထားကြသည်မှာ အမှိုက်ပုံထက်ပင် များနေတတ်သည်ကိုလည်း တွေ့ရပါသေးသည်။

အမှိုက်ပုံ မဟုတ်သော်လည်း အမှိုက်များ များသည်ထက်များလာပြီး အမှိုက်စို၊ အမှိုက်ခြောက် ရောနှောကာ အနံ့အသက်ဆိုးများဖြင့် ပတ်ဝန်းကျင်ကို ကောင်းကောင်းကြီး နှိပ်စက်လျက် ရှိသည်။ ဒဏ်ငွေ ဆောင်ခိုင်းရန် အမှိုက်ပစ်သည့်သူကို ရှာမတွေ့သောအခါ သတိပေးစာခပ်ကြမ်းကြမ်းကို ဖတ်ရပြန်သည်။ “အမှိုက်မပစ်ရ၊ လူလိုသိပါ” ဟု သာသာနဲ့နာနာလေး ခံစားချက်အပြည့်ဖြင့် ရေးထားသည့်စာတစ်ကြောင်း ထွက်ပေါ်လာပြန်သည်။

မိုးရာသီရောက်ချိန်တွင် ရေမြောင်းများ၌ အမှိုက်များ ပိတ်ဆို့နေခြင်းကြောင့် ရေမစီးနိုင်တော့ဘဲ လူနေရပ်ကွက်များသို့ ရေကြီး၊ ရေလျှံလာပါတော့သည်။ ရေများ ပြည့်လျှံနေသည့်လမ်းမထက်တွင် ကားစီးရသည်မှာ သင်္ဘောစီးနေရသကဲ့သို့ ကားဘီးလှိမ့်လိုက်တိုင်း လှိုင်းထ၍ ကျန်ခဲ့လေတော့သည်။ အရှိန်လေးများပါရင် ရေပန်းလေးများပင် လှိမ့်သွားသည့်ကားဘီးလေးများနောက်သို့ ပြေးလိုက်လျက် မြင်ကွင်းတစ်မျိုးကြည့်ကောင်းနေသော်လည်း လမ်းဘေးတွင် လမ်းလျှောက်ရသူအဖို့ စိတ်မသက်သာဖြစ်ရပေသည်။ ရေဆိုးရေညစ်များ မိမိကိုယ်သို့စဉ်ခြင်းသည် ရွံစရာကောင်းပြီး အန္တရာယ်များလှသည်။ ရေဆိုးရေညစ်များတွင် ရောဂါပိုးမွှားများပါပြီး အရေပြားယားယံမှုများ ဖြစ်ပွားနိုင်သည်။ ရေဆိုး၊ ရေညစ်များကို ကောင်းမွန်စွာမစီးဆင်းစေဘဲ လမ်းမကြီးပေါ်နှင့် လူနေရပ်ကွက်အထိ ဆွဲခေါ်ထားကြသည်မှာ လူ့ပတ်ဝန်းကျင်မှုပင်ဖြစ်သည်။

ဖုံးအုပ်မထားသည့် အစားအသောက်များ၊ ယင်နားစာများကို စားမိလျှင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါသည် ကူးစက်ရောဂါတစ်မျိုးပင် ဖြစ်သည်။ ရောဂါဝေဒနာဒဏ်ကို ခံနိုင်ရည်မရှိသေးသည့် အနာဂတ်မျိုးဆက်လေးများ ကျန်းမာလှပစွာကြီးပြင်း လာစေရန် ကျွန်မတို့ ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အရေးကြီးဆုံး လုပ်ဆောင်ရန်လိုအပ်သည့် အရာတစ်ခု ဖြစ်သည်။ အမှိုက်သိမ်းသည့်သူက သိမ်းမြဲ၊ ကောက်သည့်သူက ကောက်မြဲ၊ ပစ်သည့်သူက ပစ်မြဲဆိုလျှင် အမှိုက်ကင်းစင်သည့်နေ့ ရောက်လာရန် ဝေးပေလိမ့်မည်

ကောင်းမွန်သော အဝတ်များ ဝတ်ဆင်ထားပြီး လှပစွာခြယ်သထားသော ခန္ဓာကိုယ်ပေါ်သို့ မြောင်းရေများ၊ လမ်းမပေါ်မှ ရေများစဉ်မည်ကို ကြောက်လှသကဲ့သို့ ကြုံသည့်နေရာသို့ အမှိုက်ပစ်ချရမည်ကို ရှက်ကြောက်တတ်လျှင် လှပသော လူ့ပတ်ဝန်းကျင်တစ်ခုကို ကျွန်မတို့ တည်ဆောက်နိုင်မည်။

မိုးရေများလျှင် လမ်းမပေါ်လျှံသည့်ရေသည်လည်း များလာသောကြောင့် ယာဉ်များမှာ ခရီးတွင်အောင် မမောင်းနိုင်ဘဲ ဖြည်းဖြည်းချင်း မောင်းကြရပြန်သည်။ ရေများခြင်း၊ မိုးအေးခြင်းကြောင့် ကားတစ်စီး စက်ချွတ်ယွင်းကာ ရပ်သွားခဲ့လျှင် နောက်ကားများလည်း ရှေ့ဆက်ရန် ခက်လေတော့သည်။ ထိုသို့ ဆင့်ကဲပြဿနာများသည် မြို့သူ မြို့သားများအနေဖြင့် ကြုံနေကျ အတွေ့အကြုံတစ်ခုပင်ဖြစ်မည် ထင်ပါသည်။ ရေဆိုးရေညစ်များရှိခြင်း၊ ရေမြောင်းပုပ်အနံ့များ၊ အနည်များမှ ခြင်များပေါက်ပွားကာ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါကဲ့သို့သော ရောဂါများကို သယ်ဆောင်၍ လူ့ပတ်ဝန်းကျင်သို့ ရောက်ရှိလာပြန်သည်။

ခြင်သယ်ဆောင်လာသည့် ဇီဂါဗိုင်းရပ်စ်အကြောင်းကို သတင်းဌာနများ၊ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ကျွန်မတို့ သိခဲ့ရသည်။ မိခင်လောင်းများနှင့် ရင်သွေးငယ်များ၏ လှပသည့်အနာဂတ်ကိုဖျက်ဆီးရန် ခြိမ်းခြောက်နေသည့် ဇီဂါဗိုင်းရပ်စ်သည်လည်း ခြင်မှကူးစက်နိုင်သောကြောင့် ခြင်ကိုက်မခံရအောင် ဂရုစိုက်သင့်ပါသည်။ မိုးဦးတွင် ရေမြောင်းများ မသန့်ရှင်းခြင်း၊ အနံ့ဆိုးများရှိခြင်းကြောင့် ယင်ကောင်များသည် ရောဂါပိုးများကို အလွယ်တကူ သယ်ဆောင်လာနိုင်သည်။ ဖုံးအုပ်မထားသည့် အစားအသောက်များ၊ ယင်နားစာများကို စားမိလျှင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါသည် ကူးစက်ရောဂါတစ်မျိုးပင်ဖြစ်သည်။ ရောဂါဝေဒနာဒဏ်ကို ခံနိုင်ရည်မရှိသေးသည့် အနာဂတ်မျိုးဆက်လေးများ ကျန်းမာလှပစွာကြီးပြင်းလာစေရန် ကျွန်မတို့ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အရေးကြီးဆုံး လုပ်ဆောင်ရန်လိုအပ်သည့် အရာတစ်ခုဖြစ်သည်။ အမှိုက်သိမ်းသည့်သူက သိမ်းမြဲ၊ ကောက်သည့်သူက ကောက်မြဲ၊ ပစ်သည့်သူက ပစ်မြဲဆိုလျှင် အမှိုက်ကင်းစင်သည့်နေ့ ရောက်လာရန် ဝေးပေလိမ့်မည်။

ကလေးငယ်များသည် လူကြီးများ၏အပြုအမူများကို စံနမူနာထား အတုယူတတ်ကြသည်။ ကလေးငယ်များ သတိထားမိအောင် ကျွန်မတို့ကိုယ်တိုင် အမှိုက်ပုံးထဲသို့ အမှိုက်စွန့်ပစ်ခြင်း၊ ကလေးများကို ကိုယ်တိုင်စွန့်ပစ်စေခြင်း၊ ထိုသို့ လုပ်ဆောင်ချက်များကို အသိအမှတ်ပြု၍ ချီးကျူးပေးခြင်းဖြင့် ကျောင်းများ၊ နေအိမ်နှင့် မိမိပတ်ဝန်းကျင်မှ ကလေးငယ်များကို လေ့ကျင့်ပေးမည်ဆိုလျှင် သန့်ရှင်းလှပသည့်နိုင်ငံကို ကျွန်မတို့ တည်ဆောက်နိုင်ပေမည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် နိုင်ငံကြီးသားပီသမှုသည်လည်း နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းတစ်ရပ်ပင်ဖြစ်သည်။ အမှိုက်ကောက်သောလက် မရှိခဲ့ရင်တောင် အမှိုက်ပစ်မချသောလက်ရှိခဲ့လျှင် အမှိုက်ကြောင့်ဖြစ်လာမည့် အကျိုးဆက်များကို ကျော်လွှားနိုင်ပါမည်။ ရေမြောင်းပေါ်တွင် ကပ်ထားသည့် နောက်စာတစ်ပိုဒ်မှာ

**“ချမ်းသာဖို့ ကျန်းမာဖို့လိုသည်”**
**အမှိုက်ပစ်တော့ မြောင်းပိတ်**
**မြောင်းပိတ်တော့ ရေမစီး**
**ရေမစီးတော့ ခြင်ပေါက်**
**ခြင်ပေါက်တော့ ခြင်ကိုက်**
**ခြင်ကိုက်တော့ ရောဂါဖြစ်**
**ရောဂါဖြစ်တော့ ဆေးကု**
**ကုမရတော့ သေ**
**သေတော့ စိတ်ဆင်းရဲ**
**ပိုက်ဆံကုန်**

ဟူ၍ ကရုဏာဒေါသဖြင့် ရေးထားသည့် စာကိုလည်း ယှဉ်လျက်ကပ်ထားသည်ကို တွေ့ခဲ့ရသည်။

ယခုအခါတွင် မြူနီစီပယ်မှ အမှိုက်များကို ရပ်ကွက်လမ်းများထဲအထိ လာရောက်သိမ်းဆည်းပေးသောကြောင့် အမှိုက်ပုံအထိ သွားပစ်ရန်မလိုတော့ပေ။ အမှိုက်ကားလာမည့်နေ့တွင် သတ်မှတ်အိတ်များ၊ လုံခြုံစွာ ထုပ်ပိုးထားသည့်အိတ်များဖြင့် အလုံချည်ပြီး အမှိုက်ထုပ်များ စု၍ ချထားလိုက်ကြသည်။ စည်ပင်မှ ဝန်ထမ်းများ၏ ကျေးဇူးကြောင့် အမှိုက်ပုံအထိ အထုပ်ဆွဲ သွားပစ်ရန် မလိုတော့ပေ။ အမှိုက်သိမ်းကားလေးဖြင့် တစ်လမ်းဝင် တစ်လမ်းထွက်ကာ အမှိုက်ထုပ်လေးများကို သိမ်းဆည်းသွားသည်။ ရုံးကပြန်ရောက်ရောက်ချင်း ရှိသမျှ အမှိုက်သိမ်းဆည်း၍ အမှိုက်ပုံသို့ အထုပ်ဆွဲပြီးသွားပစ်ရသည့် အလုပ်တစ်ခုကို ပခုံးပြောင်းယူသွားသော မြူနီစီပယ်မှ ဝန်ထမ်းများကို ကျေးဇူးတင်မိသည်။ ဂျပန်နိုင်ငံတွင် “အချိန်သည် ငွေ” ဟူသည့်ဆိုရိုးတစ်ခုရှိပါသည်။ အမှိုက်သိမ်းပေးသည့်သူများသည် ကျွန်မတို့အတွက် တန်ဖိုးရှိသည့်အချိန်များကို လက်ဆောင်အဖြစ် ပေးသွားကြသည်မှာ ကျေးဇူးတင်စရာကောင်းလှသည်။

တစ်နေ့ မီးဖိုချောင်တွင် ဟင်းချက်နေတုန်း အမှိုက်တစ်ထုပ် “ဝှီး”ခနဲ ဆင်းသွားသည်ကို မြင်လိုက်ရသည်။ ဘယ်အထပ်၊ ဘယ်အခန်းက ပစ်ချလိုက်သည်ကို ရှာရန် မလွယ်ကူပေ။ အမှိုက်ထုပ်လေးကိုင်ကာ ကျွန်မ တစ်လှာချင်းတက်ပြီး တစ်ခန်းချင်းစီ လိုက်မေးကြည့်မည် ဆိုရင်တောင် ဝန်ခံမည့်သူ တွေ့မည်မထင်ပါ။ ပစ်ချလိုက်သည့် အမှိုက်က သက်သေဆိုသော်လည်း ပစ်သူကို ရှာဖို့ အလွန်ခက်လှသည်။ နောက်နေ့မနက် အိပ်ရာက နိုးချိန်တွင် နှာခေါင်းထဲမှာ အပုပ်နံ့တစ်ခုရပြီး အန်ချင်နေမိသည်။ ပြတင်းပေါက်ကနေအောက်သို့ ငုံ့ကြည့်လိုက်သောအခါ ပုစွန်ခေါင်းတစ်ထုပ်ကို ခွေးများ ဝိုင်းဆွဲထားကြပြီး အပုပ်နံ့တွေ လှိုင်လှိုင်ထနေသည်ကို တွေ့ရသည်။ ယင်ကောင်တွေလည်း တဝီဝီနဲ့ အမှိုက်ထုပ်နားဝဲနေ၏။ အမှိုက်လာသိမ်းသည့်ရက်နဲ့ မတိုက်ဆိုင်လို့ ထင်ပါရဲ့၊ ကိုယ့်အခန်းထဲ နံမှာစိုးလို့ ဖြေရှင်းလိုက်တာ၊ အောက်ထပ်အခန်းနှင့် အနောက်ခြံကပ်လျက် လုံးချင်းအိမ်လေးတွေအထိပါ နံကုန်ကြတော့သည်။ “တိုက်ခန်းပေါ်က လူတွေ စည်းကမ်းမရှိကြဘူး”ဟု ဝါးလုံးရှည်ကြီးနဲ့ ရမ်းလေတော့ “ကျွန်မတို့အခန်းက မပစ်ပါဘူးရှင်”လို့ တစ်ကိုယ်ကောင်းဆန်ဆန် အမည်မခံဝံ့ဘဲ ကိုယ့်အထပ် ကိုယ်နေ၊ ကိုယ့်အခန်း ကိုယ်သော့ခတ်၊ ဘယ်သူတွေ ဘယ်အခန်းကမှန်း မသိသော်လည်း တစ်နေရာတည်း အခြေစိုက်နေရတဲ့ အလှာမတူ သံယောဇဉ်လေးနဲ့ ငြိမ်နေလိုက်မိသည်။ အနံ့က ဆိုးလေတော့ လေယူရာယိမ်းပြီး နီးစပ်ရာအိမ်ဝန်းကျင်တွေကို ဒုက္ခပေးနေလေတော့သည်။ အိမ်ရှေ့ကို အမှိုက်ထုပ်ချထားလိုက်ရုံလေး အမှိုက်သိမ်းပေးမည့်သူများရှိတာတောင် အလွယ်ပင် ပြတင်းပေါက်က အမှိုက်ထုပ်ပစ်ချနေကြတာကို မြင်ပြီး အံ့သြမိသည်။ သိပ်မကြာမီ တိုက်ခန်းရဲ့ ကြော်ငြာသင်ပုန်းမှာ “အမှိုက်မပစ်ချပါနဲ့။ လူလိုသိပါ၊ ကိုယ်ချင်းစာ” ဟု ဖတ်ရပြန်တော့ “သြော် ဒီတစ်ခါတော့ စာချိုးလေးနဲ့ ကဗျာတောင်ဆန်နေလေရဲ့”ဟု သဘောကျစွာပြုံးမိသည်။ ဒါပေမယ့် ဝှီးခနဲဆင်းသွားတတ်သည့် အထုပ်လေးကိုတွေ့ရတိုင်း ကျွန်မလည်း “နောက်ဖေးလမ်းကြားသည် အမှိုက်ပုံ မဟုတ်ပါ” ဟု စာလေးတစ်ကြောင်းလောက်တော့ ရေးလိုက်ချင်မိသည်။ ။

# မွန်ပြည်နယ် ရေကြီးရေလျှံမှုကာလအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လူမှုအဖွဲ့အစည်းများကို ကျေးဇူးတင်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား

**မွန်ပြည်နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားပုထိုးများအပါအဝင် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ဖြစ်ပေါ်ခဲ့သည့် အခြေအနေအပေါ် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမှု၊ ကူညီထောက်ပံ့ဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများကို မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

မော်လမြိုင်မြို့မှာ ဇွန် ၁၆ ရက် ညကနေစပြီး ဇွန် ၁၇ ရက် မနက် ၇ နာရီလောက်အထိ မရပ်မနား မိုးသည်းထန်စွာရွာတယ်။ မိုးရေချိန်က ၁၃ လက်မကျော်အထိများတယ်။ အဲဒီလိုနဲ့ ရုတ်တရက် ရေကြီးရေလျှံတယ်။ ရေကြီးရေလျှံဖြစ်တဲ့အခါမှာ ရပ်ကွက်တွေထဲမှာ ရေက ငါးပေခွဲ၊ ခြောက်ပေလောက်အထိ ရုတ်တရက်တက်တယ်။ တက်တဲ့အခါကျတော့ လူတွေရေလွတ်တဲ့နေရာကို ခိုလှုံရတယ်။

မိုးကြီးတာက မွန်ပြည်နယ်တစ်ခုလုံးဖြစ်တာ၊ မော်လမြိုင်တစ်ခုတည်းမဟုတ်ဘူး။ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးနဲ့ ပေါင် အဲဒီ ငါးမြို့နယ်မှာဖြစ်တယ်။ ရုတ်တရက်ကြီး ရပ်ကွက်တွေထဲမှာ ရေလျှံလာတော့ ရေဘေးကယ်ဆယ်ရေးစခန်းတွေ ၄၂ ခုအထိ ဖွင့်ခဲ့ရတယ်။ မြို့နယ်ငါးမြို့နယ်က စခန်း စုစုပေါင်း ၄၂ ခုမှာ လူဦးရေက ၈၂၆၃ ဦး ရှိခဲ့တယ်။ ညသန်းခေါင် မိုးရွာတယ်ဆိုတာကို ကျွန်တော်တို့ မနက်လင်းတာနဲ့ သိပြီး သိသိချင်း ချက်ချင်းသွားတယ်။

မွန်ပြည်နယ်က အမှန်မှာတော့ သဘာဝဘေးဖြစ်ပွားမှုနည်းတဲ့အထဲမှာပါတယ်။ နောက်ပြီး ရေကြီးရေလျှံမှုတွေဖြစ်ပွားမှုနည်းတဲ့အထဲမှာလည်း ပါတယ်။ ဖြစ်တော့ ဖြစ်တယ်၊ ဒီလောက်မဖြစ်ဘူး။ နောက်တစ်ခုက ပြန်စဉ်းစားကြည့်ရင် ကမ္ဘာကြီးက ပြောင်းလဲလာတာကို တွေ့ရတယ်။ မြန်မာပြည်တင်မဟုတ်ဘူး။ အခု ဒီကာလအတွင်းမှာပဲ အခြားဒေသတွေမှာလည်း မိုးတွေများတယ်။ ရုတ်တရက် ရေကြီးတယ်။ လူတွေသေကြတယ် စသည်ဖြင့် ဒီသတင်းတွေကလည်း အများကြီးရှိပါတယ်။ ကမ္ဘာ့အရပ်ရပ်မှာ ဒါတွေဖြစ်နေတယ်။ အဲဒီမှာ ရာသီဥတုပြောင်းလဲတာနဲ့ အမျှ သဘာဝဘေး မဖြစ်နိုင်ဘူးဆိုတဲ့နေရာ မရှိတော့ဘူး ဖြစ်သွားတယ်။ ဖြစ်ရင်လည်း သဘာဝဘေးမှာ အပြင်း၊ အပျော့ဆိုတာရှိတယ်။ ဖြစ်ရင်လည်း ခပ်ပြင်းပြင်းဖြစ်တယ်။ ဖြစ်လေ့မရှိတဲ့နေရာမှာလည်း ဖြစ်နိုင်တယ်ဆိုတာ သဘာဝတရားကြီးက ဖြစ်လာတာ။ ကမ္ဘာကြီးတစ်ခုလုံးက ပြောင်းလဲလာတာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့က စိုးရိမ်တယ်။

ဖြစ်လေ့ဖြစ်ထမရှိဘဲဖြစ်ရင် ကယ်ဆယ်ဖို့အတွက် အဆင်သင့်ဖြစ်ပါ့မလား။ ကျွန်တော်တို့မှာ စိတ်ပူရတယ်။ ဒါကြောင့် မိုးမလင်းသေးဘူး ဆက်သွယ်တယ်။ အဲဒီလိုပဲ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက များသောအားဖြင့် ကျွန်တော်တို့နဲ့ ချက်ချင်းချိတ်ဆက်တာတွေများတယ်။ လွှတ်တော်ကြီးကလည်း ကျင်းပနေတဲ့အချိန်ဖြစ်တော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စသည်ဖြင့် သူတို့တွေက လွှတ်တော်ထဲမှာ ရောက်နေတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကလည်း ဆက်သွယ်တယ်။ ကျွန်တော်ကလည်း သူ့ကိုဆက်သွယ်ပြီး သတင်းပေးတယ်။ ဒီတော့ သူသိတဲ့သတင်းပြောတယ်။ ကျွန်တော်သိတဲ့သတင်းပြောတယ်။ ကျွန်တော်တို့ အဲဒီကို အမြန်ဆုံးသွားမယ်ဆိုပြီး ရောက်အောင်သွားတယ်။ မိုးရွာတာတော့ နည်းလာတယ်။ ဒါပေမယ့် ငါးပေ၊ ခြောက်ပေ တက်ထားတဲ့အတွက်ကြောင့် ကယ်ဆယ်ရေးစခန်းတွေမှာ လူတွေက ရောက်နေပြီ။ ရောက်နေပြီဆိုတော့ ရောက်ရောက်ချင်း ကယ်ဆယ်ရေးစခန်းတွေကို သွားတယ်။ မိုးနည်းနည်းစဲလာတာနဲ့အမျှ ရေကလည်း ပြန်ကျသွားတယ်။ ဒီရေတက်တဲ့အချိန်နဲ့သွားတိုးတော့ ရေကထွက်ဖို့အတွက် မြစ်ထဲမှာ ဒီရေတွေက တောင့်ခံထားတာဖြစ်တယ်။ ဒီရေတက်တဲ့အချိန်က မနက်တစ်ခါ၊ ညတစ်ခါ အပြောင်းအလဲရှိတယ်။ မိုးတွေကလည်း ဆက်တိုက်ရွာတယ်။ ရပ်တယ်၊ ရွာတယ်ဆိုရင်တော်သေးတယ်။ ဆက်တိုက်ရွာလိုက်တော့ တောင့်ခံထားတဲ့ရေတွေကလည်းရှိတော့ ငါးပေ၊ ခြောက်ပေအထိ တက်သွားတယ်။

ဒါပေမယ့် မိုးနည်းနည်းစဲလာတယ်။ ရေက တဖြည်းဖြည်းပြန်ထွက်နိုင်တယ်။ အဲဒီအချိန်ကျတော့ တဖြည်းဖြည်းနဲ့ ပြန်ကျသွားတယ်။ အဲဒီမှာ ကျွန်တော်တို့က သင်ခန်းစာဘာရလဲဆိုတော့ ဒီလိုရေကြီးတဲ့အချိန်မှာ လူတွေကို အိမ်ကနေပြီးတော့ ခိုလှုံတဲ့နေရာရောက်ဖို့ လှေလိုတယ်။ ကျွန်တော်တို့ လှေကိုးစင်း မွန်ပြည်နယ်မှာ ပေးထားတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့ကလည်း သူလုပ်သင့်လုပ်ထိုက်တာလုပ်ထားတယ်။ ဘာလုပ်ထားသလဲဆိုတော့ ရေကြီးရေလျှံမှု အဖြစ်အများဆုံးက ဘီးလင်းနဲ့ ကျိုက်ထိုဒေသတွေဖြစ်တယ်။ အဲဒီကို လှေတွေပို့ထားတယ်။ ပို့လိုက်တော့ မော်လမြိုင်မှာ ရုတ်တရက် ရေကြီးတဲ့အခါမှာ မလုံလောက်တော့ဘူးဖြစ်နေတယ်။ အဲဒီသတင်းကို ကျွန်တော် ညကတည်းကကြားတဲ့အခါကျတော့ ချက်ချင်းပဲ ကျွန်တော်တို့သွားတာနဲ့ အရေးပေါ်လှေသုံးစင်းကို ရန်ကုန်ကနေ ပို့ခိုင်းလိုက်တယ်။ ကျွန်တော်တို့ရောက်ပြီး မကြာဘူး လှေလည်းရောက်လာတယ်။ ဘာပဲဖြစ်ဖြစ် သတိထားရမယ်။ သဘာဝဘေးဆိုတာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ အမြဲတမ်း အဆင်သင့်ဖြစ်ဖို့ဆိုတာ ကျွန်တော်တို့အတွက် သင်ခန်းစာရတယ်။ ဒါပေမယ့် ဒါကို အချိန်မီ လုပ်ဆောင်နိုင်ခဲ့တယ်။

နောက်တစ်ချက်က စခန်းမှာ ရေဘေးခိုလှုံဖို့ ရောက်နေတဲ့လူတွေရှိတယ်။ အဲဒီလူတွေအတွက် ချက်ပြုတ်ကျွေးမွေးဖို့ လိုတယ်။ အဲဒီအချိန်မှာ ပိုက်ဆံသွားပေးလည်း လုပ်လို့မရဘူး။ ဆန်သွားပေးလည်း ချက်စားလို့မရဘူး။ ချက်ပြုတ်ကျွေးမွေးဖို့အတွက်ကျတော့ မော်လမြိုင်မှာ လူမှုအဖွဲ့အစည်းတွေ အားကောင်းတယ်။ ရပ်ကွက်ထဲမှာလည်း စေတနာရှင်တွေရှိတယ်။ လူမှုအဖွဲ့အစည်းတွေနဲ့ ရပ်ကွက်က စေတနာရှင်တွေနဲ့ ပေါင်းပြီးတော့ ချက်ကျွေးတာတွေ လုပ်တယ်။ ကျွန်တော်တို့ သွားတဲ့အခါမှာ တချို့နေရာတွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

က ရေနည်းနည်းကျလို့ ပြန်သွားကြပြီ။ ကျွန်တော်တို့ ဇွန် ၁၇ ရက် ရောက်ပြီး ၁၈ ရက် မနက် ကယ်ဆယ်ရေးစခန်းတွေကို လိုက်ကြည့်တဲ့အခါမှာ တော်တော်များများက အိမ်ပြန်နေကြပြီ။ တချို့ ကြီးကြီးမားမားကျန်ခဲ့တဲ့နေရာတွေရှိတယ်။ ချက်ပြုတ်ကျွေးမွေးတဲ့ စေတနာရှင် လူမှုအဖွဲ့အစည်းတွေကို ငွေကြေးထောက်ပံ့ပေးပါတယ်။

အိမ်ပြန်လို့ ရသွားတဲ့နေရာတွေကျတော့ ကျွန်တော်တို့က တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့တယ်ဆိုတာ ရှိတယ်။ ဒါက ကျွန်တော်တို့ရဲ့ ကယ်ဆယ်ရေးရဲ့ နှုန်းထားဖြစ်တယ်။ ဝန်ကြီးဌာနက ဆောင်ရွက်ပေးတဲ့နှုန်းထားပါ။ တစ်ယောက်ကို ငွေကျပ် ၂၀၀၀ ဆို ၂၀၀၀ ပဲ၊ ကလေးလည်း ၂၀၀၀ ပဲ၊ လူဦးရေနဲ့ တွက်ပြီးတော့ ပေးပါတယ်။ ပြည်နယ်အစိုးရကို လူဦးရေနဲ့ မြှောက်ပြီးတော့ ၁၅၅ သိန်းကျော် တစ်ခါတည်း တစ်ပြိုင်နက်တည်း ထောက်ပံ့ပေးခဲ့ပါတယ်။

အဲဒီငွေတွေကို သက်ဆိုင်ရာကလည်း ပြည်သူလက်ဝယ်အရောက်ပို့ပေးပါလို့ ကျွန်တော်တို့ ပန်ကြားတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း လူ့အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ စည်းရုံးဆောင်ရွက်တယ်။ ချက်ချင်းပဲ အဲဒီနေ့ညနေမှာပဲ လူမှုအဖွဲ့အစည်းတွေနဲ့ အစည်းအဝေးလုပ်တယ်။ အစည်းအဝေးလုပ်ပြီးတော့ ကျေးဇူးတင်ကြောင်း ပြောတယ်။ လူမှုအဖွဲ့အစည်းကို ကျေးဇူးတင်တယ်။ ကျွန်တော်တို့မရောက်ခင် လူမှုအဖွဲ့အစည်းတွေ ရောက်နေပြီ။ ကျွန်တော်တို့ ရောက်သွားလည်း ကျွန်တော်တို့က အင်အားနည်းတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက တကယ်တမ်းဆို အင်အားနည်းပါတယ်။

ကျွန်တော်တို့ရဲ့လူမှုဝန်ထမ်းတို့၊ ကယ်ဆယ်ရေးတို့က ဝန်ထမ်းတွေကလည်း ပါဝင်ကူညီနေပါတယ်။ ဒါပေမယ့် လူဦးရေက နည်းနည်းလေး။ ဆယ်ဂဏန်းပဲရှိတယ်။ တကယ်တမ်းဆိုရင် အများကြီးလိုတယ်။ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ သူတို့နဲ့ နောက်တစ်ခါကျရင် ဒီထက်ပိုချိတ်ဆက်အားကောင်းအောင် ဆိုလိုတာက သူတို့ကို ချက်ချင်းပံ့ပိုးလိုက်မယ်။ အရင်တုန်းက လူမှုအဖွဲ့အစည်းတွေနဲ့ စည်းရုံးဆောင်ရွက်တယ်ဆိုပေမယ့် ချိတ်ဆက်မှုအားက မကောင်းသေးဘူး။ တကယ်တမ်း လက်တွေ့လုပ်ကြည့်တော့မှ သိတယ်။ ချိတ်ဆက်ဖို့ အားမကောင်းဘူး။ ချိတ်ဆက်အားကောင်းအောင် ကျွန်တော်တို့ဆောင်ရွက်တယ်။ ပိုပြီးတော့ ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ပါတယ်။

ရောက်တဲ့နေ့ ၁၈ ရက် ညနေကျတော့ စခန်းတွေ ပိတ်သိမ်းသွားပြီ။ နှစ်ခုလောက်ပဲ ကျန်တော့တယ်။ ၁၈ ရက်နေ့ ညနေမှာပဲ စခန်းတော်တော်များများ အကုန်လုံးက ပိတ်သိမ်းလိုက်နိုင်တယ်။ ပိတ်သိမ်းလိုက်နိုင်တယ်ဆိုတာ ဒီရေဟာ ရုတ်တရက်ကြီး တက်သွားပြီး နောက်ပြီးတော့ပြန်ကျသွားတယ်။ ဘာကြောင့် ပြန်ကျသွားလဲ။ မိုးဆက်မရွာလို့။ မိုးဆက်ရွာရင် ဆက်တက်ဦးမှာ။ ရေအထွက်ကျတော့ သိပ်ဒလဟောမဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာပြဿနာက အရင်တုန်းကလည်း မိုးက ဒီလိုမျိုးကြီးလေ့မရှိဘူး။ နောက်ပြီးတော့ တစ်နိုင်ငံလုံးမှာပဲ ဖြစ်နေတဲ့ အဖြစ်အပျက်ပဲ။ မြောင်းတွေရှိတယ်။ အိမ်ဆောက်တဲ့အခါမှာ စနစ်တကျ ရှေ့မှာမြောင်းရှိရမယ်။ ရေစီးရေလာကောင်းအောင် ရှိရမယ်။ အခု အဲဒီလိုမဟုတ်ဘူး။ တချို့အိမ်တွေမှာ ရေမြောင်းလုံးဝမရှိဘူး။ ရှိတဲ့ရေမြောင်းကလည်း အမှိုက်သရိုက်တွေနဲ့ ပိတ်ဆို့နေတယ်။ ရေတွေက ထွက်လို့မရ။ အဲဒီမှာ လျှံတက်လာတယ်။ ဒါမျိုးတွေရှိတယ်။ နောက်တစ်ခုက တချို့က နေရာထိုင်ခင်းခက်ခဲတော့ ဒီလိုပဲ ဟိုဆောက် ဒီဆောက်နဲ့ ပုံစံမကျ ဆောက်နေတာတွေလည်းရှိတယ်။ ပုံစံမကျဆောက်ထားတဲ့အတွက်ကြောင့် မြောင်းရှိရမယ့်နေရာမှာ မြောင်းမရှိဘူး။ တချို့မြောင်းတွေလည်း ပိတ်သွားပြီ။ ဒါမျိုးလေးတွေတော့ရှိပါတယ်။

ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့ ပြည်သူတွေနဲ့ ထိတွေ့တဲ့အခါမှာ ဒါကိုကျွန်တော်တို့ ရှင်းပြတယ်။ စနစ်တကျ နေရာလေးတွေပြန်ချရအောင်၊ ရေမြောင်းဆိုလည်း မြောင်းအတိုင်း ဖြစ်အောင်၊ မြောင်းဆိုလည်း ရေစီးရေလာကောင်းအောင် အမှိုက်သရိုက်တွေကိုလည်း ဒီလိုမျိုးမပစ်တော့ဘူး။ အားလုံးဝိုင်းဝန်းဆယ်မယ်။ အိမ်တွေလည်း အတည်တကျဖြစ်အောင် ပုံစံပြန်ပြီးတော့ချမယ်။ ပုံစံချတဲ့အခါမှ သာသည်နာသည် မတွက်ပါနဲ့။ ဒါပေမယ့် အဆင်ပြေအောင်တော့ ပြည်သူအတွက် အစိုးရက ဆောင်ရွက်ပေးရမှာပဲ။ ဒါကို ပူးပေါင်းပါဝင်ဖို့ လိုပါတယ်လို့ ကျွန်တော်တို့က စည်းရုံးပြီးတော့ ပြောရတာပေ့ါ။ အဲဒီလိုနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်။ ဒါက တစ်ပိုင်းပါ။

နောက်တစ်ခုက ဘုရားကိစ္စပါ။ အဓိက အရေးကြီးတာက ကုန်းတော်။ ဒီကုန်းတော်က ၂၀၁၃-၂၀၁၄ မှာ ချဲ့ထားတာရှိတယ်။ ချဲ့ထားတဲ့မြေအပိုင်းဘက်က ပြိုကျတယ်။ ပြိုကျတယ်ဆိုတာ အခုနကပြောတဲ့အထဲမှာ ပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရဲ့အောက်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ အောက်ခြေမြေမှာ အမှိုက်တွေလည်းများတယ်။ ဒီအမှိုက်တွေ၊ ပလတ်စတစ်တွေ ဒါတွေက ခံနေတော့ မြေကြီးချင်း ချိတ်ဆက်အားမှာ ဆွဲငင်အားမရှိတော့ဘူး။ မြေသားတွေ မခိုင်ခံ့ဘူး။ မိုးကလည်းများတဲ့အခါကျတော့ ပြိုလွယ်တယ်။ အိကျတယ်။ နောက်တစ်ခု အရေးကြီးတာကဘာလဲဆိုတော့ သာသနိက အဆောက်အအုံ ဘုန်းကြီးကျောင်းတွေဆောက်တယ်။ တစ်ပါးကျောင်းတွေရှိတယ်။ တစ်ပါးကျောင်းတွေကတော့ အကုန်လုံးပြိုသွားတယ်။ နှစ်ထပ်ကျောင်းဆောင်အသစ်နီးပါး တစ်ခုရှိတယ်။ သို့သော်လည်း အခုနကမြေတွေ ပြိုကျလာတဲ့အခါမှာ ကျောင်းကြီးက အက်ကွဲသွားတယ်။ တိုင်တွေပြုတ်ထွက်သွားတယ်။ ဆိုလိုတာက ကုန်းရဲ့ဘေးမှာ အဆောက်အအုံတွေဆောက်တဲ့အခါမှာ မြေတွေကို တူးဖော်ပြီးဆောက်ရတဲ့အတွက်ကြောင့် ကုန်းရဲ့ အောက်ခြေခိုင်ခံ့မှုက လျော့နည်းသွားတယ်။ ဒါက အင်မတန်အရေးကြီးပါတယ်။ အဆောက်အအုံတွေ ဆောက်တဲ့အခါမှာ သတိထားဖို့က လည်း အရေးကြီးပါတယ်။ နောက်က အမှိုက်တွေပစ်တယ်။ အမှိုက်တွေပစ်တော့ ဒီမြေကြီးထဲမှာ အမှိုက်တွေ၊ ပလတ်စတစ်စတွေကြောင့် မြေကြီးရဲ့သိပ်သည်းမှု မြေကြီးရဲ့ နဂိုရှိရမယ့်ဟာက မရှိတော့ဘူး။ မိုးရေများများကျတဲ့အခါမှာလည်း မခံနိုင်ဘူး။ ပြိုကျတယ်။ ဒါတွေအတွက်ကိုလည်း ဆက်လက်ဆောင်ရွက်ရမှာရှိပါတယ်။ မော်လမြိုင်မှာ အဓိက ရေကြီးတာနဲ့ပတ်သက်လို့ သင်ခန်းစာတွေ အများကြီးရတယ်။ ဆိုလိုတာက အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ဖို့လိုတယ်။ နေရာတိုင်းမှာ ရေစီးရေလာကောင်းဖို့ မြောင်းတွေဖော်ထုတ်ဖို့လိုတယ်။ ဒါဟာ ပြည်နယ်တစ်ခုလုံးမှာ ဆောင်ရွက်ရမယ်။ အစိုးရ၊ ပြည်သူနဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်လိုက်ရင် နောက်တစ်ခါ ဒီလိုမျိုး ကြုံမှာမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေရှိရင်၊ မြောင်းရှိရင် သူ့ဘာသာသူ ဆင်းသွားမှာပဲ။ အဲဒါလေး ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

**ဦးစိုးအောင်**
**ဒုတိယဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

ပြီးခဲ့တဲ့ ၁၇ ရက်က မိုးအဆက်မပြတ် ရွာသွန်းခဲ့တာကြောင့် မော်လမြိုင်၊ ရေး၊ သံဖြူဇရပ် စတဲ့ မြို့တွေနဲ့ ရပ်ရွာတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်တယ်။ မော်လမြိုင်မြို့မှာလည်း ၁၇ ရက်က မိုးအဆက်မပြတ် ရွာသွန်းတဲ့အတွက် မြို့ထဲမှာလည်း ရေကြီးရေလျှံမှုတွေ ဖြစ်တယ်။ မော်လမြိုင်မြို့ဆိုတာလည်း အတ္တရံမြစ်နဲ့ သံလွင်မြစ်ကြားမှာ တည်ရှိပြီး နှစ်ဖက်ကနေ ရေတောင့်တာတွေလည်း ရှိပါတယ်။ အဲဒီလိုရေတောင့်တာတွေရှိပြီး ရေဝင်ရေထွက်မကောင်းတဲ့အခါ မြို့ထဲမှာ ရေကြီးရေလျှံမှုတွေဖြစ်သလို မော်လမြိုင်မြို့ရဲ့အထင်ကရ တန်ခိုးကြီး ကျိုက်သလွံစေတီတော်မြတ်ကုန်းတော်မှာလည်း မြေပြိုမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒီမြေပြိုမှုတွေ ဖြစ်ဖြစ်ချင်းအချိန်မှာပဲ ပြည်ထောင်စုဝန်ကြီးက ချက်ချင်းသွားရောက်ခဲ့ပြီး ကူညီကယ်ဆယ်ထောက်ပံ့မှုတွေ၊ အရေးပေါ်ဆောင်ရွက်မှုတွေကို မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ လတ်တလော အရေးပေါ်ကယ်ဆယ်ရေးစခန်း ၂၆ ခု ဖွင့်ထားခဲ့တာရှိပါတယ်။ ဇွန် ၁၉ ရက် ညနေမှာတော့ စခန်းတွေအားလုံး ပိတ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။

ရေကလည်း တစ်ဟုန်ထိုးတက်တယ်။ မိုးစဲသွားတာနဲ့ ဖယ်ရှားမှုတွေ အမြန်ဆုံးလုပ်လိုက်တဲ့အခါမှာတော့ ရေက ချက်ချင်းကျသွားပါတယ်။ ရေကျသွားတာနဲ့ ရပ်ရွာပြည်သူလူထုအနေနဲ့လည်း မိမိအိမ်ကို ပြန်လည်နေထိုင်ပြီး မူလအနေအထားဖြစ်အောင် ဆောင်ရွက်ပါတယ်။ အဲဒါတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်သွားရောက်ပြီးတော့ ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ မော်လမြိုင်မြို့ တန်ခိုးကြီးဘုရား ကျိုက်သလွံစေတီတော်ကုန်းမြေ မြေပြိုသွားတာနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ပညာရှင်အဖွဲ့နဲ့ သွားရောက်ပြီး ဆန်းစစ်မှုတွေ၊ ဆွေးနွေးမှုတွေ၊ ထောက်ပံ့မှုတွေ လုပ်ခဲ့ပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပညာရှင်တွေနဲ့ အမြန်ဆုံးသွားရောက်ပြီး မြေပြိုမှုတွေကို ထိန်းသိမ်းနိုင်ဖို့ သွားရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉ ရက် မွန်းလွဲပိုင်းမှာပဲ ဘုရားကုန်းတော်ပေါ်မှာ ဂေါပကအဖွဲ့ဝင်တွေရယ်၊ ကရင်ပြည်နယ်လူမှုရေး ဝန်ကြီးရယ်၊ အခြားပညာရှင်အဖွဲ့တွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွေရယ်၊ ဒေသခံတွေနဲ့ ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့နောက် ပညာရှင်တွေရဲ့ သုံးသပ်ချက်အရ ချက်ချင်းရေပိတ်အောင်သုံးတဲ့ ဘိလပ်မြေတွေနဲ့ ရေမဝင်အောင်ပိတ်ဆို့တာတွေ၊ မသွားရမယ့်နေရာ သတ်မှတ်တာတွေ၊ ဆက်ပြီး မြေပြိုနိုင်တဲ့နေရာတွေမှာ မိုးရွာရင်ရေမစိမ့်အောင် တာပေါ်လင်စတွေနဲ့ ဖုံးအုပ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။


ဒုတိယဝန်ကြီး ဦးစိုးအောင်


ဦးမြင့်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်)

အဲဒါတွေ လုပ်ဆောင်ပြီးတာနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးကို သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံမှာ ကော်မတီဥက္ကဋ္ဌရဲ့လမ်းညွှန်မှုနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကနေ ဘုရားကြီးကုန်းတော် မြေပြိုမှုအတွက် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ကနဦးအနေနဲ့ ကျပ်သိန်းတစ်ထောင်ကို သွားရောက်လှူဒါန်း ထောက်ပံ့ပေးခဲ့ပါတယ်။ မော်လမြိုင်မြို့ရေကြီးရေလျှံမှု ချက်ချင်းဖြစ်တာနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ချက်ချင်းသွားရောက်ခဲ့သလို ကော်မတီကလည်း ကြီးကြပ်လမ်းညွှန်မှုတွေပေးတဲ့အတွက် အမြန်ဆုံး ထောက်ပံ့မှုတွေ၊ ကုန်းတော်ပြန်လည်မွမ်းမံဖို့အတွက် အဖွဲ့ဖွဲ့ခြင်းတွေ ဆောင်ရွက်ပါတယ်။ ပြည်နယ်ကလည်း သူ့အပိုင်းနဲ့သူ ဘဏ္ဍာငွေရရှိရေးကိစ္စတွေ၊ ပြုပြင်မွမ်းမံဖို့ ကော်မတီဖွဲ့စည်းခြင်းတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအနေနဲ့လည်း ဝန်ကြီးဌာနတွေက ပညာရှင်တွေရယ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနဲ့ ဘူမိဗေဒအဖွဲ့ စတဲ့ပညာရှင်တွေနဲ့အတူ မြေပြိုမှုတွေကို ထိန်းသိမ်းနိုင်ဖို့ ဆောင်ရွက်နေတယ်ဆိုတာကို ပြည်သူများသိအောင် ပြောကြားလိုပါတယ်။

**ဦးမြင့်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဇွန် ၁၆ ရက်ကစပြီး မိုးကြီးတယ်။ ရွာသွန်းတဲ့ မိုးရေချိန်ဟာ ၁၃ ဒသမ ၅ လက်မလောက်အထိ ရွာသွန်းခဲ့ပါတယ်။ ဒီလိုရွာသွန်းတဲ့ မိုးရေချိန်ကြောင့် ကျိုက်သလွံဘုရားကြီးရဲ့ အရှေ့မြောက်ထောင့်နဲ့ အနောက်ဘက်မှာ အက်ကွဲတာတွေ၊ မြေပြိုမှုတွေ၊ အနည်းငယ်ပြတ်ကျတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်ပေါ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးကနေပြီးတော့ ဝန်ကြီးဌာနအနေနဲ့ သွားရောက်စစ်ဆေးဖို့ မှာကြားတဲ့အတွက် ၁၈ ရက် နေ့လယ်မှာ ကျွန်တော်တို့အဖွဲ့တွေ နေပြည်တော်ကနေ မော်လမြိုင်ကိုသွားပါတယ်။ ၁၉ ရက် မနက် ၈ နာရီမှာတော့ မွန်ပြည်နယ်မှာရှိတဲ့ ဆောက်လုပ်ရေးအဖွဲ့တွေ၊ ဂေါပကအဖွဲ့တွေနဲ့အတူ ကျိုက်သလွံစေတီကုန်းတော်ရဲ့ ပျက်စီးမှုအခြေအနေကို ကြည့်ရှုခဲ့ပါတယ်။

အဓိကတွေ့ရှိချက်ကတော့ ကုန်းတော်ပေါ်မှာ မိုးများတဲ့အတွက် မိုးတွေဟာ ကုန်းတော်ပေါ်ကနေ အောက်ထဲကို စိမ့်ဝင်သွားတယ်။ အဲဒီလို စိမ့်ဝင်တဲ့အခါမှာ မူလရှိတဲ့ မြေကြီးရဲ့ဂုဏ်သတ္တိဟာ ရေနဲ့တွေ့တဲ့အခါ ကျဆင်းသွားတယ်။ ကျရောက်တဲ့ မိုးရေတွေဟာ ရေစီးကြောင်းဖြစ်ပြီး ဘေးကိုတွန်းထုတ်ပြီးတော့ အရှေ့မြောက်ဘက်က ညောင်ပင်ကြီးလဲကျတာကိုလည်း တွေ့ရှိရပါတယ်။ ညောင်ပင်လဲတဲ့အတွက် ညောင်ပင်က တောင့်ခံထားတဲ့ မြေသားတွေက ဆက်ပြီးတော့ တောင့်ခံမထားနိုင်တော့ဘဲ အပေါ်ပိုင်းမှာ အနည်းငယ် နိမ့်ကျတာတွေ၊ အက်ကွဲတာတွေ၊ မြေသားပြိုတာတွေ တွေ့ရပါတယ်။ အရှေ့မြောက်ထောင့်အောက်မှာရှိတဲ့ ဘုန်းကြီးကျောင်းတစ်ဝက်လောက်အထိ မြေတွေဖုံးပြီးတော့ မြုပ်သွားတာကို တွေ့ရပါတယ်။ စေတီတော်မှာ ဓာတ်လှေကားအနေနဲ့ အရင်က တပ်ထားတဲ့ ဓာတ်လှေကားအဟောင်းရှိပါတယ်။ အရှေ့ဘက်ကတော့ ဓာတ်လှေကားအသစ် တည်ဆောက်ထားတာဖြစ်ပါတယ်။ အရှေ့ဘက်ကပိုမြင့်ပါတယ်။ အရှေ့ဘက်က ပေ ၁၁၀ လောက်မြင့်ပြီးတော့ အနောက်ဘက်ဓာတ်လှေကားက ၆၅ ပေလောက် ရှိပါတယ်။ ဘုရားရင်ပြင်ပေါ်မှာ အက်ကွဲကြောင်းတွေ တွေ့ပါတယ်။

ဂေါပကအဖွဲ့ကလည်း ချက်ချင်းအက်ကွဲကြောင်းတွေကို ဘိလပ်မြေ၊ မဆလာတွေနဲ့ လုပ်ထားပြီး မြေကြီးထဲကို ရေထပ်မံဝင်ရောက်ရင် ပိုပြီး မြေပြိုမှာဖြစ်တဲ့အတွက် မိုးကာစတွေကို ဖုံးအုပ်ထားတယ်။ ကျန်တဲ့အပျက်အစီး အပိုင်းအစတွေကို ဖယ်ရှားထားတာတွေ တွေ့ပါတယ်။

မိုးတွင်းကာလမှာ ဒီဘုရားကုန်းတော်ကြီးကို ကောင်းအောင် ပြန်ပြင်ဖို့ဆိုတာ အချိန်ယူရမှာဖြစ်ပါတယ်။ မြေထပ်မံပြိုကျမှုကို တားဆီးဖို့ဆိုတာ ကျောက်စီနံရံလိုမျိုးတွေ ဆောင်ရွက်မယ်ဆိုပြီး ဆုံးဖြတ်ပါတယ်။ ပုံမှန်အတိုင်း ရေလမ်းကြောင်းတွေကောင်းအောင်၊ ရေတွေဝပ်မနေအောင်၊ ရေဆင်းကောင်းအောင် ဆောင်ရွက်ဖို့ ဂေါပကအဖွဲ့နဲ့လည်း ညှိနှိုင်းမှာကြားထားတယ်။ ရေရှည်လုပ်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနတင်မကဘဲ NGO အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံငလျင်ကော်မတီ၊ ဘူမိဗေဒပညာရှင်တွေကို ဖိတ်ကြားပြီး အသေးစိတ် ဘုရားကုန်းတော်ရဲ့ မြေအနေအထားကို စစ်ဆေးရမှာဖြစ်ပါတယ်။ စစ်ဆေးပြီးတော့ Soil Test ရဲ့ ရလဒ်အပေါ် မူတည်ပြီးတော့ ရေရှည်ကောင်းမွန်ဖို့အတွက် မြေကာနံရံတွေကို ဒီဇိုင်းလုပ်မှာ ဖြစ်ပါတယ်။

မြေကာနံရံတွေ တည်ဆောက်ပြီးတဲ့အခါမှာ ကုန်းတော်အတွင်းပိုင်းမှာရှိတဲ့ မြေသားတွေကို ပိုမိုပြီးတော့ အားကောင်းအောင် လိုအပ်တာတွေ ဆောင်ရွက်ပါမယ်။ ရင်ပြင်ပေါ်မှာ တချို့ ပျက်စီးတဲ့ သာသနိကဆောက်အအုံတွေကို ပြန်လည်ပြင်ဆင်ပါမယ်။

ဒါတွေကို ဆောင်ရွက်ဖို့အတွက် ပြည်နယ်အစိုးရကလည်း ပြည်နယ်အဆင့် ပြန်လည်ပြုပြင်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကလည်း နိုင်ငံတော်သမ္မတရုံးကို ဖွဲ့စည်းတဲ့စာ ပေးပို့ထားတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူး၊ ပြီးတော့ ကျန်တဲ့သက်ဆိုင်ရာအဖွဲ့တွေလည်း ပါတယ်။ အခု ကျိုက်သလွံစေတီတော်မြတ်ကြီးမှာလည်း လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဓိကတွေ့ရှိချက်တွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အစီရင်ခံစာ ပေးပို့ပြီးဖြစ်ပါတယ်။ အဓိက က ရင်ပြင်မှာ မိုးရေမဝင်အောင်၊ ရေဆင်းကောင်းအောင်၊ အက်ကွဲကြောင်းတွေမရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အမှိုက်တွေကို စနစ်တကျမစွန့်ပစ်တဲ့အတွက် အမှိုက်တွေကြောင့် မြေသားဟာ ရေစီးကြောင်းဒဏ်ကို မခံနိုင်တော့ဘဲ ပါသွားတာဖြစ်ပါတယ်။ နောက်တစ်ခုက အမှိုက်တွေ စွန့်ပစ်တဲ့အခါ ကြွက်တွေရောက်လာပြီး အောက်ကမြေကြီးကို ဖောက်တဲ့ အနေအထားရှိတဲ့အတွက် ဖြစ်ပါတယ်။

လောလောဆယ် မြေပြိုတာအများဆုံးဖြစ်တဲ့ အရှေ့မြောက်ဘက်ကို အရင်ဆုံး ဆောင်ရွက်မယ်။ အနောက်ဘက် အလယ်မုခ်ဦးကြီးက တိုင်တွေပြတ်ပြီးတော့ နိမ့်ကျတာကိုလည်း တွေ့ပါတယ်။ လှေကားထစ်တွေ အက်ကွဲတာတွေ တွေ့တဲ့အတွက် သေချာစစ်ဆေးပြီးတော့မှ ပြုပြင်မှာဖြစ်ပါတယ်။ အခု လက်ရှိအနေအထားမှာ ဓာတ်လှေကားကို မသုံးစွဲသေးပါဘူး။ သက်ဆိုင်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ပညာရှင်တွေကို ဖိတ်ခေါ်ပြီး သူတို့လည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနကလည်း ပေးအပ်တဲ့ တာဝန်ကို တာဝန်ယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရှင်မင်း၊ မွေးကြူဇင်**
**ဓာတ်ပုံ-ကျော်ရဲဆွေ**



# မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် အလှူငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၂**
မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီးဒေါ်စန်းစန်းယု မိသားစု၊ ပညာရေးဝန်ကြီးဌာန မိသားစုများက အလှူငွေကျပ် ၂၂၀၉၅၀၀ ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**✳ ဒလမြို့နယ်မှ**

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ နေ့စဉ်ဖြတ်သန်းသွားလာရာ၌ ရန်ကုန်မြစ်ရေလမ်းကြောင်းကို ဖြတ်သန်းပြီး အလုပ်လုပ်ကိုင်နေကြသော ဒေသခံပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ရေလမ်းကြောင်းခရီးသွားလာရေး ဘေးကင်းလုံခြုံမှုရှိစေရန် ရန်ကုန်ဝါးတားဘတ်စ် ခရီးစဉ်ကို ဒလမြို့နယ်အတွင်းရှိ ဆာပါချောင်ရပ်ကွက်၊ သမတကမ်းခြေရပ်ကွက်နှင့် အံ့ကြီးအရှေ့ရပ်ကွက်တို့ကို ခရီးစဉ်တိုးချဲ့၍ ပြေးဆွဲပေးခြင်းဖြစ်ပြီး ရန်ကုန်ဝါးတားဘတ်စ် (နှစ်ထပ်)သင်္ဘော၌ ခရီးစဉ်တစ်ခေါက်လျှင် ခရီးသည် စုစုပေါင်း ၁၀၃ ဦးခန့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

Yangon Water Bus မြစ်တွင်းခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမှ ပြည်သူများ လုံခြုံချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် သမတဆိပ်ကမ်းမှ ဗိုလ်တထောင်ဆိပ်ကမ်း၊ အံ့ကြီးဆိပ်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ နံနက်ပိုင်း ခရီးစဉ်တွင် နံနက် ၆ နာရီ မိနစ် ၂၀ မှစတင်ပြီး နံနက် ၉ နာရီခွဲအထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှ သမတဆိပ်ကမ်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ အံ့ကြီးဆိပ်ကမ်းတို့သို့ ညနေပိုင်း ခရီးစဉ်အဖြစ် ညနေ ၄ နာရီ မှ ည ၇ နာရီ ၁၀ မိနစ်အထိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Yangon Water Bus ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် Yangon Water Bus ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး လိုက်ပါစီးနင်းခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# အခမဲ့ နယ်လှည့်တီဘီရောဂါ ကွင်းဆင်းကုသ

**ဗန်းမော် ဇွန် ၂၂**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် နယ်လှည့်အခမဲ့ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့မှ ဒေါက်တာမျိုးမြင့်အောင် ဦးဆောင်သောအဖွဲ့က မန်စီမြို့နယ်အတွင်းရှိ တီဘီသံသယလူနာများ အခမဲ့ တီဘီရောဂါရှာဖွေကုသပေးခြင်းကို ဇွန် ၂၂ ရက်က ကုသပေးလျက်ရှိကြောင်း သိရသည်။

တီဘီသံသယရှိ လူနာများအား ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ပေးခြင်းနှင့် တီဘီရောဂါရှိသူများကို တီဘီဆေးဝါးများ ကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့က ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနှင့် အိန္ဒိယနိုင်ငံကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာပါလုပ်ငန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာပါ သက်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက UEHRD ပြည်ထောင်စုစီမံကိန်းပေါ်ပေါက်လာခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရသစ်တာဝန်ယူစကပင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လုံခြုံရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံသားဖြစ်ရေးလုပ်ငန်းကော်မတီ၊ နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီစသည့် ကော်မတီလေးခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် အင်တိုက်အားတိုက်ဖြင့် အာရုံစိုက်ပုံဖော်ဆောင်ရွက်လျက်ရှိသော်လည်း အခက်အခဲများစွာရှိပါကြောင်း၊ UEHRD ကတစ်ဆင့် မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များ၏ အကူအညီကိုရရှိခဲ့ပြီး ယင်းတို့ထဲက တစ်ခုအနေဖြင့် အိန္ဒိယက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် စုစုပေါင်း ၂၅ သန်း ထောက်ပံ့မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်အစိုးရကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများက အကျေအလည် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နားလည်မှုစာချွန်လွှာပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအသီးသီးမှ အဆိုပြုတင်ပြထားသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးက ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးပြောကြားသည်။ တင်ပြလာမှုများအပေါ် ဒုတိယဝန်ကြီး ဦးစိုးအောင်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် အမ်း-ပဒဲကြော-မအီ လမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဒဲကြောရွာအဝင် ကွန်ကရစ်တံတား၏ ကြံ့ခိုင်မှုနှင့် တံတားရေလမ်းကြောင်း အခြေအနေများ၊ မိုင်တိုင်အမှတ် ၂၁/၇ ပဒဲကြောရွာအနီးတွင် ရေတိုက်စား၍ Box Culvert ပျက်စီးသွားသဖြင့် ဆက်သွယ်မှုမပြတ်တောက်စေရန် ပေ ၉၀ အရှည် ယာယီဘေလီတံတား တည်ဆောက်နေမှု အခြေအနေများ၊ တောင်ကုတ်-မအီလမ်း မိုင်တိုင် ၃၁/၅ တွင် လမ်းရေကျော်၍ လမ်းသားပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတား အဝင်၊ အထွက်များတွင် ကမ်းကပ်ခုံနှင့် လမ်းတာပေါင်များ ရေတိုက်စားနေပါက ရေကာတန်းများ စနစ်တကျရိုက်၍ ရေလမ်းကြောင်းပြောင်းပေးရန်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် မြစ်ချောင်းများအတွင်း မြေစာများပို့ချ၍ ချောင်းမျက်နှာပြင်နှင့် မြစ်ကြမ်းပြင်များ မြင့်တက်လာသဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများပျက်စီးလာနိုင်မှုအခြေအနေတို့ကို ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။ ဆက်လက်၍ တောင်ကုတ်-သံတွဲ-ငပလီ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးသွားသော လမ်း၊ တံတားများအား ပြည်သူများ သွားလာနိုင်ရေးအတွက် အမြန်ပြုပြင်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဇွန် ၂၁ ရက်တွင် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်းတွင် ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ သုံးကီလိုမီတာနှင့် ၁၃ ကီလိုမီတာတွင် နိုင်မင်းကုမ္ပဏီမှ မြေထိန်းနံရံဆောင်ရွက်နေမှု၊ ၁၈ ကီလိုမီတာတွင် Box Culvert တည်ဆောက်နေမှု၊ ၉၉ ကီလိုမီတာနှင့် ၁၀၀ ကီလိုမီတာကြားတွင် Royal Golden Power Company မှ မြေထိန်းနံရံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာ့ဘဏ်အစီအစဉ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာများ မျှဝေပေးစေရန် ကွန်ကရစ်ဘိုးပိုင်လုပ်ငန်းများ သတ်မှတ်အနက်ရရှိသည်အထိ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် စေတနာထားဆောင်ရွက်ကြရန် မှာကြားခဲ့ကာ လမ်းကြောင်းတစ်လျှောက် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အောင်သူရ၊ ဟန်လင်းနိုင်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခြင်းနှင့် နတ်မြစ်အတွင်း ရေကြောင်း ကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်တွင် နယ်ခြားမှတ်တိုင် ၄၄ မှ ၄၅ အထိနှင့် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် နယ်ခြားမှတ်တိုင် ၄၅ မှ ၄၆ အထိ လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် နယ်ခြားမှတ်တိုင် ၄၆ မှ ၄၇ အထိနှင့် နယ်ခြားမှတ်တိုင် ၃၈ မှ ၃၉ အထိလည်းကောင်း၊ ဇွန် ၂၁ ရက်တွင် နယ်ခြားမှတ်တိုင် ၄၇ မှ ၄၈ အထိလည်းကောင်း မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များသည်နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ယခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၀ ကြိမ် စုစုပေါင်း ၄၇ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း ငါးကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်လှူဒါန်းခြင်းနှင့် ဟောပြောပွဲပြုလုပ်

**စစ်တွေ ဇွန် ၂၂**

အများပြည်သူများ စာပေဖတ်ရှုခြင်းအလေ့အထ တိုးပွားလာကာ စာဖတ်ရိုန်မြင့်မားလာစေရေးနှင့် ကျောင်းသားကျောင်းသူများ စာပေအသိပညာဗဟုသုတ ရင့်ကျက်ခိုင်မာလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသော စာအုပ်စာစောင်များကို ယနေ့ နံနက် ၁၀ နာရီက စစ်တွေမြို့နယ် ကံ့ကော်ကျွန်းကျေးရွာ ပညာအလင်းပြစာကြည့်တိုက်နှင့် ဝါဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းသည်။

အဆိုပါစာအုပ်များကို ရခိုင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဦးလှကျော်(ဗဂျီးကျော်)၊ အတွင်းရေးမှူး ဦးကျော်ဆန်း(လွန်းပြေအောင်) တို့က ကံ့ကော်ကျွန်းကျေးရွာ ပညာအလင်းပြစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ် ၅၀ နှင့် ဝါဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်သို့ စာအုပ် ၂၆၉ အုပ် လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံသည်။

ထို့ပြင် ရခိုင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဦးလှကျော် (ဗဂျီးကျော်)၊ အတွင်းရေးမှူး ဦးကျော်ဆန်း(လွန်းပြေအောင်)တို့က ဝါဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်များဖြင့် ကျောင်းသားကျောင်းသူများအား ဟောပြောကြသည်။

**ဝင်းမင်းစိုး (မြန်/ဆက်)**

# ဆက်သွယ်ရေးအော်ပရေတာ Mytel မှ နှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားဟုဆို

**ရန်ကုန် ဇွန် ၂၂**
မြန်မာနိုင်ငံ၏ လေးခုမြောက် ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် Telecom International Myanmar Company Limited (Mytel) သည် တစ်ဘီလီယံကျော် လက်ရှိရင်းနှီးမြှုပ်နှံထားပြီး နောက်ပိုင်းတွင် နှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထားကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

"Mytel နဲ့ပတ်သက်ပြီး အခုအချိန်မှာ တော်တော်များများက သိချင်နေကြတယ်၊ ဒါကြောင့် ဒီနေ့မှာ မီဒီယာနဲ့တွေ့ပြီး ဒီပွဲလေး စလုပ်တာဖြစ်ပါတယ်၊ ပထမအနေနဲ့ကတော့ အခွန်ပါပဲ၊ တိုင်းပြည်မှာအရေးကြီးတယ်၊ လူတိုင်းလည်း ဆောင်တယ်၊ ကျွန်တော်တို့လည်း ဆောင်ရပါတယ်၊ နောက်တစ်ခုက ဆားဗစ်ပိုင်းကို အကောင်းဆုံးလုပ်ထားတယ်၊ ပိုကောင်းအောင်လည်း လုပ်နေပါတယ်၊ ဒီနေ့အချိန်အထိ သုံးစွဲသူတစ်သန်းကျော်သွားပြီ"ဟု ဦးဇော်မင်းဦးက ပြောသည်။

ဖုန်းနံပါတ်နှင့်ပတ်သက်၍ဦးဇော်မင်းဦးက "ကျွန်တော်တို့ ဈေးကွက်ထဲဝင်တဲ့အချိန်မှာ ကျန်နေတဲ့နံပါတ်က ၀၉၆ ပဲ ကျန်တော့တာပါ၊ သူများတွေက ၀၉၇၀၉၈ နောက် ၀၉၇၉၊၀၉၇၇ အဲလိုပါပဲ၊ ကျွန်တော်တို့လည်း ၆၉ နဲ့စပြီး နောက်မကြာခင်မှာ ၆၈ ပြီးရင် ၆၇ လာမယ်၊ ပြီးရင် ၀၉၆၆ လာပါမယ်"ဟု ပြောသည်။

ထို့အပြင် Mytel အနေဖြင့် ပညာရေးနှင့်ပတ်သက်သည့် ကျောင်းများတွင်အင်တာနက်ရရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း Mobile Money နှင့်ပတ်သက်၍ မကြာခင်ဈေးကွက်ထဲ၌ တွေ့မြင်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ ဆက်သွယ်ရေးအော်ပရေတာ Mytel ကို မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကိုယ်စားပြု စတားဟိုက်ကုမ္ပဏီမှ ၂၈ ရာခိုင်နှုန်း၊ Myanmar National Telecom Holding Public ကုမ္ပဏီလီမိတက်မှ ၂၃ ရာခိုင်နှုန်းနှင့် ပြည်ပမှ ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**



# ရန်ကုန်ရွှေပိတောက်ငါးဈေးမှ တောင်ပေါ်နှင့် နယ်စပ်ဒေသမကျန် ရေချို၊ ရေငန်ငါးများ ပို့ဆောင်ဖြန့်ဖြူးလျက်ရှိ

**ရန်ကုန် ဇွန် ၂၂**
ရန်ကုန်မြို့သို့ နေ့စဉ်ဝင်ရောက်လျက်ရှိသော ရေချို၊ ရေငန်ငါးများကို မြို့ပြစားသုံးသူ ပြည်သူများနှင့် တောင်ပေါ် နယ်စပ်အထိ ဖြန့်ဖြူးရောင်းချတင်ပို့လျက်ရှိရာ ကြည့်မြင်တိုင်ငါးဈေးကြီးမှ ဖြန့်ဖြူးလျက်ရှိသည့်နည်းတူ သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိသော ရွှေပိတောက်ငါးဈေးမှလည်း နေ့စဉ်တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။



**အရောင်းအဝယ်ကောင်း**

ယခုလပိုင်းတွင် ငါးအချိန်လေးသောင်းကျော်၊ ငါးသောင်းခန့် ဝင်ရောက်ပြီး မိုးရာသီ ရေချိုငါးဝင်ရောက်မှုလျော့ကျ၍ ရေငန်ငါးဝင်ရောက်မှုမရှိသည့်အတွက် စားသုံးမှုများသော ငါးများမှာ ဈေးကောင်းရလျက် ရေချိုငါးအများစုမှာ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လကတော့အချိန် ခုနစ်သောင်း၊ ရှစ်သောင်းခန့် ငါးဝင်ပါတယ်၊ မိုးရာသီကာလတွင် ငါးဝင်ရောက်မှုနည်းပြီးတော့ စက်တင်ဘာလဆိုရင် ငါးဝင်ရောက်မှုများပါပြီ၊ သင်္ကြန်ကာလအထိ လှိုင်လှိုင်ပါပဲ၊ ရေချိုငါးဆိုရင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ တီလားဗီးယားနဲ့ ရေငန်ငါးမျိုးစုံ ဝင်ရောက်ပါတယ်၊ မိုးရာသီ ပင်လယ်ငါးဖမ်းမှုမရှိတော့ ရေငန်ငါးဝင်တာမရှိသေးဘူး၊ ဒီဈေးမှာတော့ ငါးဒိုင် ၄၀ နီးပါးရှိတယ်၊ ညနေ ၆ နာရီ ငါးဝင်ပြီးတော့ ည ၈ နာရီဆိုရင် အရောင်းအဝယ်စပါပြီ၊ ည ၁၂ နာရီဆိုရင် ရေချိုငါး အရောင်းအဝယ်ပြီးသွားပြီပေါ့၊ ဧရာဝတီတိုင်းဒေသကြီးက ရေချိုငါးတွေဝင်တာ များတယ်၊ ပင်လယ်ငါးရှိရင်လည်း ည ၁၂ နာရီနောက်ပိုင်းမှ အရောင်းအဝယ်ရှိပြီးတော့ နံနက် ၃ နာရီ ဆိုရင်ပြီးပြီ၊ ကြည့်မြင်တိုင်ငါးဈေးကတော့ ပိုပြီးကြီးမားတယ်၊ ရွှေပိတောက်ငါးဈေးက နယ်ကိုပို့တာများတယ်၊ တောင်ပေါ်ဒေသ၊ ရခိုင်နဲ့ မြစ်ကြီးနား၊ မူဆယ်အထိ ရောက်ပါတယ်"ဟုရွှေပိတောက်ငါးဈေးစည်ပင်သာယာဈေးတာဝန်ခံ ဦးထွန်းထွန်းက ပြောသည်။

၂၀၁၃ ခုနှစ်တွင် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးနှင့် ကပ်လျက်တွင် ရွှေပိတောက်ငါးဈေးကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် သုံးထောင်နှင့် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဒိုင်ဖွင့်ဈေးဖြင့် ဒေသအသီးသီးသို့ ဖြန့်ဖြူးတင်ပို့လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန်းစိုး၊ သန်းထိုက်**

## မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာများသို့ လက်တွေ့ကွင်းဆင်း

**နွားထိုးကြီး ဇွန် ၂၂**
မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် နွားထိုးကြီးမြို့နယ်အတွင်း ကွင်းဆင်းလေ့လာရန် ယနေ့မွန်းလွဲပိုင်းက နွားထိုးကြီးမြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့ကို ပါမောက္ခ ဒေါက်တာအောင်အောင် ဦးစီးပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပဉ္စမနှစ် ကျောင်းသား ကျောင်းသူ ၂၆၄ ဦး၊ ကြီးကြပ်သူ ဆရာ ဆရာမ ၂၄ ဦးတို့ဖြင့် စုဖွဲ့၍လာရောက်ခြင်း ဖြစ်ကြောင်း၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ညောင်ပင်၊ ခက်လန်း၊ ဇီးတော၊ လက်ပန်၊ ခံစပ်ကုန်း၊ ဒေါင့်ဘိုး၊ ဖလံကုန်း၊ အောင်ပန်းကုန်း၊ ဝက်လူး၊ ပဲချက်၊ တောဇောက်၊ မြဝတီကျေးရွာ ၁၂ ရွာတွင် အဖွဲ့ ၁၂ ဖွဲ့ခွဲကာ ယနေ့မှစ၍ ဇွန် ၂၆ ရက်အထိ ငါးရက်ကြာ ကွင်းဆင်းလေ့လာကြမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ ဆေးခန်းဆိုင်ရာ ပညာရပ်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ နှင်းရည်စိုးက ပြောကြားသည်။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများအပြင် ပညာပေးဟောပြောခြင်းနှင့် လူမှုစီးပွား အချက်အလက်ကောက်ယူခြင်းများလည်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**






## အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြီးတန်းဖိတ်ခေါ်ကရာတေးဒိုး ပြိုင်ပွဲဖွင့်

**ရန်ကုန် ဇွန် ၂၂**
၂၀၁၈ ခုနှစ် ပထမအကြိမ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြီးတန်းဖိတ်ခေါ် ကရာတေးဒိုးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံ၊ လေလုံ) အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဦးအောင်ဒင်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကြပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက အထက(၃)နှင့် အထက(၄) မင်္ဂလာတောင်ညွန့်ကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကလပ်အသင်းများ၊ ဝန်ကြီးဌာနအသင်းများ၊ ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းများ စုစုပေါင်းအသင်း ၂၇ သင်းမှ အားကစားသမား စုစုပေါင်း ၃၇၀ တို့က အကြီးတန်း Kata/ kumite ကီလိုတန်းလိုက်ပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများ၊ အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၂ နှစ်အောက် Kata/ kumite ပြိုင်ပွဲများ၊ Kata/ kumite အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အား/ကာ**

# အဏုမြူကင်းရှင်းဇုန် ဖော်ဆောင်မှု မြောက်ကိုရီးယား စတင်နေပြီဟုဆို



**ဝါရှင်တန် ဇွန် ၂၂**
မြောက်ကိုရီးယားနိုင်ငံသည် အဏုမြူလက်နက်ကင်းရှင်းဇုန် ဖော်ဆောင်မှုကို စတင်နေပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇွန် ၁၂ ရက် စင်ကာပူထိပ်သီးဆွေးနွေးပွဲတွင် သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့ သဘောတူညီမှုရရှိခဲ့သော်လည်း ဆွေးနွေးပွဲရလဒ်များအပေါ် ကမ္ဘာ့နိုင်ငံအချို့က သံသယပွားလျက်ရှိနေချိန်အတွင်း သမ္မတထရန့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ယင်း၏စမ်းသပ်ရေးစခန်းများအနက် အဓိကကျသော စခန်းတစ်ခုကို ဖျက်သိမ်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အဏုမြူလက်နက် ကင်းရှင်းရေးဇုန် ထူထောင်ရေးအတွက် အမှန်တကယ်ပင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သမ္မတထရန့်က ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ကုန်သွယ်ရေး ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ အိန္ဒိယနှင့် အမေရိကန် တွေ့ဆုံဆွေးနွေးမည်

**နယူးဒေလီ ဇွန် ၂၂**
သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ယူရန် အမေရိကန်ပြည်ထောင်စုက စီစဉ်ရာမှ နိုင်ငံတကာ ကုန်သွယ်ရေးစစ်ပွဲ အစပျိုးပေါ်ပေါက်လာနေချိန်အတွင်း အိန္ဒိယနိုင်ငံက အမေရိကန်မှ တင်သွင်းသော ထုတ်ကုန် ၂၉ မျိုးအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ယူမည်ဟု ထုတ်ပြန်ကြေညာလိုက်သော်လည်း နှစ်နိုင်ငံကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များသည် ဖြစ်ပေါ်နေသော ကုန်သွယ်ရေး ပဋိပက္ခနှင့် ပတ်သက်၍ ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ နယူးဒေလီ၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုန်သွယ်ရေးအရ မမျှတမှုများ ရှိနေသည်ဟုဆိုကာ သမ္မတ ဒေါ်နယ်ထရန့်က သွင်းကုန်ခွန် တိုးမြှင့်ကောက်ယူမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အမေရိကန်က သွင်းကုန်ခွန် တိုးမြှင့်ကောက်ယူမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယက အမေရိကန်မှ တင်သွင်းသော သံနှင့် သံမဏိ ထုတ်ကုန်များနှင့် အခြောက်အခြမ်းပြုလုပ်ထားသော ပဲမျိုးစုံအပါအဝင် ထုတ်ကုန်ပစ္စည်း ၂၉ မျိုးအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ယူရန်စီစဉ်ထားသည်ဟု အိန္ဒိယအစိုးရက ဇွန် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်လုပ် ကုန်ပစ္စည်းများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ယူမည့် အစီအစဉ်မှာ ဩဂုတ် ၄ ရက်တွင် စတင်အာဏာသက်ဝင်မည်ဟု အိန္ဒိယအစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

သွင်းကုန်ခွန် တန်ပြန်ကောက်ယူသည့် အစီအစဉ်ကို ဩဂုတ်လရောက်မှသာ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ရခြင်းသည် အမေရိကန်အစိုးရအနေဖြင့် နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသော ကုန်သွယ်ရေး အငြင်းပွားမှု ကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်နိုင်ရန် အချိန်ပေးလိုသည့် သဘောဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံစလုံးအနေဖြင့် ဝါဏိဇ္ဇပဋိပက္ခဖြစ်မှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)ထံ တင်ပြကာ ညှိနှိုင်းနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်**

# အေဒင်ပင်လယ်ကွေ့အတွင်းသို့ စစ်ရေယာဉ်များ အီရန်စေလွှတ်

**အစ္စတန်ဘူလ် ဇွန် ၂၂**
လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းမှစ၍ ယီမင်နိုင်ငံ အယ်လ်ဟူဒေဒါပြည်နယ်တွင် အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များအကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေချိန်အတွင်း အီရန်နိုင်ငံက ဇွန် ၂၂ ရက်တွင် အေဒင်ပင်လယ်ကွေ့သို့ စစ်ရေယာဉ်နှစ်စင်းကို စေလွှတ်လိုက်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အေဒင်ပင်လယ်ကွေ့သို့ အီရန်နိုင်ငံက ရဟတ်ယာဉ်တင်စစ်ရေယာဉ်တစ်စင်းနှင့် ဖျက်သင်္ဘောတစ်စင်းတို့ကို စေလွှတ်လိုက်ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် တက်စ်နမ်သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

မဟာဗျူဟာအရ အလွန်အရေးပါသည့် အေဒင်ပင်လယ်ကွေ့သည် အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်နီတို့ကို ချိတ်ဆက်ထားသည်။

ဟူသီသူပုန်များနှင့် ယီမင်အစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဇွန် ၂၀ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ ဦးဆောင်သည့် စစ်ရေးညွန့်ပေါင်းတပ်ဖွဲ့က ထောက်ခံအားပေးသည့် ယီမင်အစိုးရတပ်ဖွဲ့များက ဟိုဒေဒါမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကို သိမ်းယူခဲ့သည်။

ဟူသီသူပုန်များသည် ယီမင်နိုင်ငံတွင်းသို့ အီရန်နိုင်ငံမှ လက်နက်များမှောင်ခိုတင်သွင်းမှုပြုလုပ်နေသည်ဟု နိုင်ငံတကာ အသိအမှတ်ပြုခံရသော ယီမင်အစိုးရနှင့် ယင်း၏ မဟာမိတ်တို့က စွပ်စွဲခဲ့ကြသည်။

ဆင်းရဲနွမ်းပါးသော ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ်ကတည်းက စတင်ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့ရပြီး ရှီးယိုက်အနွယ်ဝင် ဟူသီသူပုန်များက မြို့တော်ဆာနားအပါအဝင် နိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံထားခဲ့သည်။

ယီမင်နိုင်ငံတွင်း၌ လက်နက်ကိုင်ပဋိပက္ခသည် ၂၀၁၅ ခုနှစ်တွင် ပိုမိုအရှိန်မြင့်တက်လာပြီး ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် ဆွန်နီအာရပ်မဟာမိတ်အဖွဲ့က ဟူသီသူပုန်များကို အီရန်နိုင်ငံက ကြိုးကိုင်လှုပ်ရှားမှု၌ ပါဝင်လှုပ်ရှားသူများအဖြစ် စွပ်စွဲကာ လေကြောင်းစီးနင်းတိုက်ခိုက်မှုများ အကြီးအကျယ်ပြုလုပ်ခဲ့ပြီး ယီမင်နိုင်ငံတွင် မူလအုပ်စိုးသူများ အာဏာပြန်လည်ရရှိရေးအတွက် ရည်မှန်းချက်ထားလုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့် နှစ်အနည်းငယ်က ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် ကူဝိတ်နိုင်ငံတွင် ယီမင်နိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် အောင်မြင်မှု မရရှိခဲ့ပေ။

**အေအက်ဖ်ပီ**






# အကြမ်းဖက်ခေါင်းဆောင်တစ်ဦးအား အင်ဒိုနီးရှားတရားရုံးက သေဒဏ်ချမှတ်

**ဂျကာတာ ဇွန် ၂၂**
အင်ဒိုနီးရှားတရားရုံးတစ်ရုံးက အကြမ်းဖက်ခေါင်းဆောင်တစ်ဦးအား နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းမှာ ထင်ရှားသည့်အတွက် ယနေ့သေဒဏ်ချမှတ်လိုက်ကြောင်း သတင်းများအရသိရသည်။

အာမန် အက်ဒူရာရ်မန်သည် အိုင်အက်စ်သွေးကြွအဖွဲ့ကို သစ္စာခံသည့် ဂျီမက်ရ် အန်ရှာရု ဒါအူလက်ရ်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သည်။

အာမန် အက်ဒူရာရ်မန်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော လူလေးဦးသေဆုံးခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် သေနတ်ပစ်ခတ်မှုအပါအဝင် အကြမ်းဖက်လုပ်ရပ်အများအပြားကို အကျဉ်းထောင်အတွင်းမှ ကြိုးကိုင်လှုပ်ရှားခဲ့ကြောင်း သိရသည်။

အာမန် အက်ဒူရာရ်မန်က သူ့အချုပ်ကျနေစဉ်အတွင်း ပြင်ပရှိသူ၏အဖွဲ့သားများကို အကြမ်းဖက်ဝါဒဖြန့်ကာ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်စေရန် အမိန့်ပေးစေခိုင်းခဲ့သည်ဟု တရားသူကြီးက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်အများအပြား ဖြစ်ပွားလျက်ရှိသည်။ လွန်ခဲ့သောလအတွင်းက ပါလီမန်အမတ်များသည် အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ရဲအရာရှိများနှင့် စစ်တပ်တို့တွင် အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ယခင်ကထက် လုပ်ပိုင်ခွင့်အာဏာ ပိုမိုရရှိစေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ



## ခရိုအေးရှား ၁၆ သင်းအဆင့်တက်ရန် လမ်းကြောင်းပေါ်ရောက်ရှိခဲ့ပြီး အာဂျင်တီးနားအသင်း ပြိုင်ပွဲမှ စောစီးစွာထွက်ခွာရန် နီးစပ်လာ

ခရိုအေးရှားအသင်းသည် အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့တာကြောင့် နောက်တစ်ဆင့်တက်ရန်လမ်းကြောင်းပေါ် ရောက်ရှိသွားခဲ့သော်လည်း အာဂျင်တီးနားအသင်းမှာမူ ပြိုင်ပွဲမှ စောစီးစွာထွက်ခွာရန်နီးစပ်လာခဲ့ပြီသည်။

အာဂျင်တီးနားအသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်တွင် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်တွင် ရီဗစ်၊ မိနစ် ၈၀ တွင် မိုဒရစ်၊ နာကျင်အချိန်ပိုတွင် ရာကီတစ်တို့က ဂိုးများသွင်းယူနိုင်ခဲ့ခြင်းကြောင့် ခရိုအေးရှားအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းသည် လက်ရှိနှစ်ပွဲကစားအပြီး အုပ်စုတွင် ရမှတ်ခြောက်မှတ်ရရှိထားသည့် အသင်းဖြစ်ပြီး အာဂျင်တီးနားမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ်တစ်မှတ်သာရရှိထားသည်။

အာဂျင်တီးနား၏ ယခုရှုံးပွဲသည် ၁၉၅၈ ခုနှစ်က ချက်ကိုစလိုဗက်ကီးယားကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားအုပ်စုအဆင့်တွင် အကြီးမားဆုံးသောရှုံးနိမ့်မှုဖြစ်ခဲ့ပြီး ခရိုအေးရှားအသင်းအတွက်မူ ဒုတိယအကြီးမားဆုံးသောနိုင်ပွဲဖြစ်လာခဲ့သည်။

## နာကျင်အချိန်ပိုသွင်းဂိုးများဖြင့် ဘရာဇီးအသင်း ကော်စတာရီကာကို အနိုင်ရ

ဇွန် ၂၂ ရက်ညပိုင်းရဲ့ အစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ဘရာဇီးအသင်းနဲ့ ကော်စတာရီကာအသင်းတို့ရဲ့ ပွဲစဉ်မှာ ဘရာဇီးအသင်းက နာကျင်အချိန်ပိုမှာ သွင်းယူခဲ့ကြတဲ့ သွင်းဂိုးတွေနဲ့ ကော်စတာရီကာအသင်းကို အနိုင်ရရှိခဲ့ပါတယ်။

ဘရာဇီးအသင်းနဲ့ ကော်စတာရီကာအသင်းတို့ဟာ သာမန်ပွဲကစားချိန်အတွင်း အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့အတူ အကြိတ်အနယ်ရှိခဲ့ပြီး သရေရလဒ်နဲ့ အဆုံးသတ်တော့မယ့်အနေအထား အရောက်မှာ ဘရာဇီးအသင်းက ကွင်းလယ်ကစားသမား ကော်တင်ဟိုနဲ့ တိုက်စစ်မှူးနေမာတို့ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ ပထမပွဲစဉ်မှာ ဆွစ်ဇာလန်အသင်းကို တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် လက်ရှိအချိန်မှာ လေးမှတ်ရရှိခဲ့ပြီဖြစ်ပါတယ်။ ကော်စတာရီကာအသင်းကတော့ ပထမပွဲမှာ ဆားဘီးယားကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်ရရှိထားခြင်းမရှိသေးပါဘူး။ ဒါကြောင့် ဘရာဇီးအသင်းဟာ နောက်တစ်ဆင့်တက်လှမ်းဖို့ အခွင့်သာသွားခဲ့ပြီဖြစ်ပါတယ်။

ဘရာဇီးအသင်းနဲ့ ကော်စတာရီကာအသင်းတို့ရဲ့ပွဲစဉ်မှာ ဘရာဇီးအသင်းဟာ ပေါ်လင်ဟို၊ ဝီလီယံနဲ့ ဂျီးဆပ်တို့ကို ထုတ်ပယ်ကာ ဖာမီနို၊ ဒေါက်ဂလပ်ကော်စတာ၊ ဖာနန်ဒင်ဟိုတို့ကို လူစားလဲခဲ့ပြီး အသင်းရဲ့လိုအပ်နေတဲ့ အနိုင်ရလဒ်ကို ရယူနိုင်ဖို့ ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘရာဇီးအသင်းဟာ လူငယ်ကစားသမားတွေရဲ့ ဦးဆောင်မှုနဲ့အတူ ဘောလုံးပိုင်ဆိုင်မှု ၇၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး စုဖွဲ့မှုအားကောင်းကောင်းနဲ့ တိုက်စစ်ဆင်ကစားခဲ့ပါတယ်။ ဒါပေမယ့် နာကျင်အချိန်ပိုရောက်မှသာ ဂိုးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဘရာဇီးဟာ လာမယ့်ပွဲစဉ်အဖြစ် ဆားဘီးယားအသင်းနဲ့ကစားရမှာဖြစ်ပြီး ကော်စတာရီကာကတော့ ဆွစ်ဇာလန်နဲ့ ကစားရမှာဖြစ်ပါတယ်။

## ဘယ်လ်ဂျီယံ နောက်တစ်ဆင့်တက်ဖို့အခွင့်သာမယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

**ဒီနေ့ညပိုင်းမှာ ကစားမယ့် ပွဲစဉ်တွေထဲမှာတော့ အခုကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့အသင်းတွေရဲ့ ပြိုင်ပွဲတွေလည်း ပါဝင်လို့နေပါတယ်။ လက်ရှိကမ္ဘာ့ဖလားမှာ တစ်ပြေးနေတဲ့ ဘယ်လ်ဂျီယံနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့သော ဂျာမနီတို့ဟာ နောက်တစ်ဆင့်တက်ဖို့အတွက် အခွင့်သာမယ့် အနေအထားမှာရှိနေလို့ ဒီပွဲနှစ်ပွဲကတော့ ပရိသတ်အာရုံကို ဖမ်းစားနိုင်ပါလိမ့်မယ်။**

**ဘယ်လ်ဂျီယံ-တူနီးရှား ည ၆း၃၀ နာရီ၊ ၂၃-၆-၂၀၁၈**

ဒီအုပ်စုမှာ ဘယ်လ်ဂျီယံနဲ့ အင်္ဂလန်တို့ကသာ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ နိုင်ပွဲကိုယ်စီရရှိထားတာကြောင့် သုံးမှတ်စီရယူထားနိုင်ပါသေးတယ်။ ဘယ်လ်ဂျီယံနဲ့ ကစားမယ့် တူနီးရှားကတော့ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာကြောင့် ရမှတ်ရထားခြင်းမရှိသေးပါဘူး။ လက်ရှိဒီအုပ်စုမှာ ဘယ်လ်ဂျီယံအသင်းဟာ အင်အားအတောင့်တင်းဆုံးအသင်းဖြစ်ပြီး တူနီးရှားကို အနိုင်ရပြီး နောက်တစ်ဆင့်တက်ဖို့ အခွင့်သာသွားမှာပါ။ ဒီနှစ်သင်းဟာ ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်အထိရှိထားခဲ့ပြီး ဘယ်လ်ဂျီယံက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပါတယ်။ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာလည်း ပနားမားအသင်းကို ဘယ်လ်ဂျီယံအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိ ထားတာပါ။ အဲဒါကြောင့် အရင် တွေ့ဆုံမှုအရဆိုရင် တန်ပြန်တုံ့ပြန်နိုင်မယ့်အခြေအနေရှိပေမယ့် လက်ရှိမှာ ဘယ်လ်ဂျီယံအသင်းဟာ ပြီတိန်အခြေစိုက်ထားတဲ့ ကစားသမားကောင်းတွေဖြစ်တဲ့ လူကာကူ၊ ဟာဇက်၊ ဒီဘရိုင်းတို့ကလည်း ခြေစွမ်းပြကစားနေတာကြောင့် တိုက်စစ်ပိုင်းအားသာချက်ရှိတဲ့ ဘယ်လ်ဂျီယံအသင်းကပဲ နိုင်ပွဲရယူသွားဖို့ရှိနေပါတယ်။

**တောင်ကိုရီးယား-မက္ကဆီကို ည ၉း၃၀ နာရီ၊ ၂၃-၆-၂၀၁၈**

အုပ်စု(F)မှာ တောင်ကိုရီးယားအသင်းဟာ အဖွင့်ပွဲစဉ်မှာ ဆွီဒင်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာဖြစ်ပြီး မက္ကဆီကိုကတော့ နာမည်ကြီး ဂျာမနီအသင်းကိုတောင် အနိုင်ကစားထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ မက္ကဆီကိုအသင်းက အဖွင့်ပွဲမှာ သုံးမှတ်အပြည့်ရထားတာကြောင့် ယုံကြည်မှုပြည့်ဝနေပြီး နောက်တစ်ဆင့်တက်ဖို့ ဒီပွဲစဉ်မှာ ပိုမိုအားစိုက်လာမှာဖြစ်သလို တောင်ကိုရီးယားအသင်းကလည်း မက္ကဆီကိုအသင်းကို အနိုင်ကစားနိုင်မှသာ နောက်တစ်ဆင့်တက်ဖို့အခွင့်အလမ်းရရှိမှာပါ။ အကယ်၍ မက္ကဆီကိုအသင်းကို အနိုင်ရခဲ့ရင်တောင် အုပ်စုအဆင့်နောက်ဆုံးပွဲမှာ ထပ်မံရုန်းကန်ရဦးမှာပါ။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်မယ်ဆိုရင် ငါးကြိမ်တွေ့ဆုံခဲ့ရာမှာ တောင်ကိုရီးယားက နှစ်ပွဲနိုင်၊ မက္ကဆီကိုက တစ်ပွဲနိုင်နဲ့ နှစ်ပွဲက သရေရလဒ် ထွက်ပေါ်ထားပါတယ်။ ဒီပွဲစဉ်ဟာ ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲစဉ်ဖြစ်ပြီး သမိုင်းကြောင်းအရတော့ တောင်ကိုရီးယားအသင်းက အားသာချက်ရှိပါတယ်။

**ဂျာမနီ-ဆွီဒင် နံနက် ၀၀း၃၀ နာရီ၊ ၂၄-၆-၂၀၁၈**

ဂျာမနီအသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ပေမယ့် အဖွင့်ပွဲစဉ်မှာ မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်မရသေးပါဘူး။ ဒါကြောင့် ဒီအုပ်စုမှာ နိုင်ပွဲကိုယ်စီရထားတဲ့ ဆွီဒင်အသင်းနဲ့ မက္ကဆီကိုအသင်းတို့က ဦးဆောင်နေပါတယ်။ ဂျာမနီအသင်းနဲ့ ဆွီဒင်အသင်းတို့ နောက်ဆုံးငါးကြိမ် တွေ့ဆုံမှုမှာ ဂျာမနီအသင်းက သုံးပွဲနိုင်ပြီး နှစ်ပွဲသရေကျထားကာ ဆွီဒင်အသင်းနိုင်ပွဲတစ်ပွဲမှရရှိထားခြင်းမရှိတာကိုလည်း တွေ့ရမှာပါ။ ဒါ့အပြင် လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ထိန်းဖို့အတွက်ဆိုရင်တော့ ထိပ်တိုက်တွေ့ဆုံမှုမှာ သမိုင်းအစဉ်အလာကောင်းခဲ့တဲ့ ဂျာမနီအသင်းအနေနဲ့ အနိုင်သုံးမှတ်ရအောင် ယူရတော့မှာပါ။ ဂျာမနီအသင်းမှာ အိုဇေးလ်၊ ခီဒီယာ၊ တိုနီခရုစ်၊ ဟမ်မဲ၊ ဘိုတန်တို့လို ကစားသမားကောင်းတွေရှိနေပြီး ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာဖို့ရှိနေတဲ့ ဂျာမနီအသင်း အနိုင်သုံးမှတ်ရယူဖို့ အားစိုက်လာမှာဖြစ်သလို ဆွီဒင်ကလည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ် အနားယူသွားတာကြောင့် မပါဝင်နိုင်တော့ပေမယ့် အသင်းရဲ့စုဖွဲ့မှုပုံစံကောင်းတွေကို ပြသထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုဟာ ပရိသတ်အာရုံကို ဖမ်းစားနိုင်မှာဖြစ်တာကြောင့် ဂျာမနီအသင်းအတွက် နိုင်ပွဲရရှိသွားမလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

ငွေကြယ် - ရေးသားသည်

## ကမ္ဘာ့ဖလား၌ ဆယ်ကျော်သက်အရွယ်ဖြင့် ဂိုးသွင်းနိုင်သည့် ပထမဆုံးပြင်သစ်ကစားသမား မက်ပီဖြစ်လာ

ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ပီသည် ပြင်သစ်အသင်းနှင့် ပီရူးအသင်းတို့၏ ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မက်ပီသည် ကမ္ဘာ့ဖလားတွင် ဆယ်ကျော်သက်အရွယ်ဖြင့် ဂိုးသွင်းနိုင်ခဲ့သည့် ပထမဆုံးပြင်သစ်ကစားသမားဖြစ်လာကြောင်း သိရသည်။

ပြင်သစ်အသင်းသည် မက်ပီ၏ ပွဲကစားချိန် ၃၄ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသော သွင်းဂိုးဖြင့် ပီရူးအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဆင့်တက်ရန် အခွင့်အလမ်းတစ်ရပ်ရရှိသွားခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး မက်ပီသည် လက်ရှိတွင် အသက် ၁၉ နှစ်အရွယ်သာရှိသေးပြီး အသက် ၂၀ မပြည့်မီ ကမ္ဘာ့ဖလားတွင် ဂိုးသွင်းယူနိုင်သည့် ၁၈ ဦးမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။ ဘရာဇီးဝါရင့်ကစားသမား ပီလီ၊ အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်၊ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီတို့မှာ အသက် ၂၀ မပြည့်မီ ကမ္ဘာ့ဖလားတွင် ဂိုးသွင်းနိုင်ခဲ့သည့် ကစားသမားများဖြစ်သည်။

ပီလီသည် ၁၉၅၈ ခုနှစ်က ဘရာဇီးအသင်းနှင့် ဝေးလ်အသင်းတို့ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး အဲဒီပွဲစဉ်ကစားစဉ်က အသက် ၁၇ နှစ်သာရှိသေးသည်။ တိုက်စစ်မှူး မိုက်ကယ်အိုဝင်မှာမူ ၁၉၉၈ ခုနှစ်က အသက် ၁၈ နှစ်အရွယ်တွင် အင်္ဂလန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ပွဲစဉ်၌ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီမှာ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် ဆားဘီးယားအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးသွင်းယူခဲ့ခြင်းဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ဖြင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။



# ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုရာမှ လူခြောက်ဦးထက်မနည်း သေဆုံး

**ဖားကန့် ဇွန် ၂၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ယနေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်ဝမ်းရပ်ကွက်အတွင်းရှိ ပန်းတင်တံတားအနီးတွင် လည်းကောင်း၊ အမှတ် ၁ လမ်းမကြီးဘေး တောင်ကမ်းပါးယံမှ အောက်ဘက်ရှိ လူနေအိမ်များသို့ လည်းကောင်း၊ မြို့ပတ်လမ်းရှိ ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် လည်းကောင်း၊ မြို့ဦးစေတီအတက်လမ်းတွင် လည်းကောင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာနောက်ဘက်ခြမ်းတွင်လည်းကောင်း၊ ဆိပ်မူအုပ်စုအတွင်းရှိ မော်ဂလုံကျေးရွာ၊ စွတ်အောင်ကျေးရွာနှင့် ဖားပြင်ကျေးရွာများတွင် လည်းကောင်း မြေပြိုကျမှုများဖြစ်ပွားပြီး လူခြောက်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

မြေပြိုမှုဖြစ်စဉ်များမှ မော်ဝမ်းရပ်ကွက်သစ်တောရုံးအနီး တောင်ကမ်းပါးယံမှ အောက်ဘက်ရှိ လူနေအိမ်များသို့ ပြိုကျသည့်ဖြစ်စဉ်တွင် လူနှစ်ဦး၊ စွတ်အောင်ကျေးရွာ မြေပြိုမှုတွင် လူသုံးဦး၊ ဖားပြင်ကျေးရွာ မြေပြိုမှုတွင် လူတစ်ဦး စုစုပေါင်း ခြောက်ဦးသေဆုံးကြောင်း လူမှုအဖွဲ့အစည်းများထံမှ သိရသည်။



မြေပြိုမှုဖြစ်ပွားရာနေရာများ၌ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးပြီး လမ်းများမပိတ်ဆို့ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ဖားကန့်မြို့နယ်အတွင်း ယမန်နေ့က မိုးရေချိန် ၃ ဒသမ ၁၅ လက်မ၊ ယနေ့တွင် မိုးရေချိန် ၄ ဒသမ ၅၅ လက်မရွာသွန်းကြောင်း သိရပြီး မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းများဖြစ်သည့် မြို့မရပ်ကွက် ကျောက်ဝိုင်းအတွင်းသို့ လည်းကောင်း၊ ၄က်ပျောတောရပ်ကွက် ကမ်းနားလမ်းဘက်ခြမ်းတွင် လည်းကောင်း၊ မရှီကထောင်ရပ်ကွက် အလကကျောင်းဘက်တွင် လည်းကောင်း၊ မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင်လည်းကောင်း ဥရုချောင်းရေများ ဝင်ရောက်လျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# FDA မှ ဒုတိယကြီးကြပ်ရေးမှူးကို သတ်သည့်တရားခံအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက သေဒဏ်အမိန့်ချမှတ်

**ရန်ကုန် ဇွန် ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဖြစ်ပွားခဲ့သော FDA မှ ဒုတိယကြီးကြပ်ရေးမှူးဖြစ်သူ ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်နေ မရွှေရည်ဝင်း(ခ)ရွှေရည် (၂၅)နှစ်အား သတ်၍ ပစ္စည်းများ ယူဆောင်ခဲ့သည့်အမှုမှ ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦး(ခ)ဆီဒိုးနားအား ယနေ့မွန်းလွဲပိုင်းက အရှေ့ပိုင်းခရိုင်တရားရုံးက သေဒဏ်အမိန့်ချမှတ်ခဲ့ကြောင်း သိရ သည်။

အဆိုပါအမှုမှာ ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် ဒဂုံ(မြောက်)မြို့နယ် ၃၃ တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း ငမိုးရိပ်ချောင်းဘေး ဖူဆယ်မိုးလုံလေလုံ အားကစားရုံအနီး ချောင်းရေကျော် တံတားအစပ်ရှိ ကုလားမန်ကျည်းပင်အောက်၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦး(ခ)ဆီဒိုးနားအား စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး အရှေ့ပိုင်းခရိုင် တရားရုံးသို့ ရာဇသတ်ကြီးပုဒ်မ ၃၉၄/ ၃၇၆/ ၃၇၇/ ၃၀၂ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ အရှေ့ပိုင်းခရိုင် တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်(၅၉/ ၂၀၁၈)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မျိုးဇော်ဦး(ခ)ဆီဒိုးနားအား သေဒဏ်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



သေဒဏ်အမိန့်ချမှတ်ခံရသူ မျိုးဇော်ဦး(ခ)ဆီဒိုးနား။

**ပွင့်သစ္စာ**

# နောင်ချိုမြို့အဝင် တိုးဂိတ်အနီး ခရီးသည်တင်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်နှင့် ပြစ်မှုကျူးလွန်သူများ ဖမ်းမိ

**နေပြည်တော် ဇွန် ၂၂**
မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် ညနေ ၅ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် မြင့်သူနှင့် မအေးဆိုင်မွမ်းတို့၏ ကော်ပုံးလေးပုံးနှင့် ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၆၆၀ (ဘိန်းဖြူအလေးချိန် ၇ ဒသမ ၂၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၈၀၀၀၊ ရွှေလက်ကောက် ခြောက်ကွင်း၊ MC ဟန်းချိန်းတစ်ခု၊ ရွှေဆွဲကြိုးတစ်ကုံး၊ ဆွဲသီးတစ်ခု၊ ရွှေလက်စွပ်လေးကွင်း၊ ရွှေနားကပ် တစ်ရံ၊ ငွေကျပ် ၁၀ သိန်းနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ည ၈ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ မနှင်းရီအား မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပင်မြို့ မြသီတာရပ်ကွက် နယ်မြေ ၃ နန်းချယ်ရီလမ်း နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။





မအေးဆိုင်မွမ်း၊ မြင့်သူနှင့် မနှင်းရီတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့ မြို့မ(ကွက်သစ်)ရပ်ကွက်နေ ကျဆော်နှင့် မနာပါး(ခ) လားဟူမတို့၏ နေအိမ်ကို ရှာဖွေရာ ကျဆော်အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၀၊ ငွေကျပ်ခြောက်သိန်းနှင့် ထိုင်းဘတ်ငွေ ၆၅၀၀၀ တို့ကို လည်းကောင်း၊ အလားတူ တန့်ယန်းမြို့ အမှတ် ၂ ရပ်ကွက် အုပ်စု ၁၃-ခ မန်မိုင်ဝကျေးရွာနေ စိုင်းထွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာသော လေယာဉ်တစ်စင်း လေဖိအားကြောင့် လေကာမှန်အက်ကွဲ လူထိခိုက်မှုမရှိ

**နေပြည်တော် ဇွန် ၂၂**
နေပြည်တော်မှ ရန်ကုန်သို့ ယမန်နေ့နံနက် ၈ နာရီ မိနစ် ၂၀ က ထွက်ခွာခဲ့သော FMI လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် ND-104၊ လေယာဉ်အမှတ် XY-AMH၊ ATR-72 လေယာဉ်သည် နေပြည်တော်လေဆိပ်မှထွက်ခွာပြီး မိနစ် ၂၀ ခန့်အကြာ အမြင့်ပေ ၁၆၀၀၀ ခန့်တွင် လေဖိအားကြောင့် လေယာဉ်၏ယာဘက်လေကာ မှန်အက်ကွဲခဲ့သော်လည်း ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ရန်ကုန်လေဆိပ်သို့ ကောင်းမွန်စွာဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်တွင် ကပ္ပတိန် ဦးမြင့်ခိုင်နှင့် လေယာဉ်အမှုထမ်း လေးဦး၊ ခရီးသည် ၂၂ ဦး၊ လုံခြုံရေးဝန်ထမ်း နှစ်ဦးတို့လိုက်ပါခဲ့ပြီး လေယာဉ်မှာ နံနက် ၉ နာရီ ၀၅ မိနစ်တွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဘားအံ-လှိုင်းဘွဲ့လမ်းတွင် အရှိန်မထိန်းနိုင်သည့်ယာဉ်က လမ်းဘေးဈေးဆိုင်များကို ဝင်တိုက်

**ဘားအံ ဇွန် ၂၂**
ဘားအံမြို့ အမှတ် ၉ ရပ်ကွက်တွင် ဇွန် ၂၁ ရက် ညပိုင်းက အရှိန်မထိန်းနိုင်သည့် ယာဉ်တစ်စီးက လမ်းဘေးရှိ ဈေးဆိုင်နှစ်ဆိုင်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယင်းနေ့ ည ၉ နာရီ ၄၅ မိနစ်က ဘားအံမြို့ အမှတ် ၉ ရပ်ကွက်တွင် မော်တော်ယာဉ်တစ်စီးက ဈေးဆိုင်နှစ်ဆိုင်ကို ဝင်ရောက်တိုက်မိကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်း နယ်ထိန်းအဖွဲ့က သွားရောက်စစ်ဆေးရာ မဲဘောင်မီးပွိုင့်ဘက်မှ လှိုင်းဘွဲ့ဘက်သို့ ယာဉ်မောင်း စိန်သိန်း(၂၈)နှစ် ဇရပ်ဖြူ အမကကျောင်း(အထွေထွေလုပ်သား) လှာကာကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်သည် ဘားအံ-လှိုင်းဘွဲ့လမ်း သစ်သီးရောင်းချသည့် ဈေးတန်းအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ရှိ မရင်ရင်မင်း (၃၉)နှစ် ဘားအံ-လှိုင်းဘွဲ့လမ်းနေသူ၏ သစ်သီးဆိုင်ကိုတိုက်မိခဲ့ပြီး မယုယုခိုင်(၄၀)နှစ် ဘားအံ-လှိုင်းဘွဲ့လမ်းနေသူရောင်းချသည့် ဈေးဆိုင်တို့ကို ဝင်ရောက်တိုက်မိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း စိန်သိန်းအား အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကိုဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၈ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်း တန်ဖိုး ငွေကျပ် ၁ ဒသမ ၆၆၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၅၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၂၁၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Refined Sugar (1x50kg) (185 Bags) (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၉၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၆-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ Weekly Sports Info
- ၈း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၄)
- ၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၄၃)
- ၉း၁၅ "News Watch TV"
- ၉း၃၀ "မြစ်မခမီဒီယာ" (စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့)
- ၁၀း၃၀ လုံမမှတ်စု (အပိုင်း-၄၁)
- ၁၀း၄၅ ကဗျာရိပ်မြုံ "ဆရာဘယ်သူလဲ"
- ၁၁း၀၀ NHK Program "အစိတ်အပိုင်းလေးတွေက ပုံစံတူတွေလုပ်နိုင်လား"
- ၁၁း၁၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "ပျားရည်"
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၆)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ)
- ၁၃း၄၀ "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ဦးခင်ဇော်)

**ညပိုင်း**

- ၁၅း၄၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဇွဲကပင်ယူနိုက်တက် FC Vs ရတနာပုံ FC)
- ၁၇း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၂၀ ဇာတ်လမ်းအတိုအထွာပြုံးစရာ "ပြုံးပြုံးလေး" (ဆလိုင်းလွှမ်း၊ ကံမိုးဆန်း၊အောင်ကျော်ကျော်၊ သဲစုဇော်)
- ၁၈း၃၀ Tasty Trip
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒီမိုကရေစီစိတ်ထား"(အပိုင်း-၁)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ -"လူငယ်နှင့် မူးယစ်ဆေးဝါးကဏ္ဍ" (လူငယ်များက ပြောသောလူငယ်စကားများ) (အပိုင်း-၁)
  -Big Step (Singer-Nge Nge Lay)
  -ဂီတသမား၊ ဂီတစကား "ဖွားဖက်တော်တေးသီချင်း (၂)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
  -ဟိုတုန်းက ကက်ဆက်ဇာတ်လမ်းများ "မတည့်အတူနေ" (ဘလိတ်၊ စောမြတ်နိုး၊ ထက်နေချမ်း၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း)
  -**အစီအစဉ်ပြီး၏။**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို**
**စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**(၂၀၁၈ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"အမည်၊ စတင်အာဏာတည်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာနှင့် အဓိပ္ပာယ် ဖော်ပြချက်"**

၂။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂။ မည်သူမဆိုဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ထိုသူကို ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့် ရှိစေရမည်။"

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှလက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊

(၂) မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီး ဆုံးရှုံးစေခြင်း"-

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) **ကျော်စောသတင်း** ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သက်သေမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန် အကြောင်းပေါ်ပေါက်သော သတင်းကိုဆိုသည်။"

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ တွင်မူလပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) ၊ (ဌ) ၊ (ဍ) ၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့် (ဖ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃တွင် -

(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဇ)နှင့် (ဖ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဇ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ဒုတိယဝန်ကြီး သို့မဟုတ် ယင်းနှင့် အလားတူ အဆင့်ရှိသူနှင့်အထက် နိုင်ငံရေးရာထူး လက်ရှိဖြစ်သူကိုဆိုသည်။

(ဖ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ကော်မရှင်၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (ဖ) ကို ပယ်ဖျက်ရမည်။

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိရွေးချယ်ပေးခွင့်ရှိသူများသည် အရည်အချင်းပြည့်ဝ၍ တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူ။"

၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ)အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍တိုင်ကြားချက် သို့မဟုတ် ရရှိသည့်သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေး အဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊"

(ဂ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီတင်ပြခြင်း၊ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း၊"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း၊"

(င) ပုဒ်မခွဲ (ဈ) ၏ နောက်တွင် ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည)အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကိုအခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(စ) မူလပုဒ်မခွဲ (ည)၊ (ဋ)၊ (ဌ)၊(ဍ) နှင့် (ဎ) တို့ကို ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ) နှင့် (ဏ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဆ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေး အရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကိုပယ်ခြင်း၊မမှန်မကန်တိုင်ကြားသူကို ဥပဒေအရအရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊"

၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆တွင် ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဎ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဆ)၏ ခြေဆင်း၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၆၅ ၏ခြေဆင်းတို့တွင် ပါရှိသော"စုံစမ်းစစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင်-

(က) ပြန်လည်အမှတ်စဉ်ထားသည့်ပုဒ်မခွဲ (ဏ) ၏ နောက်တွင် ပုဒ်မခွဲ (တ) နှင့် (ထ)တို့အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ)တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမှုများအား လိုအပ်ပါက စစ်ဆေးခြင်း၊

(ထ) မည်သည့်ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကိုမဆိုအဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဏ) ကို ပုဒ်မခွဲ (ဒ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ တွင်-

(က) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း တစ်ရပ်ရပ်ကို ကော်မရှင်သည်သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

(ခ) မူလပုဒ်မခွဲ (ဈ) ကို ပုဒ်မခွဲ (ည) အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်းအစားထိုးရမည်-

"(ည)အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ခိုင်လုံသော အထောက်အထားဖြင့်သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူများ၊ သက်သေများ၊နစ်နာသူ သို့မဟုတ် တိုင်ကြားသူများအား လိုအပ်သော အကာအကွယ်ပေးနိုင်ရန် နည်းလမ်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သတင်းပေးသူကို သတ်မှတ်သောဆုငွေချီးမြှင့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။"

၁၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးကို အရေးယူ ပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်ပြခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဂ) ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) အဂတိလိုက်စားမှု ကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန်တစ်ဦးဦးက-"

(ဂ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း ဖြစ်ပေါ်နေခြင်း။"

၁၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တိုင်ကြားမှုတွင်အရေးကြီးသည့် သက်သေခံချက်များမပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်းစုံစမ်းရာတွင်လည်း ခိုင်လုံသည့် သက်သေခံချက်မရရှိခြင်း၊"

၁၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ကော်မရှင်ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာတင်ပြရမည်။"

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)လုပ်ပိုင်ခွင့် အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်း ပေါ်ပေါက်ကြောင်းဆုံးဖြတ်သည့်ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏အစီရင်ခံစာကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရတာဝန်ပေးသည့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။ အဆိုပါဆုံးဖြတ်ချက်အားတိုင်ကြားသောနစ်နာသူထံသို့လည်း အကြောင်းကြား အသိပေးရမည်။"

၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၆။(က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်။"

၁၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ တစ်ဦးဦးအပေါ် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခွင့်ရှိသည်။

(ဂ) (၂) ကော်မရှင်၏တင်ပြချက်အရ မည်သူ့ကိုမဆို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ်အဂတိလိုက်စားမှု ကျူးလွန်ကြောင်းတွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။"

၁၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၄ ၏ အစုခေါင်းစဉ်နှင့် ပုဒ်မ ၄၄ တို့ကိုအောက်ပါအတိုင်း အစားထိုးရမည် -

**"သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း**

၄၄။ မည်သူမဆို အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့်ကြွယ်ဝချမ်းသာလာခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။"

၂၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင် ပါရှိသော"ကြေညာချက်" ဆိုသည့်စကားရပ်ကို "ကြေညာလွှာ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ၏နောက်တွင် ပုဒ်မ ၅၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။(က)ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ ချမှတ်သည့် အမိန့်နှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းခံရသူက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်ကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို

**စာမျက်နှာ ၁၆ သို့**

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ။)**
**၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ်၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ဒဏ်ကြေးငွေအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်ငါးသိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဆိုသည့်စကားရပ်ကို "အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ် လည်းချမှတ်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပါရှိသော "ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဆိုသည့်စကားရပ်ကို "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံးကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော"ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃-က။ ဤဥပဒေပုဒ်မ ၃၂ နှင့် ၃၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်။ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။"

၆။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော "ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသော "ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ ၏ နောက်တွင်ပုဒ်မ ၃၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန် သူကို အခြားသူတစ်ဦးဦးနှင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှု ကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းကိုအရေးယူခြင်းမပြု နိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာမျက်နှာ ၁၅ မှ**

အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စုံစမ်း စစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၂၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်ကမည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၆။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

၂၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၉။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ ဤဥပဒေပါပြစ်မှု တစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်ဟုသော်လည်းကောင်း၊ မမှန်မကန် သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပန်းတောင်းမြို့နှင့် လက်ပံကျွန်း ဆက်သွယ်တံတား ဆက်လက်ဆောက်လုပ်ပေးရန် ဒေသခံများမျှော်လင့်နေ

**ပန်းတောင်း ဇွန် ၂၂**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံကျွန်းကျေးရွာနှင့် ပန်းတောင်းမြို့ပေါ်သို့သွားရန် ဆက်သွယ်ရေးတံတားအား ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော်လည်း ယနေ့တိုင်သွားလာမှုမရကြောင်း သိရသည်။

အဆိုပါတံတားမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၅ သိန်းဖြင့် အလျား ပေ ၁၂၀၊ အနံ ရှစ်ပေ၊ အမြင့် ၂၄ ပေရှိပြီး ၂၀၁၄ ခုနှစ် မေလအတွင်းက မြို့နယ်စည်ပင်သာယာမှ တာဝန်ယူဆောက်ရွက်ခဲ့ပြီး တံတားမှာပြီးစီးမှုမရှိဘဲ ကျေးရွာလူကြီးများထံ အပ်နှံခဲ့ကြောင်း သိရသည်။ ထိုအချိန်က တံတားတည်ဆောက်ရန် တိုင်းတာစဉ် ချောင်းအကျယ်မှာ ပေ ၁၂၀ ရှိသော်လည်း ဆောက်လုပ်စဉ် ချောင်းကမ်းပါးပြိုကျမှုကြောင့် တံတားအကျယ် ပေ ၁၇၀ ရှိသွားသဖြင့် ရန်ပုံငွေမလောက်ဖြစ်ကာ တံတားမှာ ပြီးစီးမှုမရှိနိုင်ဘဲ နှစ်စဉ်ချောင်းကမ်းပါးပြိုကျမှုကြောင့် တံတားအမြန်ပြီးစီးရေး ကွင်းဆင်းဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**





## တိုင်းဒေသကြီးနှင့်ပြည်နယ်ရေကူးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၂**
၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရေကူးပြိုင်ပွဲနောက်ဆုံးပွဲစဉ်များကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကျင်းပရာ အမျိုးသားတံခွန်စိုက်ဆုဖလား၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိကြသော ဘုန်းပြည့်စုံပိုင် (ရန်ကုန်)နှင့် ကံ့ကော်ဖူးညွန့် (ရန်ကုန်)တို့အား ဒိုင်ချုပ်ဦးသိန်းဝင်းက လည်းကောင်း ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြိုအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသ

**တာချီလိတ် ဇွန် ၂၂**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဆုအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှငွေးက ကျောင်းသားလူငယ်များ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားရရှိရေးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ဒုတိယရဲမှူး သက်မောင်က မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှုဆိုင်ရာများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (တာချီလိတ်ခရိုင်)မှ အတွင်းရေးမှူး ဦးသိန်းထွန်းက ရှောင်လေဝေးဝေး မူးယစ်ဆေးခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုမှတ်သားကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ၂၀၁၇ – ၂၀၁၈ ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲ လှိုင်ကော်မြို့၌ကျင်းပ



**လှိုင်ကော် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လှိုင်ကော်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးက အတူပူးပေါင်း သင်ယူတတ်ရန် ပြီးခဲ့သည့် စီမံကိန်းတွင် ရရှိလာသည့် အတွေ့အကြုံများကို မျှဝေပေးကာ ကြုံတွေ့ခဲ့မှုများအပေါ် သင်ခန်းစာယူပြီး နောင်လာမည့်နှစ်တွင် စီမံကိန်းအား မည်ကဲ့သို့ ပိုမိုကောင်းမွန်လာအောင် သုံးသပ်ဆွေးနွေး အကြံများ ပေးခြင်းတို့ဖြင့် ကျေးရွာလူထုအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်တတ်လာပြီး လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများကို ပိုမိုအောင်မြင်ရေး အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

၂၀၁၇ - ၂၀၁၈ ခုနှစ် ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "လူထုဗဟိုပြုစီမံကိန်းကြောင့် ကျေးရွာလူထုအနေနဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက် ကောင်းမွန်လာတဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာပြီး တန်းတူပူးပေါင်းပါဝင်ခွင့်၊ လူတန်းစားမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား၊ မ မရွေးပါဝင် ဆောင်ရွက်ခွင့်၊ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အထများ တိုးပွားလာခြင်း၊ ကျေးရွာလူထုအနေနဲ့ အစိုးရဌာနများနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့အလေ့အထများ ရရှိလာခြင်း၊ လုပ်အားခများ တစ်ဦးချင်း ဝင်ငွေတိုးပွားလာတဲ့အပြင် နည်းပညာစွမ်းရည်တိုးမြင့်လာမှုကြောင့် ဝင်ငွေပိုမိုရရှိတဲ့ အခြားစီးပွားရေးလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်၊ ယခုသုံးသပ်ဆွေးနွေးပွဲမှာ လူထုဗဟိုပြုစီမံကိန်းရဲ့ အောင်မြင်မှုနဲ့ စိန်ခေါ်မှုများအပေါ် အခမ်းအနားတက်ရောက် လာကြတဲ့ ပုဂ္ဂိုလ်များက အပြုသဘောဆောင်ပြီး ဝေဖန်သုံးသပ်ပေးကြဖို့နဲ့ စီမံကိန်းကို ယခုထက် ပိုမိုအောင်မြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါ"ဟု ပြောကြားသည်။ ဆက်လက်၍ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဦးဘော့စ်ကိုက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လှိုင်ကော် - ရှားတောမြို့နယ်လူထုဗဟိုပြုစီမံကိန်း၊ ဒုတိယနှစ်စီမံကိန်းလုပ်ငန်းစဉ်အကြောင်းကို စီမံကိန်း တာဝန်ခံ ဦးတင်ကိုလတ်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ပွင့်လင်းစွာဆွေးနွေးခြင်း၊ စီမံကိန်းလုပ်ငန်းအားနည်းချက်၊ အားသာချက်များကို အုပ်စု ခုနစ်စုခွဲ၍ ဆွေးနွေးခြင်း၊ ဂျူရီအဖွဲ့များမှ အကဲဖြတ်အမှတ်ပေးခြင်း၊ ဆွေးနွေးထားသည့် အကြောင်းအရာများကို ပြန်လည်တင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးဆုများ ရွေးချယ်ရေးလုပ်ငန်းစဉ်များကို မြို့နယ်စီမံကိန်း နည်းပညာအကြံပေးခေါင်းဆောင် ဒေါ်နော်ဂျူးလစ်က ရှင်းလင်းတင်ပြကာ စီမံကိန်းဒုတိယနှစ်စက်ဝန်းအတွင်း လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးလုပ်ဆောင်ခဲ့သော ကျေးရွာအုပ်စုအဆင့်၊ ကျေးရွာအဆင့် ပထမ၊ ဒုတိယ၊ တတိယ အကောင်းဆုံး ဆုများကြေညာကာ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

ယင်းအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်များ၊ နေပြည်တော် စီမံကိန်းကိုယ်စားလှယ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီမံကိန်းကျေးရွာကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**



# အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများ ပြသမည်

**ရန်ကုန် ဇွန် ၂၂**

(၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို ၁ ရပ်ကွက် အမှတ် ၂၅ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း) ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား အာဇာနည်နေ့မှစ၍နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သုံးရက်တိုင်တိုင် ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ပုံမှန်က နံနက် ၉ နာရီခွဲကနေ ညနေ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသပါတယ်၊ အာဇာနည်နေ့ အထိမ်းအမှတ်ဖြစ်တဲ့အတွက် အချိန်တိုးမြှင့်ဖွင့်လှစ်ပေးတာပါ၊ ပုံမှန်ရက်တွေမှာ နိုင်ငံခြားသားတွေ ဝင်ကြေးငါးထောင်ပေးရပေမယ့် အဲဒီရက်တွေမှာ ဝင်ကြေးမပေးရဘဲ ဝင်ရောက်ကြည့်ရှုလေ့လာခွင့်ပြုမှာပါ"ဟု ဗိုလ်ချုပ်ပြတိုက်တာဝန်ခံ ဦးခင်မောင်စိုးက ပြောသည်။

ထို့အပြင်အာဇာနည်နေ့တွင်အများပြည်သူလာရောက်ကြည့်ရှုရာတွင်အဆင်ပြေချောမွေ့စေရန် ကြိုတင်ပြင်ဆင်မှုများကို ယခင်နှစ်များကဲ့သို့ ဆောင်ရွက်နေကြောင်းသိရသည်။

"ဗိုလ်ချုပ်မိန့်ခွန်းတွေ၊ ရှားပါးဓာတ်ပုံတွေကို ဗီနိုင်းထုတ်ပြီး အတက်လမ်းတစ်လျှောက်ပြသမယ်။ လာရောက်ကြည့်ရှုမယ့် ပြည်သူတွေ သွားတာလာတာအဆင်ပြေစေဖို့ လမ်းကျဉ်းတာတွေချဲ့တာရှိတယ်၊ အဆောက်အအုံ ကြံ့ခိုင်မှုတွေကိုလည်း စစ်ဆေးတယ်၊ ရှေးဟောင်းအဆောက်အအုံပုံစံဆိုတော့ လက်ရာမပျက်ထိန်းသိမ်းရတာတွေရှိတယ်"ဟု ပြတိုက်တာဝန်ခံက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ယခင်နှစ်အာဇာနည်နေ့၌ လာရောက်ကြည့်ရှုလေ့လာသူ ၃၀၀၀၀ ကျော်ရှိကြောင်း ပုံမှန်ရက်များတွင် ပြည်တွင်းပြည်ပမှ လာရာက်လေ့လာသူ တစ်ရက်လျှင် ၈၀ မှ ၉၀ အထိရှိကြောင်း၊ ကျောင်းသားကျောင်းသူများ လေ့လာရေးအဖြစ် လာရောက်ကြည့်ရှုရာတွင် ၅၀၀ မှ ၆၀၀ အထိ လာရောက်လေ့လာကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အဆိုပါ နေအိမ်အားမူလပိုင်ရှင်တရုတ်လင်မယားနှစ်ဦးထံမှ ငှားရမ်းနေထိုင်ခြင်းဖြစ်ပြီး ၁၉၄၅ ခုနှစ် မေလ မှ ၁၉၄၇ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့ကြောင်း၊ လုပ်ကြံခံရပြီးနောက် ၁၉၄၈ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ရန်ပုံငွေကျခံလျက် ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေး အမှုဆောင်အဖွဲ့မှ မူလပိုင်ရှင်ထံမှ ငွေကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီးနောက် ကျန်ရစ်သူမိသားစုများ ဆက်လက်နေထိုင်ရာ ၁၉၅၃ ခုနှစ်တွင် နေအိမ်ခြံဝင်းအတွင်းရှိ ရေကန်တွင်သားလတ်ဖြစ်သူ အောင်ဆန်းလင်းရေနစ်သေဆုံးပြီးနောက် မည်သူမျှ ဆက်လက်နေထိုင်ခြင်းမရှိတော့ဘဲ နောက်ပိုင်းတွင် အများပြည်သူများကြည့်ရှုလေ့လာနိုင်ရန်ပြတိုက်အဖြစ် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ဇာနည်မောင်**

# ကော့သောင်းမြို့အခြေခံပညာကျောင်းများတွင် အစားအသောက်ဆိုင်ရာအန္တရာယ်များ အသိပညာပေး ဟောပြော



**ကော့သောင်း ဇွန် ၂၂**

ကော့သောင်းမြို့ အခြေခံပညာကျောင်းများတွင် အစားအသောက်ဆိုင်ရာအန္တရာယ်များ အသိပညာပေး လုပ်ငန်းများကို စားသုံးသူရေးရာ ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာအုပ်စု တာညုံပါဒကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကော့သောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသည့် အစားအသောက်များမှ စားသုံးရန်မသင့်သည့် အစားအစာများ ရှောင်ရှားနိုင်ရေး သိကောင်းစရာများ၊ ကျောင်းနေအရွယ် အမျိုးသမီးငယ်များ သုံးစွဲသည့် အလှကုန်ပစ္စည်းများတွင်ပါရှိသည့် ဓာတုဗေဒဘေးထွက်ဆိုးကျိုးများကြောင့် ဖြစ်ပွားလာနိုင်သည့် အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သိမှတ်ဖွယ်ရာများ၊ ကော့သောင်းခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများနှင့် ဓာတုဗေဒဆိုးဆေးများ ပါဝင်သော အစားအသောက်များ သတိပြုဆင်ခြင် စားသောက်တတ်ရေး ပညာပေးပြောကြားပြီး အစားအသောက်ဆိုင်ရာ သတိပြုရမည့် ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကဝမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကဝ ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဆရာကျော့ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်း ဟောပြောပွဲ အခမ်းအနားကို ကျင်းပသည်။



ရှေးဦးစွာ ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးသီက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကဝမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူး စိုးမောင်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာဖွယ်ရာများနှင့် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၄၅၀ တက်ရောက်ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# မိုးဥတုမှာ ကျန်းမာရေးအတွက် သတိပြုစရာများ




ပူအိုက်နေရာမှ ရုတ်တရက်မိုးရွာချသဖြင့် အိပ်ကောင်းကောင်းနှင့် နံနက်စောစောထချိန်တွင် မထဘဲ ဆက်အိပ်သည်။ စနေနေ့ ရုံးပိတ်ရက် ကလေးများလည်း ကျောင်းမသွားရသဖြင့် နေမြင့်သည်ထိ ဆက်အိပ်လိုက်သည်။ ထိုသူသည် နံနက်အိပ်ရာထသည့် အချိန်မှစ၍ ခေါင်းအုံနေခဲ့သည်။ နံနက်စာစားပြီး ရင်ပြည့်သောအခါ ခေါင်းပို၍ ကိုက်လာသည်။ နေ့လယ်စာကို ကောင်းစွာမစားနိုင်သဖြင့် တစ်နေကုန် နေမကောင်းဖြစ်ရသည်။

ပူသောအခါ ကျယ်ပြန့်နေသော ကြွက်သားနှင့် သွေးကြောများသည် အေးလာသောအခါ ကျုံ့ပြီး သွေးလေးလာတတ်သည်။ ထိုအခါ ပို၍အိပ်ကောင်းသည်။ အိပ်ရာမှ မထချင်ဖြစ်လေ့ရှိသည်။ အချိန်ပို၍ အိပ်သောအခါ၊ လှုပ်ရှားသောအခါ နှလုံးသွေးလှည့်ပတ်မှု မမှန်ကန်၊ ဦးနှောက်သို့ သွေးအရောက်နည်းပြီး ဉာဏ်မရှင် ထိုင်းမှိုင်းသွားခြင်းဖြစ်သည်။ ထိုင်းမှိုင်းနေသည်ကို အလုပ်ရှိ၍ အတင်းစဉ်းစားသောအခါ ခေါင်းကိုက်လာခြင်းဖြစ်သည်။

မိုးရွာနေချိန်တွင် စောင်ထူထူနှင့် ကွေးအိပ်သူတစ်ဦးမှာ ဖိအိပ်မိသောဘက်က လက်မောင်းတစ်ဖက် ကပ်သွားသည်ကို တွေ့ရဖူးသည်။ ဖိအိပ်သည့်နာရီကြာသဖြင့် လက်မောင်းသို့သွားသော သွေးကြော ပိတ်ပြီးဖြစ်ရခြင်းဖြစ်သည်။ နှစ်နာရီကျော်ကြာအောင် တစ်ဖက်သတ်အိပ်ခြင်းသည် မကောင်းပေ။ တစ်ဖက်စီ လှည့်စောင်းအိပ်ခြင်းကို သတိထားပြုမူသင့်သည်။

မိုးရွာနေချိန် နံနက်စာစားပြီး အပြင်ထွက်မည့်သူများ သတိထားရန်မှာ အစာကြေခဲသော အစာများ စားမသွားရန်ဖြစ်သည်။ နံနက်စာအစာခံအဖြစ် ကောက်ညှင်းပေါင်း၊ အကြော်စုံနှင့် လက်ဖက်ရည်သောက်သွားသူတစ်ဦးမှာ မိုးရွာထဲတွင် ခြေထောက်ရေစိုပြီးနောက် မကြာမီ အစာအိမ်ရင်ညွှန့်မှ အောင့်လာသည်ကို တွေ့ရဖူးသည်။ ခြေအေးဝမ်းရောင်ဟု ရှေးလူကြီးများ ပြောလေ့ရှိသည့် စကားအတိုင်းဖြစ်သည်။ ကြာရှည် ခြေထောက်ရေစိုခြင်းကြောင့် အစာမကြေရောဂါ ဖြစ်နိုင်သည်။ မိုးရာသီတွင်စီးသည့် ဖိနပ်များကိုလည်း သတိထားရန်လိုသည်။ ကတ္တီပါဖိနပ်ကဲ့သို့ ရေစိုလျှင် လွယ်လွယ်နှင့်မခြောက်သည့် ဖိနပ်များကို ရှောင်သင့်သည်။

ခြေထောက်ရေစိုခြင်း၏ အခြားနောက်ဆက်တွဲ ပြဿနာတစ်ခုမှာ နှာစေး၊ နှာပိတ်ခြင်းဖြစ်သည်။ အပူများအထက်သို့ တက်ရာမှ ရှူသွင်းသော လေအေးနှင့် ထိတွေ့သောအခါ အပူအအေး ဆန့်ကျင်ဘက်ဖြစ်ပြီး နှာပိတ်ခြင်း၊ နှာစေးခြင်းဖြစ်ရသည်။ နှာစေခြင်းသည် ရေရှည်လာလျှင် ထိပ်ကပ်နာထိဖြစ်နိုင်သည်။ ထိပ်ကပ်နာဆိုသည်မှာ နှာခေါင်းတွင်းမှ အပုပ်နံ့ရပြီး နှပ်ပုပ်ထွက်သည့် ရောဂါဆိုးဖြစ်သည်။

ကလေးဘဝ ငယ်စဉ်က ‘နေပူမိုးရွာ သူခိုးလာ၊ လာတဲ့သူခိုး၊ လှန်နဲ့ထိုး’ဟု ဆိုကြသည်။ မြန်မာ ဗိန္ဒောဆရာကြီးတစ်ဦးက ‘သူခိုး’ ဆိုသည် ပုန်း၍ ငုပ်လျှိုးလာသော ဓာတ်၊ အာကာသဓာတ်ရစေသော ရှောက်ရွက်၊ ရှောက်သီး၊ ဆူးပန်းရွက်၊ ကင်ပွန်းချဉ်ရွက် စသည်များကို ဟင်းရည်သောက် ချဉ်ရည်ဟင်းချက်စားခြင်းဖြင့် မိုးဥတုတွင် အာကာသဓာတ်ရအောင် ဆောင်ရွက်ရမည်ဟု ဆိုလိုရင်းဖြစ်သည်ဟု ဆိုသည်။

နေပူသောအခါ ချွေးစိုနေသည်။ မိုးရွာသောအခါ ထိုချွေးငုပ်သွားတတ်သည်။ ခြေလက်များရေစို၍ အေးစက်သောအခါ ဝမ်းတွင်း၌ အခိုးငုပ်ပြီး ပူနေတတ်သည်။ အချိန်ကြာမြင့်စွာ ခြေလက်များ အေးစက်နေလျှင် ဗိုက်နာလာတတ်သည်။ အစာအိမ်တွင် လေပူငုပ်၍ အထက်မတက်၊ အောက်မသက်ဖြစ်သောအခါ ဗိုက်အောင့်လာခြင်းဖြစ်သည်။

ခြေအေး၍ အစာမကြေခြင်းကြောင့် ဝမ်းလည်းချုပ်တတ်သည်။ မကြေညက်သောအစာများ အူမကြီးအဆုံးသို့ ရောက်သောအခါ စမြင်းခံ၍ ဝမ်းချုပ်ခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်း၏ နောက်ဆက်တွဲမှာ ညောင်းကိုက်ခြင်းနှင့် ဇက်ကြောတက်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ခြေထောက်ရေစိုလျှင် ဇက်ကြောတက်ရောဂါဖြစ်တတ်သည်ဟု ဆိုကြခြင်းဖြစ်သည်။ မိုးဥတုမှာ ဇက်ကြောတက်တတ်သူများ သတိထားစရာဖြစ်သည်။

### မိုးဥတုနှင့် အဆုတ်ပွရောဂါ

အဆုတ်ပွရောဂါသည် မိုးဥတုတွင် အဖြစ်များသော ရောဂါဖြစ်သည်။ အဆုတ်လေပြွန်များအတွင်း ရေငွေ့များဝင်ရာမှ ပြန်မထွက်နိုင်သောအခါ အအေးပတ်ပြီး အဆုတ်အအေးပတ်ရောဂါ ဖြစ်သည်။ ထို့နောက် အဆုတ်ပွရောဂါ၊ အဆုတ်ရောင်ရောဂါများ ဆက်၍ဖြစ်လာနိုင်သည်။

မိုးရေထဲသွားနေသူများသည် ရှူသွင်းသောလေတွင် ရေငွေ့များပါသဖြင့် ကြာလာသောအခါ အဆုတ်အတွင်းတွင် ပြန်မထွက်နိုင်သော ရေငွေ့အမှုန်လေများ စုမိလာသည်။ နှာချေခြင်းသည် ဖုန်နှင့် အမှုန်များ ဝင်မှုမဟုတ် ရေငွေ့များ ပြန်ထွက်စေရန်အတွက်လည်း အဆုတ်အတွင်းမှ အမျှင်များက ခါထုတ်သဖြင့်လည်း ဖြစ်နိုင်သည်။ အဆက်မပြတ် နှာချေနေခြင်းသည် အဆုတ်အတွင်း ရေငွေ့များရှိနေခြင်း လက္ခဏာဖြစ်သည်။



မိုးရွာထဲမှ ပြန်လာသောအခါ ပရုတ်ဆီအနည်းငယ်ကို ရေနွေးမတ်ခွက်တွင် ထည့်ဖျော်၍ အုပ်ထားပြီး ဖွင့်လိုက်သောအခါ ထွက်လာသည့် ပရုတ်ငွေ့ကို ရှူပေးခြင်းဖြင့် အဆုတ်အအေးပတ်ခြင်းကို ကာကွယ်နိုင်သည်။ သို့မဟုတ် ချင်းတက်တစ်တက်ကို ထုထောင်းပြီး မတ်ခွက်တစ်လုံးတွင်ထည့်ကာ ရေနွေးဖြင့် သောက်ပါကလည်း အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။

အဆုတ်ရေဝိုင်းသည့်ရောဂါ၊ အဆုတ်ရေဝပ်သည့်ရောဂါကြောင့် အဆုတ်အတွင်းတွင် ပိုးများ ပေါက်ပွားပြီး အဆုတ်ရောင်ရောဂါ နာတာရှည်ဖြစ်လာနိုင်သည်။ တငွေ့ငွေ့ကိုယ်ပူ၍ ဖျားသောရောဂါသည် အဆုတ်ရောင်ခြင်းကြောင့် ဖြစ်နိုင်သည်။ ပိုးကြောင့်ဖြစ်သော အဆုတ်ရောဂါ တော်တော်များများသည် အဆုတ်တွင် ရေဝပ်ရာမှ စတင်ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အဆုတ်အတွင်း ရေငွေ့များနေသဖြင့် နှာချေခြင်း၊ ချောင်းဆိုးခြင်း အကြိမ်ရေများလာသောအခါ၊ ရက်ရှည်လာသောအခါ အဆုတ်နှင့် လေပြွန်အတွင်းမှ သွေးကြောငယ်လေးများပေါက်ပြီး သွေးပါလာသည်။ ချောင်းဆိုးသွေးပါရောဂါဟု ခေါ်သည်။ အခန်းအောင်းနေသူများ၊ နေရောင်ခြည်မရသည့်အခန်းတွင် အလုပ်ကို ထိုင်ပြီးကြာရှည် လုပ်ရသူများတွင် ဤရောဂါဖြစ်လေ့ရှိသည်။

နေရောင်ခြည်၏ တန်ဖိုးကို မိုးဥတုတွင် သိရသည်။ ရက်ရှည်မိုးရွာ၍ စိုထိုင်းနေသော အဝတ်များသည် နေရောင်ခြည်ဖြင့် ထိတွေ့သောအခါ အခြောက်မြန်သည်။ အိမ်တွင်းအရိပ်တွင် အခြောက်ခံသော အဝတ်များ၊ ပန်ကာလေဖြင့် အခြောက်ခံသော အဝတ်များသည် အနံ့အသက်မကောင်းပေ။ နေရောင်ခြည်မှပေးသော ဥဏှတေဇောအပူဓာတ်သည် ရောဂါပိုးတော်တော်များများကို သေစေနိုင်သော သတ္တိရှိသည်။ ဖြစ်နိုင်လျှင် ခြောက်သွေ့ပြီးအဝတ်ပင်ဖြစ်စေ နေရောင်ခြည်ထွက်လာသောအခါ ခေတ္တနေရောင်ပြပေးသင့်သည်။

အဝတ်အထည်များတွင် မှိုကပ်သောကြောင့်၊ မှိုစွဲခြင်းကြောင့် လူ၏အရေပြားတွင်လည်း ယားယံခြင်း၊ ညှင်းပေါက်ခြင်း၊ သနပွေးခေါ် ပွေးကွက်ငယ်များ ပေါက်ခြင်းဖြစ်လေ့ရှိသည်။ ရေချိုးသောအခါ ဆပ်ပြာရည်ကို ကုန်စင်အောင်မချိုးဘဲ အဝတ်အစားများတွင်လည်း ရေငွေ့များရှိနေခြင်းကြောင့် တစ်ကိုယ်လုံး အဖုအပိမ့်များထွက်ပြီး ယားယံလာသည်။ ကုတ်ဖဲ့ရာမှ ဝဲနှင်းခူအနာများဖြစ်သည်ကို တွေ့ရဖူးသည်။

မိုးများသောအရပ်တွင် နေရောင်ခြည်ထွက်သောအခါ အဝတ်အထည်များသာမက စောင်၊ အိပ်ရာခင်းများကိုပါ နေရောင်ခြည်ပြပေးသင့်သည်။ အိမ်ခန်းအတွင်းသို့ နေရောင်ခြည်ဝင်အောင် ပြတင်းပေါက်များဖွင့်ပေးခြင်းဖြင့် ရေငွေ့ဖြင့် ပေါက်ပွားမည့်ရောဂါများ အန္တရာယ်မှလည်း ကာကွယ်နိုင်ပေသည်။ နေရောင်ခြည်မဝင်သောအခန်းများ၊ အဲကွန်းအလုံခန်းများတွင် နေထိုင်သူများသည် မိုးဥတုတွင် အဆုတ်ပွရောဂါ ဖြစ်နိုင်သဖြင့် သတိပြုကြစေချင်သည်။

### မိုးဥတုမှာ စားသုံးသင့်သော ဓာတ်စာများ

မိုးဥတုတွင် ကျန်းမာရေးမကောင်းသဖြင့် အခန်းတွင်း အောင်းနေရသည့် လူကြီးများ၊ သက်ကြီး ရွယ်အိုများကို မိုးတိတ်ပြီး လေကောင်း၊ လေသန့်ရသည့်နေရာ၌ တစ်နာရီခန့် နေပူစာလှုံပေးသင့်သည်။ လမ်းမလျှောက်နိုင်သူကို တွဲ၍သော်လည်းကောင်း၊ ဝှီးချဲဖြင့်သော်လည်းကောင်း နေရောင်ခြည်ပြပေးသင့်သည်။

လူကြီးများ အသက်အရွယ်ကြောင့် အဆုတ်ပွလွယ်သည်။ ရေငွေ့များ အောင်းပြီး နေရောင်ခြည် မဝင်သည့်အခန်းတွင် အနေကြာလျှင် အဆုတ်ပွ၊ အဆုတ်ရောင်၊ ချောင်းဆိုး၊ ရင်ကျပ်၊ တငွေ့ငွေ့ကိုယ်ပူသော အဖျားရောဂါများ ဝင်လာနိုင်သည်။ နေရောင်မဝင်သော အခန်းတွင် ရောဂါပိုးမွှား ပေါက်ပွားလွယ်သည်ဟု ဆိုသည်။

အဆုတ်ရေငွေ့ဝင်၍ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သော မီးဖိုချောင်သုံး အစားအစာမှာ ကြက်သွန်ဖြူဖြစ်သည်။ ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်၍ဖြစ်စေ၊ ဥအမြွှာများကို သီတံဖြင့် တံစို့ထိုးမီးကင်၍ ဖြစ်စေ နေ့စဉ် တစ်ဥ (သို့မဟုတ်) ခုနစ်မြွှာခန့်စားပေးလျှင် အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။ ငွေကုန်ကြေးကျမများ၊ ပိုးသတ်ဆေးများလည်း မသောက်ရသည့် သဘာဝကိုယ်ခံအားဓာတ်စာဖြစ်သည်။

အဆုတ်ပွ၍ဖျားလျှင် တငွေ့ငွေ့နှင့် ရက်ရှည်ပြီး အစားအသောက်မစားချင် ခံတွင်းပျက်သည့်ရောဂါ ပါဝင်လာတတ်သည်။ အဆုတ်သည် နှလုံးမှ ပေးပို့သော သွေးညစ်များကို ပြင်ပမှ ရှူသွင်းသည့်လေနှင့် ထိတွေ့ပေးပြီး သွေးသစ်ဖြစ်အောင် သန့်စင်ပေးရာဌာနဖြစ်သဖြင့် ကျန်းမာရေးအတွက် အလွန်ပင်အရေးကြီးသည်။ အဆုတ်မကောင်းလျှင် သွေးလည်းမသန့်စင်နိုင်ပေ။ အလွန်အရေးကြီးသည့် ကိုယ်တွင်းအင်္ဂါဖြစ်သည်။

ကြက်သွန်နီသည်လည်း အအေးပတ်ခြင်းမှ ကာကွယ်ပေးသည့် အာနိသင်ရှိသည်။ ဟင်းချက်ရာတွင် ကြက်သွန်နီပါသော်လည်း အပူပေးသဖြင့် ဥမှထွက်သော အခိုးအငွေ့အာနိသင် ပျက်သွားသည်။ အစိမ်းစားခြင်းဖြင့် စူးရှသော အခိုးအငွေ့ကို ရနိုင်သည်။

ကြက်သွန်နီတစ်ဥကို ပါးပါးလှီးပြီး ရှောက်ရည်(သို့မဟုတ်) သံပရာရည်ဆမ်းပြီး ထမင်းစားသည့် အခါတိုင်း စားသုံးပေးခြင်းဖြင့် ရောဂါပိုးများစွာကို ကာကွယ်နိုင်သည်။ ကြက်သွန်နီဥကိုလှီးပြီးလျှင် ရေအကြိမ်ကြိမ်မဆေးဘဲ တစ်ကြိမ်ခန့်သာဆေးပြီး မွှန်သည့်အနံ့ကို ထိန်းထားသင့်သည်။

ကြက်သွန်နီသည် ဆီးကောင်းစေသဖြင့် မိုးရာသီတွင် ခြေထောက်ရေစို၍ ခြေအေးခြင်း၊ အပူငုပ်၍ ဆီးပူခြင်း၊ ဆီးအောင့်ခြင်းများအတွက်ပါ ကာကွယ်ပေးနိုင်သည်။ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အတွက်ပါ ကောင်းသော မီးဖိုချောင်မှ ဆေးစွမ်းကောင်းဖြစ်သည်။

မိုးရာသီတွင် အဓိကစားသင့်သည့် အရသာမှာ အခါးဟု ရှေးဓာတ်စာ ဆရာကြီးများက ဆိုသည်။ အပြင်တွင် အေးပြီး အအေးပတ်သဖြင့် ကိုယ်တွင်းငုပ်နေသော အပူဓာတ် (ဥဏှတေဇော)နှင့်တွဲလျက် ဖြစ်ပေါ်လာသော (ဥဏှာဝါယော) လေပူအထက်သို့ ကန်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းပူခြင်း၊ အဆုတ် အပူအောင်းခြင်းတို့ကို အခါးအရသာစားပေးခြင်းဖြင့် သက်သာစေနိုင်သည်ဟု ဆိုသည်။ ခွေးတောက်ရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီးတို့ကို သင့်တင့်ရုံစားပေးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်စေနိုင်ကြောင်း မိုးရာသီဓာတ်စာအဖြစ် တင်ပြလိုက်ရပေသည်။

### မိုးစိုခြေအေး ဝမ်းရောင်သွေးတိုး သတိပြု

မိုးဥတုတွင် နေအိမ်ပြင်ပထွက်ပြီး နေ့စဉ်သွားလာအလုပ်လုပ်ရသူများသည် ခြေထောက်ရေစိုမှ နောက်ဆက်တွဲအဖြစ် ခြေအေးဝမ်းရောင် ခေါ် အစာမကြေဝမ်းဗိုက်လေပွရောဂါနှင့် အသက် ၄၀ ကျော်သူများမှာ သွေးတိုးရောဂါဝင်လာတတ်သည်ကို သတိပြုကြရန် တင်ပြလိုပါသည်။

သွေးတိုးရောဂါသည် အစားမှားမှု၊ အငန်စားမှုမဟုတ် ပြင်ပအအေးပတ်ခြင်း၊ မိုးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သွေးစီးဆင်းမှုကြောင့် ပုံမှန်ပူနွေးနေသော သွေးကြောသည် အအေးဓာတ်ကြောင့် ကျုံ့သွားပြီး ဖိအားတစ်ခုဖြစ်လာကာ သွေးမသွားနိုင်ဖြစ်ရသည်။ ထိုအခါ သွေးပုံမှန်သွားစေရန် နှလုံးမှပို၍ ညှစ်အားပေးရသည်။ ထိုအားကို သွေးပေါင်ချိန်ကိရိယာဖြင့် တိုင်းသောအခါ BP 140/90 mm Hg (အပေါ် သွေးဖိအား ၁၄၀ နှင့် အောက်သွေး ၉၀ မီလီမီတာ/ ပြဒါး) ထိ ခံနိုင်ရည်ရှိသောအနေအထား ဖြစ်သည်။ အပေါ်ရောအောက်ပါ ထိုထက် ဖိအားပိုလာလျှင် သွေးတိုးရောဂါဟု သတ်မှတ်သည်။

မိုးဥတုတွင် နေအိမ်မှ ထွက်သွားချိန်နှင့် ပြန်လာချိန်များကို သွေးပေါင်ချိန် (သွေးဖိအား) မှတ်တမ်းထားရှိ လေ့လာကြည့်သောအခါ အိမ်မှမထွက်ခွာမီ ပုံမှန်ဖြစ်သော်လည်း ပြန်ရောက်လာချိန်တွင် မိုးရေစိုခဲ့ခြင်း (သို့မဟုတ်) ခြေထောက်ရေစိုခဲ့လျှင် သွေးပေါင်ချိန်တက်နေသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၉ သို့

## မိုးဥတုမှာ ကျန်းမာရေး... စာမျက်နှာ ၁၈ မှ

အချိန်ကြာကြာ မိုးမိသည်နှင့်အမျှ ပို၍တက်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

နံနက်စောစော အစာကိုစားပြီး နေအိမ်မှ ထွက်သွားသူများသည် မိုးမိပြီးနောက် အစာမကြေဖြစ်လာတတ်သည်။ ခန္ဓာကိုယ်အအေးပတ်ခြင်း၊ ခြေနှစ်ဖက်ရေစိုခြင်းကြောင့် ဝမ်းမီးနှံ့ပြီး အစာမကြေဖြစ်သည်ဟု ယူဆရသည်။ အစာချေခြင်းကို ဝမ်းမီးခေါ် ပါစကတေဇောဓာတ်က ဆောင်ရွက်သည်။ ထိုဝမ်းမီးသည် အအေးဓာတ်ကြောင့် အားပျော့သွားခြင်းကို ဝမ်းမီးနှံ့သွားသည်ဟု ရိုးရာဆေးပညာက ချင်းနှင့် ရေနွေးပူပူကို သောက်ပေးခြင်းဖြင့်အစာကြေစေနိုင်သည်။

ငရုတ်ကောင်း၊ ပိတ်ချင်းနှင့် ချင်းကို တြိကဋုက်သုံးပါးဟု အာယုဗေဒဆေးကျမ်းများက ဆိုသည်။ အစာကြေစေသော (အစပ်သုံးပါး) ဆေးသုံးပါးဟု ဆိုသည်။ မိုးဥတုတွင် အပြင်မထွက်မီ အစားအသောက် စားသုံးလျှင် ဟင်းနှင့်ဟင်းချိုတွင် ငရုတ်ကောင်းခတ်ခြင်း၊ ချင်းထည့် ချက်ခြင်းဖြင့် အစာကြေအောင် အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် အသားဟင်းချက်လျှင် ချင်းကို နိုင်နိုင်ထည့်ချက်လျှင် မိုးဥတုနှင့် သင့်သည်။

ရှေးလူကြီးများက ခြေအေးလျှင် ဝမ်းရောင်သည်ဟု ဆိုကြသည်။ မိုးရေစိုချိန်ကြာသဖြင့် ခြေထောက်အေးလာသောအခါ အအေးဓာတ်သည် တဖြည်းဖြည်း အပေါ်သို့တက်လာပြီး ချက်တိုင်နှင့် ဝမ်းဗိုက်ထိရောက် လာသည်။ အစာမကြေဖြစ်လာသည်။ အစာမကြေလျှင် လေပွလာပြီး ဝမ်းဗိုက်သည် တင်းပြီး ဖောင်းလာသည်ကို ဝမ်းရောင်ခြင်းဖြစ်သည်ဟု ခေါ်ခြင်းဖြစ်သည်။ အစာမကြေခြင်း၏ နောက်ဆက်တွဲ ရောဂါမှာ ခေါင်းကိုက်၊ ခေါင်းအုံခြင်းနှင့် သွေးတိုးရောဂါဖြစ်သည်။

မိုးရွာထဲမှ ပြန်လာပြီးနောက် ကိုယ်တစ်ခြမ်း လေဖြတ် သွားသူကို တွေ့ဖူးသည်။ အသက် ၅၀ ခန့် အရွယ်ကောင်းဖြစ်သည်။ ယခင်က သွေးတိုးဖူးသည်။ သို့သော် အမြဲမတိုးသဖြင့် သွေးကျဆေးကို ပုံမှန်မသောက်ဟု ဆိုသည်။ နေအိမ်တွင် လဲကျ၍ ဆေးရုံပို့သောအခါ သွေးပေါင်အလွန်တက်ပြီး ဦးနှောက်အတွင်း သွေးခဲရောက်သဖြင့် ပိတ်ဆို့ပြီး လေဖြတ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ခြေအေးခြင်းမှ စခဲ့သည့် သွေးတိုးရောဂါ ဖြစ်သည်။ သတိပြုကြစေရန် တင်ပြရခြင်းဖြစ်သည်။ ။




## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဇွန် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ တတိယဆုရရှိသည့် ခင်ညိုညိုမြင့်၏ "ငါးထုပ် ဖက်ပေါ်ကျသည့် ပျားရည်စက်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား ရခိုင်အမျိုးအနွယ်များအနက် ကမ်းရိုးတန်းနှင့် ကမ်းခြေများအနီး နေထိုင်သူ ရေလုပ်သားတို့၏ဘဝနှင့် ဓလေ့ထုံးတမ်းတို့ကို စိတ်ဝင်စားဖွယ် တင်ပြထားသည့်အပြင် ယင်းလူမျိုးတို့၏ ထူးခြားပြီး ချစ်စဖွယ်ကောင်းလှသည့် ဒေသိယစကားများကိုပါ လေ့လာနိုင်သည့်အတွက် ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၀၀၀ ကျပ်ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ မြို့နယ်များ၌ ကျင်းပ

**ရန်ကုန်**

ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်သည် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအသိပညာပေးခြင်းနှင့် မူခင်းအသိ ပညာပေးဟောပွဲကို ဇွန် ၂၀ ရက်က မြို့မရပ်ကွက် အထက ၁ ကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပညာ ရေးမှူး ဦးစိန်သွေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြသည်။ **ကြေးမုံ**

**ရန်ကုန်**

ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးမြင့်နှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ ဇွန် ၁၆ ရက်က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေးဟောပြောရာ ပြည်သူ ၁၃၀ ခန့် တက်ရောက်ခဲ့သည်။ **ကြေးမုံ**

**ရန်ကုန်**

မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးထွန်းလှိုင်သည် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက (ဂ) ရပ်ကွက် A.C.A ကိုယ်ပိုင်အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောရာ ရပ်ကွက်နေပြည်သူ ၁၄၅ ဦး တက်ရောက်ကြသည်။ **ကြေးမုံ**

**ရန်ကုန်**

ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ကမာမတ် အထကကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **အောင်ဆွေ(ရွှေတံတား)**



အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအတွင်းက ယောဂပညာရှင်ဆရာ ဦးခင်မောင်ဆွေနှင့်အတူပညာရှင်များ၊ ဝါသနာရှင်များစုပေါင်း၍ဇွန် ၂၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်၌ ယောဂလေ့ကျင့်နေကြစဉ်။

ရွှေအင်းသား ခင်မောင်ဝင်း

## လက်ထပ်တော့မည်ဖြစ်ကြောင်း ဂျိုဂျုန်ဆပ်ဖွင့်ဟ

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုဂျုန်ဆပ်ဟာ သူ့ရဲ့ချစ်သူ တေးသံရှင် ဂမ်မီနဲ့ မကြာမီ လက်ထပ်တော့မှာဖြစ်ကြောင်း မင်းသားက ပရိသတ်တွေကို သူ့ရဲ့ လူမှုကွန်ရက် မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် အသိပေးခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၂ ရက်မှာ ဂျိုဂျုန်ဆပ်က သူ့ရဲ့အင်စတာဂရမ်မှာ ဂမ်မီနဲ့ လက်ထပ်ပွဲကို ယခုနှစ်အတွင်း ကျင်းပသွားဖို့ရာ စီစဉ်ထားကြောင်း ထုတ်ဖော်ခဲ့တာပါ။ သူနဲ့ ပေါ့ပ်ကြယ်ပွင့် ဂမ်မီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတာဖြစ်ပြီး နှစ်တွေအကြာကြီး အတူရှိခဲ့ပြီးနောက်မှာတော့ နှစ်ဦးသားမိသားစုဘဝကို တည်ဆောက်ဖို့ရာ ဆုံးဖြတ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဂျိုဂျုန်ဆပ်က ပရိသတ်တွေအတွက် ရည်ရွယ်ရေးသားခဲ့တဲ့ စာအရှည်ကြီးမှာ သူ့ရဲ့ မင်္ဂလာသတင်းကို မီဒီယာစာမျက်နှာတွေပေါ်ကနေတစ်ဆင့် ကြားသိရခြင်းထက် သူကိုယ်တိုင် ပြောကြားတာကို သိစေချင်ကြောင်း၊ သူ့ဘဝမှာ အလွန်အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို သူကိုယ်တိုင် ထုတ်ဖော်ပြောကြားလိုတာကြောင့် ယခုလို ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်း၊ လတ်တလောအချိန်အထိ မင်္ဂလာပွဲနဲ့ပတ်သက်ပြီး အသေးစိတ်စီစဉ်ထားတာမရှိသေးပေမယ့် ယခုနှစ်အတွင်း လက်ထပ်သွားမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရ ပါတယ်။

မင်းသားက သူ့အနေနဲ့ ဂမ်မီကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာဟာ သူတို့နှစ်ဦးဟာ တစ်ယောက်ကိုတစ်ယောက် အားပေးနိုင်သူတွေဖြစ်ကြပြီး ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်မှာဖြစ်တာကြောင့် ဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါ့အပြင် မင်းသားက သူဟာ လက်ထပ်ပြီးနောက်ပိုင်းမှာလည်း အနုပညာလုပ်ငန်းတွေကို ဆက်လက် လုပ်ဆောင်မှာဖြစ်ပြီး အကောင်းဆုံးကြိုးစားသွားမှာ ဖြစ်တယ်လို့လည်း ရေးသားဖော်ပြထားပါတယ်။





## ပရိသတ်သန်း ၈၀ ပြည့်ခဲ့ပြီဖြစ်တဲ့ DDU-DU DDU-DU

အမျိုးသမီးကေပေ့ါပ်အဖွဲ့ "BLACK PINK"ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ မီနီတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "DDU-DU DDU-DU" ရဲ့ တေးဗီဒီယိုဟာ နောက်ထပ်စံချိန်တစ်ခုကို ထပ်မံချိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းသစ် "DDU-DU DDU-DU" ရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် သန်း ၈၀ ကို စတင်ထုတ်လွှင့်ခဲ့သည်မှ အချိန်အတိုဆုံးနဲ့ ရရှိခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်တင်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်နဲ့အတူ "DDU-DU DDU-DU"ကို ပြီးခဲ့တဲ့ ဇွန် ၁၅ ရက် ညပိုင်းက စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဇွန် ၂၂ ရက် နေ့လယ်ပိုင်းမှာတော့ ယင်းတေးဗီဒီယိုကို ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့သူပရိသတ် သန်း ၈၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါတေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ရက်သတ္တပတ်မပြည့်မီမှာပင် ပရိသတ် သန်း ၈၀ ပိုင်ဆိုင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ယခင်က ဒီစံချိန်ကို အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" က "Likey" တေးသီချင်းနဲ့ ရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ "TWICE" ကတော့ ပရိသတ် သန်း ၈၀ ကို စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၂ ရက်အတွင်း ပိုင်ဆိုင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

"BLACK PINK" ရဲ့ မီနီတေးအယ်လ်ဘမ်သစ် "Square Up" မှာ ပါဝင်တဲ့ "DDU-DU DDU-DU" တေးဗီဒီယိုကတော့ ပရိသတ် ဆယ်သန်းစီပြည့်ခဲ့တဲ့ မှတ်တိုင်တိုင်းမှာ စံချိန်သစ်တွေ တင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဇွန် ၁၆ ရက်မှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယား ၃၈ ခုမှာ နံပါတ်တစ်နေရာယူထားခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် "DDU-DU DDU-DU" တေးသီချင်းရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် ၁၀ သန်း၊ သန်း ၂၀ ကို အချိန်အတိုဆုံးနဲ့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ပါတယ်။ စတင်ထုတ်လွှင့်ခဲ့သည်မှ ၈၂ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၆၀ ပြည့်ခဲ့ကာ စံချိန်သစ်ချိုးခဲ့ပြီး လတ်တလောမှာတော့ ပရိသတ် သန်း ၈၀ ပြည့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE

**ENJOY LEARNING ● ENJOY SUCCESS**

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း **ISO 9001:2015** အသိအမှတ်ပြု လက်မှတ်ရ **VICTORIA UNIVERSITY COLLEGE** မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် ၂၀၁၈၊ ဇွန်လ တတိယ အပတ်တွင် ဖွင့်လှစ်မည့်၊ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

**အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန**

ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။





July Intake
ENROLL NOW

# MNC
MYANMAR NOBLE COLLEGE
No.6 (A), Kyoe Sett Yone Street, Thuwunna, Thingankyun Township, Yangon, Myanmar.
01- 2331257, 2331245,
09 - 780 63 9577, 448066660 ~ 3
www.myanmarnoblecollege.com.mm

## HND New Pathway

Business Management
- Marketing Management
- Human Resource Management
- Entrepreneurship and Small Business Management
- Operations Management
- Accounting and Finance

Civil Engineering
- Construction Architectural Technology
- Construction Management

SCHOLARSHIP AVAILABLE

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများအတွက် HND Foundation Course
- တက္ကသိုလ်ဝင်တန်းမပြီးဆုံးသေးသော ကျောင်းသား/ကျောင်းသူများအတွက် HND Level - 3 Diploma Course

Pearson

UEL University of East London

## Higher National Diploma
- Business Management
- Information Technology
- Engineering
  - Civil Engineering
  - Mechanical Engineering
  - Electrical & Electronic Engineering

Early Bird Promotion Discount
100,000 ks
Entail June 30

## Bachelor Degree
- B.A (Hons) Business Management
- B.Eng (Hons) Civil Engineering
- B.Eng (Hons) Mechanical Engineering
- B.Eng (Hons) Electrical & Electronic Engineering
- B.sc (Hons) Computer Science


ထာ ဝ ရ ကု သိုလ် ရ ယူ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

TRINITY COLLEGE | FOUNDATION STUDIES
THE UNIVERSITY OF MELBOURNE

MYANMAR'S BEST STUDENTS CHOOSE **TRINITY COLLEGE**

HIGH SCHOOL GRADUATES ARE INVITED TO ATTEND THE FOLLOWING:

**MONDAY 25 JUNE 2018**
**5:00-7:00PM**
**SULE SHANGRI LA HOTEL**
**SULE PAGODA RD**
**YANGON**

CONFIRM YOUR ATTENDANCE:
AUSTRALIA VISA & STUDENT SERVICES - MYANMAR
TEL: 09 5147227, 09 45000 6944 / 6955

CRICOS Code: 00709G




AIT
Asian Institute of Technology
APPLY NOW!
AUGUST INTAKE (MANDALAY & YANGON)



MPM
Professional Master's Program
Project Management in Construction

ဆက်သွယ်ရန်
ဦးအောင်မျိုးသိုက် (Program Partner)
09 785 157 276
unetwork2006@gmail.com



โรงพยาบาลสุขุมวิท
SUKUMVIT HOSPITAL

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့ *နိုင်ငံတကာအဆင့်မီ ဆုခွန်ဗစ်ဆေးရုံကြီး* တွင် ဝါရင့်ကျွမ်းကျင်သောအထူးကုဆရာဝန်ကြီးများမှ နောက်ဆုံးပေါ်ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် လူကြီးမင်းတို့၏ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်တိုင်းကျ ကုသပေးနေပါသည်။ ထို့အပြင် သင့်တင်သော ဈေးနှုန်း၊ ပျူငှာကောင်းမွန်သောဝန်ဆောင်မှုတို့နှင့် ကုန်ကျစရိတ် အသက်သာဆုံး အဆင်ပြေဆုံး စိတ်ကျေနပ်မှု ရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၇၇-E)၊ရှင်စောပုလမ်း၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Hot Line : 09-338 444 00, 09-338 444 11
sukumvit.ygnoffice@gmail.com, www.facebook.com/sukumvithospitalmyanmaroffice

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**ထိုင်းနိုင်ငံ၊ ဝေ့ဌာနီ ဆေးရုံကြီး၏ အထူးအစီအစဉ်**

ထိုင်းနိုင်ငံ၊ ဝေ့ဌာနီဆေးရုံကြီးမှ ကင်ဆာအထူးကု ဆရာဝန်လေးယောက်ပါဝင်သောအဖွဲ့သည် ယနေ့ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင် အဖြစ်များလာသော ကင်ဆာရောဂါအမျိုးမျိုး၊ အမျိုးသမီးကင်ဆာရောဂါများ၊ ကလေးသွေးကင်ဆာများနှင့်ပတ်သက်၍ ပြီးပြည့်စုံသော အထူးကုသမှုခံယူခြင်းနှင့် မည်ကဲ့သို့ စောစီးစွာ နည်းလမ်းရှာဖွေ ကုသခံယူနိုင်မှု နည်းလမ်းများအကြောင်းကို ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၇ရက် Hotel Melia တွင် ဆွေးနွေးဟောကြားပေးမည်ဖြစ်ပါသည်။ **"အခမဲ့"** လာရောက်တိုင်ပင်နိုင်ပါသည်။

စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ကြိုတင်စာရင်းပေးနိုင်ပါသည်။

**ZAW MAUNG MEDICAL SERVICES**
**Ph:09-254254330, 09-799645804**
**(နံနက် ၁၀း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအတွင်းသာ ဆက်သွယ်ပါရန်)**

mazda
PREMIUM JAPANESE
MAZDA SUV ROADSHOW
ဇွန်လ (၂၀) ရက်နေ့ မှ (၂၄) ရက်နေ့အထိ
မြန်မာပလာဇာ (မြေညီထပ်)
ပွဲတွင်း ဝယ်ယူမည့် Customer များအတွက်
UP TO CASH DISCOUNT
US$ 10,000
5 years Service Maintenance
Black Box
3 Years Warranty
Promotion Gifts



ALL NEW MAZDA CX-5
ALL NEW MAZDA CX-9
ALL NEW MAZDA CX-3
*One Year Free Insurance (Terms & Conditions Apply)

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline : 09 456 1111 04, 09 456 1111 05
SKYACTIV TECHNOLOGY


SONY
STRIKE GOAL
1ST JUNE - 15TH JULY 2018
SONY MID YEAR PROMOTION
STAR BUY
SALE NOW ON
X8000E
Sony's Android TV™
KD-55X8000E (55")
1,990,000 ks
FREE GIFTS
3D BLU-RAY™ HOME THEATRE SYSTEM BDV-E6100
X7500E
Sony's Android TV™
KD-49X7500E (49")
1,290,000KS
FREE GIFTS
3D BLU-RAY™ HOME THEATRE SYSTEM BDV-E3100
X7500E
Sony's Android TV™
KD-43X7500E (43")
990,000KS
FREE GIFTS
DVD HOME THEATRE SYSTEM DAV-TZ140
BRAVIA
W660F (43") NEW
Smart TV
KDL-43W660F (43")
679,000KS
Super Indoor Antenna
W650D (48") NEW
Smart TV
KDL-48W650D (48")
699,000KS
Sony Jersey
BDV-E6 100
Blu-ray Home Cinema System with Bluetooth
890,000KS
Sony Back Pack
HOME AUDIO VIDEO
MHC-V77DW
DVD Sound System
799,000KS
MDR-ZX310AP + USM8GR
GTK-XB7
470W Extra Base Boombox
449,000KS
Sony Back Pack
INTERCHANGEABLE CAMERA
ILCE-7RM3
4,690,000KS
Back Pack+ SF-64UY3+ Sony Jersey
ILCE-6000L
839,000KS
NP-FW50+ SF-64UY3+ Sony Jersey
NEW
999,000KS
XPERIA™ XZ2
ENTERTAINMENT TO THE EXTREME
Cover+Temper Glass+ Sony Travel Tote Bag+ SRS-XB10
XPERIA™ SMARTPHONE
XPERIA™ XA 1 PLUS
349,000KS
Cover+ Temper Glass+ MDR-ZX110AP
XPERIA™ L2
299,000KS
Cover+ Temper Glass+ MDR-ZX110AP
XPERIA™ L1
199,000KS
Cover+ Temper Glass
WIRELESS SPEAKER
DEALS OF THE MONTH (1ST JUNE - 30TH JUNE 2018)
SRS-HG1
299,000KS
20% OFF 239,200KS
SRS-XB3
229,000KS
15% OFF 194,650KS
SRS-XB2
153,000KS
15% OFF 130,050KS
EARPHONE & HEADPHONE
WI-H700
219,000KS
T-Shirt+Towel +Extra Bass String Bag
IER-H500A
115,000KS
T-Shirt +Towel
MDR-XB550AP
85,000KS
Extra Bass String Bag
MDR-EX 155AP
59,500KS
T-Shirt
MDR-AS2 10AP
45,000KS
T-Shirt+Towel
Sony 32" LED TV
Sony Showroom Myanmar Plaza
Sony Showroom Junction City
GUESS & WIN LUCKY DRAW
1ST JUNE - 10TH JULY, 2018
55",50" Sony's Android TV™
SONY SHOWROOM
Junction City, Tel: 09 422999963
Myanmar Plaza, Tel: 09 455533667
Kabar Aye, Tel: 01-556622
Bo Aung Kyaw, Tel : 01-8398566, 8398563 ,
Gamome Pwint Shopping Mall, Tel : 09 73119900
Mandalay, Tel: 02-72580~4
Nay Pyi Taw, Tel: 067-3420791, 3420966
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!
Like Us On
Sony Showroom By TMW Enterprise Limited
Official Warranty by: TMW Enterprise Limited
WAI YAN ELECTRONICS
Dealer
Official Warranty

## ၉ တန်း၊ ၁၀ တန်း (တက္ကသိုလ်ဝင်တန်း) ဖြေဆိုမည့် ကျောင်းသား/သူများအတွက်

ပြောင်းလဲလာတဲ့ မေးခွန်းပုံစံနှင့်အညီ... ဆန်းသစ်တဲ့ အတွေးအခေါ်များကို ထိရောက်သောသင်ကြားမှုတို့ဖြင့် အခန်းတိုင်းကို ပိုင်နိုင်စေဖို့အတွက် စာသင်နှစ်များစွာရှိ ဆရာကြီးများမှ အကောင်းဆုံး သင်ကြားပို့ချ၍ ဝါရင့် ဆရာ / ဆရာမများဖြင့် အထူးလေ့ကျင့် ကျက်မှတ်ပေးပါသည်။

သင်ကြားပို့ချမည့်ဆရာကြီးများ

- မြန်မာစာ - ဒေါက်တာသန်းထိုက်
- အင်္ဂလိပ်စာ - ဦးအေးထွတ်၊ ဦးလွင်မောင်ကျော်
- သင်္ချာ - ဦးခင်မောင်သန်း
- ဓာတုဗေဒ - ဆရာညီညီ (သရုပ္ပဓာတုဗေဒ)
- ရူပဗေဒ - ဦးဉာဏ်လွင်၊ ဦးဝဏ္ဏသက်ဝေ
- ဇီဝဗေဒ - ဒေါက်တာမြသိန်း၊ ဦးအောင်ကိုရှိန်
- ဘောဂဗေဒ - ဒေါ်သက်စုကြည်

Guide ဆရာ / ဆရာမ(၄)ဦး

မြင့်မားသည့် ရမှတ်များနှင့် ရည်မှန်း သွက်လက် ထူးချွန် ထက်မြက်သူတို့ စုဝေးရာ ကျောင်းမဟာ

# မေဓာ

၉တန်း၊၁၀တန်း

နေ့တက်အထူး (ညအိပ်Camp) နှင့် ဘာသာစုံစာသင်၊စာကျက်ဝိုင်းများ

- စနစ်တကျ ကြိုးစားလိုသူများ
- စည်းကမ်းလိုက်နာသူများကိုသာ လက်ခံပါမည်။

Repeater တန်းခွဲသစ်များ ကျောင်းအပ် လက်ခံပြီ

H-2၊မေခလမ်း၊မေခအိမ်ယာ၊သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉ - ၅၁၀၂၄၅၆၊ ၀၉ - ၅၄၀၆၅၄၆

## သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

| | | |
|---|---|---|
| - မင်းလာဒုံ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ အလျားပေ (၁၆၀)၊ အနံပေ (၅၆)၊ သုံးထပ်ဆောင် (ဘုရားခန်းမဆောင်) တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀ |
| - လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - ပြုတင်းတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - အိမ်သာ၊ ရေချိုးခန်း တစ်ခန်းလျှင် | ကျပ် | ၈၀၀၀၀၀ |
| - ဆရာဝန်နားနေဆောင် | ကျပ် | ၅၀၀၀၀၀၀ |
| - ဝရံတာတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - ပေ (၂၀×၅၀) တခန်းလျှင် | ကျပ် | ၅၀၀၀၀၀၀ |
| - အမိုးနှင့်မျက်နှာကျက်တစ်ကွင်းလျှင် | ကျပ် | ၁၅၀၀၀၀၀ |
| - လူနာကုတင်တစ်လုံးလျှင် | ကျပ် | ၁၅၀၀၀၀ |

ဌာန - ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ ရန်ကင်း ILBC အနီး တာမွေလေးသံလမ်း။ ဖုန်း - ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃

သီတဂူရွှေပြည်ဟိန်းကျောင်း၊ ကျော်ကားဓာတ်အားခွဲရုံအနီး ပြည်လမ်းမ၊ မင်းလာဒုံ၊ စေတဝန်မှော်ရုံကျောင်းသော။ ဖုန်း - ၀၉-၄၃၀၉၆၄၈၁

ရွှေပုံတိုင်ဘဏ်မှတဆင့် Ashin Khemasirilinkara Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။



STANDARD ECO ZONE
your affordable quality

၁၀၀% ရေစိမ်ခံ / ခြံမအား
VINYL FLOOR

လက်ကားအထူးဈေးနှုန်း

2mm Glue Type
69,000Ks
Floor only (တစ်ကျင်းဈေး)

** Stock Limit ကျင်း(၁၀၀)သာ

အညီအညွှန့်ဈေးနှုန်းချိုတွင်မှ ဝယ်ယူနိုင်သည်

Hotline: 09 4555 444 30, 09 4555 444 03

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသမီးသီးသန့် Beauty Salon တွင် အလုပ်သင်နှင့် ဘာသာရပ် ကျွမ်းကျင်အမျိုးသမီး ဝန်ထမ်းများ အမြန်အလိုရှိသည်။

(အလုပ်သမားရှာဖွေရေး မဟုတ်ပါ)

09 5199076

## နန်းထိုက်အောင်

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595

ဦးနှင်းဦး(ထားဝယ်)

## ထိပ်တန်း

အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း

ခေတ်မှီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

| | |
|---|---|
| (၁) (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဘထူးလမ်းမြောက်ဆုံး ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း | ၀၉ - ၄၄၁၀၅၄၉၂၇<br>၀၉ - ၄၃၁၉၁၉၂၀ |
| (၂) တိုက်(၃၄)၊ ကမာကြည်အိမ်ရာ၊ ကမာကြည်လမ်းမကြီး၊ သာကေတ(အိုင်း)အနီး | ၀၉ - ၂၆၂၁၅၁၃၄၇<br>၀၉ - ၄၂၁၁၂၁၅၈၂ |
| (၃) ၂၆၆၊ ဗိုလ်မှူးဘထူးလမ်း၊ (ဈေးလေးမှတ်တိုင်အနီး)၊ (၅)ရပ်ကွက်၊ အရှေ့ဒဂုံ | ၀၉ - ၇၆၂၃၄၂၁၇၃ |



ဘေလ်ပေးဆောင်ခြင်းများကို KBZ နှင့် CB ဘဏ်ခွဲတိုင်းတွင် လွယ်ကူစွာဆောင်ရွက်နိုင်ပါပြီ။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

Mobile Banking
ဖြင့်လည်း ပေးဆောင်နိုင်ပါပြီ။

KBZ BANK
C B BANK

MOBILE BANKING
PAYMENT

ဘဏ်ဝန်ဆောင်ခ အခမဲ့

MPT Fixed Line Phone
FTTH
ADSL
MPT Post-Paid Mobile Phone

# Aldersgate College ( Philippines )
## Myanmar Campus

CSIS

မှုဝေးအပ်စိုးမြင့်မည့် သင်တန်း တန်းခွဲသစ်များအား (၃၀၊ ၆၊ ၂၀၁၈) စနေနေ့တွင် စတင်ဖွင့်လှစ်သွားပါမည်...

MPA ( Thu, Fri, Sat ) & MBA ( Tue, Wed, Sat )

သင်တန်းကြေးအားလစဉ်အရစ်ကျ ပေးသွင်းတက်ရောက်နိုင်ပါသည်။




No. (81- A/10), Supaung Lane, Inya Myaing Road, Bahan Township, Yangon. Call Now!! 09 253 868 223, 09 253 868 224

## ဆုံသစ္စာ
Car rental
လချုပ် ခရီးနီး/ဝေးငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09799566761
095504667

## Asia Dragon
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ကျိုက်ထီးရိုး ဖားအံ
09 300 300 70, 09 300 300 90

## ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အခြေစိုက်အလုပ်ရုံအမှတ် – ၃၊ မရမ်းကုန်း)
## အခြေခံယာဉ်မောင်းသင်တန်းကျောင်း

အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ်(၂၂၉) (ပုံမှန်သင်တန်း)အား ၄-၇-၂၀၁၈ရက်နှင့် စနေ၊ တနင်္ဂနွေ(အထူးသင်တန်း)ကို ၇-၇-၂၀၁၈ ရက်နေ့တွင် ဖွင့်လှစ်ပါမည်။ Auto နှင့် Manual (၂)မျိုး သင်ကြားပေးသည်။ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အင်ဂျင်သင်တန်းကို ၂-၇-၂၀၁၈ ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းလိပ်စာ - အမှတ်(၁၁၀)၊ ပြည်လမ်း၊ မရမ်းကုန်း၊ (၈)မိုင်မှတ်တိုင်(ခုံးကျော်တံတားအနီး)

**(သင်တန်းသားဦးရေ ကန့်သတ်ထားသည်။)**

ဆက်သွယ်ရန် ဖုန်း-၀၁-၆၆၀၈၅၁၊ ၀၁-၆၆၀၃၇၂၊ ၀၉-၄၂၀၇၂၂၃၇၉၊ ၀၉-၃၁၂၅၄၅၉၉၊ ၀၉-၄၂၁၀၉၆၃၆၁

## နိုင်ယူဇန် နာရီဆိုင်မှ
လူကြီးမင်းတို့၏ အဖိုးတန် ROLEX , OMEGA နှင့် အခြား SWISS MADE နာရီများကို အထူးဈေးကောင်းပေး၀ယ်ယူလိုကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်အမှတ် (၁) ➤ ၂၉၉၊ အနော်ရထာလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်။
ဆိုင်အမှတ် (၂) ➤ ၂၁၁၊ အနော်ရထာလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်။
ဖုန်း ➤ ၀၉-၉၆၅၁၅၅၈၅၄၊ ၀၉-၅၁၅၅၈၅၄

## မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ဝန်း ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် 10', 15', 16' ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

## နေပြည်တော်
## ကားမောင်း(အတတ်သင်)သင်တန်း
ဗ–(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ခေတ်မီကားမျိုးစုံဖြင့် Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

NCC education
စီးပွားရေးဘာသာရပ်များ ကိုသာမက အိုင်တီဘာသာရပ်များကိုပါ လေ့လာလိုသောလူငယ်များအတွက်...

STRATEGY FIRST

# NCC Level (4) Diploma in Business IT
UK မှ စီးပွားရေး IT ဘွဲ့ကိုရယူနိုင်မည့် University Pathway Programme ပထမနှစ်တန်းခွဲသစ်စမည်။

NCC သည် နိုင်ငံပေါင်း (၅၀) ကျော်ကို British Education ရရှိနိုင်ရန်ဆောင်ရွက်ပေးသော Awarding Organization ဖြစ်ပါသည်။ အခြား Diploma များနှင့် မတူသော အချက်ကတော့ ဖြေဆိုရတဲ့ Exam များ Assignment များကို ပြည်တွင်းမှမဟုတ်ဘဲ UK မှတိုက်ရိုက် Assess လုပ်ခြင်းဖြစ်ပါသည်။ NCC ရဲ့ Qualifications တွေဟာဆိုရင် နိုင်ငံတကာ တက္ကသိုလ်များ၊ လုပ်ငန်းရှင်များအသိအမှတ်ပြုထားပါသည်။ Level 4 Diploma inBusiness IT တက်ရောက်ရန်အတွက် Foundation (၂) လ ဦးစွာတက်ရောက်ရမည်။ လက်တွေ့လုပ်ငန်းခွင်အတွက် အရေးကြီးသော စီးပွားရေးဘာသာရပ်များသာမက သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ် (၈) ခုကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

### သင်တန်းကြေးနှင့် Scholarship များ
ပထမနှစ်အတွက် Scholarship များကို တက္ကသိုလ်ဝင်စာမေးပွဲ (သို့) IGCSE စာမေးပွဲတွင် ဂုဏ်ထူးရသည့် ဘာသာရပ် အရေအတွက်အလိုက် Scholarship များပေးအပ်သွားမည်ဖြစ်သည်။ စာမေးပွဲကြေးမပါဝင်ပါ။

- ဂုဏ်ထူး ၁ ဘာသာ - ၂ သိန်းကျပ်
- ဂုဏ်ထူး ၂ ဘာသာ - ၄ သိန်းကျပ်
- ဂုဏ်ထူး ၃ ဘာသာ - ၆ သိန်းကျပ်
- ဂုဏ်ထူး ၄ ဘာသာ - ၈ သိန်းကျပ်
- ဂုဏ်ထူး ၅ ဘာသာ - ၁၅ သိန်းကျပ်
- ဂုဏ်ထူး ၆ ဘာသာ - ကျပ် သိန်း ၂၀
- အင်္ဂလိပ်စာဂုဏ်ထူး - ၄ သိန်းကျပ်
- အင်္ဂလိပ်စာအမှတ် ၆၀ နှင့်အထက် - ၂ သိန်းကျပ်

စသည်ဖြင့် Scholarship discount များပေးအပ်သွားမည်ဖြစ်သည်။

ပထမနှစ်အတွက် သင်တန်းကြေး - ၃,၅၇၅,၀၀၀ ကျပ် | စာမေးပွဲကြေး - ပေါင် ၃၂၀ (မြန်မာငွေ ၆ သိန်းဝန်းကျင်)

### ဝင်ခွင့်သတ်မှတ်ချက်များ
IGCSE (သို့အဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5)ကိုရရှိအောင် ဖြေဆိုရမည်။ ဝင်ခွင့်စာမေးပွဲ အောင်မြင်သူများကိုသာ လက်ခံပေးသွားမည်ဖြစ်သည်။

- သင်တန်းကြေးကို (၃)ရစ် ခွဲသွင်းနိုင်ပါသည်။ ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် သိန်း (၂၀) အထိ သင်တန်းကြေးသက်သာခွင့်ရှိမည်။





ပထမနှစ် တန်းခွဲသစ်ကို ဇူလိုင်လ (၂) ရက်နေ့တွင်စမည်။

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

Call Now : 09 450 1777 71


FEROFORT®
Iron, B-Complex, Vitamins, Zinc, Lysine
သွေးအားနည်းခြင်းအတွက်
သံဓာတ်အားဖြည့်ဆေး
ဖယ်ရိုဖော့
စတော်ဘယ်ရီရနံ့
တစ်နေ့ (၁)လုံး သောက်သုံးရန်။
NEW
IRON SUPPLEMENT
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
Lady Power by Ferofort
KALBE

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဦး
## အသက်(၇၈)နှစ်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ၊ ဦးမျိုးလွင်-လက်ထောက်အထွေထွေမန်နေဂျာ၊ ဒေါ်ယဉ်ကျေးတို့၏ မိခင်ကြီး ဒေါ်တင်တင်ဦးသည် ၂၁-၆-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်နီနီ ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ဇေယျကျော်ထင် ဝင်းမြင့်(ငြိမ်း) သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်လေးမြင့်**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ဇေယျကျော်ထင် ဝင်းမြင့်(ငြိမ်း) သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့် (ငြိမ်း)
**DSA 8th Intake**
## အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့် (ငြိမ်း) အသက် (၇၄) နှစ်သည် (၂၁-၆-၂၀၁၈) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသည်။ မိဘ၊ ဆရာသမားအဖြစ် ရှိသေလေးစားရပါသော အဘ ဗိုလ်ချုပ် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ရီ-ဒေါ်ခင်မေစိုး (မိသားစု)**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)
**DSA 8th Intake**
## အသက်(၇၄)နှစ်

ဦးအောင်စည်သူ-ဒေါ်ချယ်ရီလှိုင်တို့၏ ဖခင် ဗိုလ်ချုပ် ဇေယျကျော်ထင် ဝင်းမြင့်(ငြိမ်း) အသက်(၇၄)နှစ်သည် ၂၁-၆-၂၀၁၈ ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၈)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)
**DSA 8th Intake**
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ဇေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စောထူးသာနှင့်ဇနီး ဒေါ်အမာကြူ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီသီမြင့်၏ အစ်မဖြစ်သူ ဒေါ်နီနီမြင့် အသက် (၅၄)နှစ် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်မောင်စိုး+ဒေါ်စန်းစန်းဌေး(မိသားစု)**
**ဓနုရှင်နယ်နက်ခ်ဝက်ကုမ္ပဏီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီမြင့်
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်(၂၇)၊ အခန်း(၇၅/၇၆)နေ (ဦးမြင့်သောင်း-ဒေါ်ခင်မြင့်)တို့၏ သမီးကြီး၊ ဒေါ်သီသီမြင့်၊ ဗိုလ်မှူးကြီးဇော်ထွန်းမြင့်(ငြိမ်း)-ဒေါ်စိုးစိုးဆင့်တို့၏ အစ်မ၊ မမြဟေမာန်၏ ချစ်လှစွာသော မွေးသမိခင် မဆင့်မွှန်၊ မဝင့်မွှန်၊ မောင်ခန့်သူတို့၏ အဒေါ်သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၆း၂၂ နာရီတွင် သထုံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ ရက် (သောကြာနေ့)တွင် သထုံမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်
## အသက်(၆၇)နှစ်
**သုဝဏ္ဏ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ ယင်းမာမြိုင်လမ်း၊ တိုက်(၇၇/အခန်း-၂)နေ (ဦးချမ်းအေး-ဒေါ်ကြည်)တို့၏ သမီးကြီး၊ ဦးကျော်စိုး-ဒေါ်သန်းသန်း၊ (ဦးတင်ဌေး)-ဒေါ်ခင်ဖြူဝင်း၊ ဦးမောင်မောင်-ဒေါ်ခင်ညိုညိုတို့၏ ချစ်လှစွာသော အစ်မကြီး၊ (ဦးမျိုးအောင်)၏ ဇနီး၊ ဦးအောင်မျိုးဦး-ဒေါ်မိုးမြမြရီ၊ ဒေါ်အေးသန္တာအောင်၊ ဦးအောင်သန့်စင်-ဒေါ်ထွေးထွေးဝင်း၊ ဦးအောင်ဇေယျာထွေး-ဒေါ်ဖြိုးဇာခြည်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## PRESCA ဒေါ်သောင်းသောင်း(ကျန်းမာရေးဆရာမ-ငြိမ်း)
## အသက် (၈၉) နှစ်

မန္တလေးမြို့နေ (ဦးမောင်မောင်သောင်း-ဒေါ်ယဉ်ကြည်)တို့၏သမီးချွေးမ၊ (ဦးဖိုးကဲ-ဒေါ်လေးခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးဂျော်နီသောင်းတင်)၏ ညီမ၊ (အနားယူသာသနာပိုင်ချုပ်ကြီး အန်ဒြေဦးမြဟန်)၊ ဒေါ်စည်စည်လျာဖိုးကဲ၊ (အန်နီဒေါ်ခင်ထွေးရီ)တို့၏အစ်မ၊ မန္တလေးမြို့၊ ရဲမွန်တောင်ရပ်ကွက်နေ (ဦးဝင်းနိုင်သောင်း)၊ (ဦးသက်နိုင်သောင်း)၊ ဦးကျော်ကျော်နိုင်-ဒေါ်ခင်မျိုးခန့်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ [ဦးသန့်ဇင်သောင်း (မြို့နယ်တရားသူကြီး)]၏ ချစ်လှစွာသောဇနီးသည် ၂၂-၆-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် (၂၆)လမ်းနှင့် (၇၇)လမ်းထောင့်ရှိ ရှင်မာရိဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## Pi Thang Khaw Ciang
## အသက် (၈၃) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထန်းဇန်ကျေးရွာနေ (Pu Kai Dim-Pi Zel Za Cing)တို့၏သမီး၊ ဂေါင်မွှလ်ရွာနေ (Pu Luan Khaat-Pi Ngai Nian) တို့၏သမီးချွေးမ၊ (Pu Thawng Kai-Pi Cin Za Vung)တို့၏ညီမ၊(Pi Awi Za Zo)-Pi Don Manတို့၏အစ်မ၊ တီးတိန်မြို့၊ မြို့မရပ်ကွက်၊ အမှတ်(မ/၁၀၀)နေ (Pu Lian Khen)၏ချစ်လှစွာသောဇနီး၊ (Pu Khat Khaw Thang)-Pi Nang Hau Cing . Saya mah Nain Ngaih Ciin (သုခကမ္ဘာဆေးရုံ-ရန်ကုန်)-Rev.Dr. Si Than၊ Cing Khan Don၊ Din Khan Mang-Cing Nuam Vung၊ Cing Khan Lun (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ၊ တီးတိန်မြို့)တို့၏ချစ်လှစွာသောမိခင်၊ Khen Sian Mung-ဝေဝေအုန်း၊ Thomas Lianpi Hesa-Elly Lian၊ Salai Khen Suan Khai-Shalom Biak Hlei Sung၊ Ciang Zam Din-Mung Ban Kim၊ Niang Sian Lam-Cim Mun Mang၊ Ciin Huai Kim၊ Kham Sian Suang၊ Lung Kop Niang၊ Lian Khan Sian Dimတို့၏ချစ်လှစွာသောအဘွား၊ Thang Hau Pau၊ Hau Sian Kim၊ Khai Sian Mung၊ Mung Sian Van တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၁-၆-၂၀၁၈ ရက် ည ၆း၃၀ နာရီတွင် တီးတိန်မြို့၊ ပြည်သူ့ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် တီးတိန်မြို့၊ မြို့မနှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
## ဦးချစ်လှိုင်(ခ)ဦးလူဝ
## အသက်(၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၉၇၃)၊ သူရသတီလမ်းနေ (ဦးညွန့်မောင်-ဒေါ်စောလှ)တို့၏ သား၊ ဒေါ်ကြင်ငြိမ်း၏ ခင်ပွန်း၊ ဦးသန်းဦး-ဒေါ်ချိုချိုအေး၊ ဦးဇော်ဝင်း-ဒေါ်ခင်စိမ်းဝါ၊ ဦးစိုးတင့်၊ ဦးဝင်းဇော်-မသီတာစိန်၊ ဦးဇော်အေးမိုး(လ/ထ ညွှန်ကြားရေးမှူး) ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မူဆယ်မြို့)-ဒေါက်တာစိမ်းစိမ်းမူ (ဦးစီးအရာရှိ) ခရိုင်စိုက်ပျိုးရေးဦးစီးဌာန (မူဆယ်မြို့)တို့၏ ဖခင်၊ မောင်ကောင်းထက်လင်း၊ မောင်ဟိန်းခန့်ဇော်၊ မလဝန်းဝတီတို့၏ အဘိုးသည် ၂၂-၆-၂၀၁၈ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်နန္ဒာစာရီ(ခ)ဒေါ်သိန်းခင်
## အသက် (၅၇) နှစ်

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်နေ (ဦးကျံအေး-ဒေါ်ရှောက်ဝါ)တို့၏ သမီး၊ (ဦးလောက်အဲ) - ဒေါ်ညို၊ (ဦးကျော်ညွန့်)-ဒေါ်ရှောက်သီ၊ ဦးသန်းထွန်း-ဒေါ်ခင်ဖြူ၊ (ဦးရွှေပန်း-ဒေါ်လောက်ဆန်း)၊ဦးစိုင်းချစ်စိန်-ဒေါ်အေးတို့၏ညီမ၊ (ဦးကျော်ထင်)-ဒေါ်ချိုချိုသင်း၊ (ဗကဇော်မင်းအောင်)-ဒေါ်မေဘယ်လ်၊ ဦးကျော်ဌေး-ဒေါ်သဇ္ဇာ၊ မကြူကြူတို့၏ချစ်လှစွာသောအစ်မ၊ တူ/တူမ ၂၂ ယောက်တို့၏အဒေါ်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၄)ရပ်ကွက်၊ မေတ္တာမွန်ရုံကျောင်းတိုက်၊ ကျောင်းထိုင် ဆရာကြီး ဒေါ်နန္ဒာစာရီ (ခ) ဒေါ်သိန်းခင်သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၁)၊ အခန်း(၅၀၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးသန်း
**ဒု-လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း**
## အသက် (၆၉) နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဇောင်းတောကန် ကျေးရွာနေ (ဦးကံလှ-ဒေါ်မလေး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၃၃)နေ ဒေါ်ဝင်းပို၏ ခင်ပွန်း၊ ဒေါ်စမ်းစမ်းအေး (လမဖ၊ ပင်မဆေးသိုလှောင်ရေးဌာန၊ အလုံ) ၏ ဦးလေး၊ ကိုညီညီအောင်(2/E PIL)-မရည်မွန်ဖြူတို့၏ဖခင်၊ မောင်အောင်ကောင်းကျော်၊ မောင်အောင်ကောင်းဇေတို့၏ ချစ်လှစွာသော အဘိုးသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးသက်ထွန်း (အုတ်တွင်းမြို့)
## အသက်(၉၀)
**ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

အုတ်တွင်းမြို့၊ ကြက်သွန်ခင်း (၂)ရပ်ကွက်နေ (ဦးအေး-ဒေါ်သင်နု)တို့၏ သား၊ (ဒေါ်ခင်ရီ)၏ ခင်ပွန်း၊ ဦးအောင်မြင့် - ဒေါ်ခင်သက်နွယ်၊ (ဒေါ်အေးအေးသန်း)၊ ဦးကံသာထွန်း-ဒေါ်လွင်လွင်မိုး၊ ဒေါ်ခိုင်ခိုင်ထွန်း၊ ဦးသန်းထိုက် - ဒေါ်ကြည်ကြည်သန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၂ ယောက်တို့၏ အဘိုး၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက် ၃ နာရီတွင် အုတ်တွင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အုတ်တွင်းမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာလုကျော် (ခ) ဦးဝင်းမြင့် (ခ)
## Walter H Kyaw
**Alex Service Corporation (Vice President)**
## အသက် (၆၉) နှစ်

မြောင်းမြမြို့နေ (သခင်အောင်ဖေ-ဒေါ်တင်တင်)တို့၏ ဒုတိယသား၊ ဒေါက်တာလှမင်း-ဒေါ်တင်တင်ခိုင်တို့၏ညီ၊ (ဦးအေးကျော်)-ဒေါ်ဝင်းမာ၊ ဦးစိုးညွန့်-ဒေါ်နီလာ၊ ဦးယုတင်-ဒေါ်ကြည်ကြည်အေး၊ ဦးကျော်ကျော်-ဒေါ်အေးအေးမော်၊ ဦးရေခဲ-ဒေါ်သီတာ၊ ဦးတင်မောင်မောင်-ဒေါ်အေးအေးကြွယ်၊ ဒေါ်မိဌေးတို့၏ အစ်ကို၊ တူ/တူမ ၁၁ ယောက်တို့၏ ဘကြီး၊ Miss Jung Ja Song ၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသောင်းထွန်းလင်း-ဒေါ်မြင့်သီရိကျော်တို့၏ဖခင်၊ မမေသီရိလင်း၊ မောင်အောင်ဘုန်းလင်းတို့၏ ချစ်လှစွာသော အဘိုးသည် ဒေသစံတော်ချိန် ည ၁၀း၄၀ နာရီတွင် U.S.A, Maryland, Frederick မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးလွင်
## အသက် (၆၄) နှစ်
**ဦးစီးအရာရှိ (ငြိမ်း)၊ အုပ်ချုပ်ရေးမှူး၊ မိန်းမလှကျွန်း၊ ဘေးမဲ့တော၊ ဘိုကလေးမြို့**

ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၈)နေ (ဦးရန်အေး-ဒေါ်အေး) တို့၏သားငယ်၊ (ဦးသောင်းညွန့်-ဒေါ်ညွန့်ရင်)တို့၏ သားသမက်၊ ဘိုကလေးမြို့၊ သစ်တောင်းနေ ဒေါ်ဝါဝါလွင်(စာရင်းစစ်-၂၊ မိန်းမလှကျွန်း၊ ဘေးမဲ့တော)၏ခင်ပွန်း၊ ကိုနေလင်းဦး-မကျော့ကျော့ခိုင်(GRET)၊ မောင်ဟိန်းသူထူး(Research Officer, PGSA)၏ ဖခင် ဦးစိုးလွင်သည် ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ဘိုကလေးမြို့၊ သစ်တောဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**
## ဦးကျော်ကျော်ရွှေ
## အသက်(၆၄)နှစ်
**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ (၈)လမ်း၊ တိုက်(၄၉)၊ သုံးလွှာ(B)နေ (ဦးစောရွှေ-ဒေါ်မြမေ)တို့၏ သားသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါသည်။ ၂၂-၆-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ် ဇေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)
## အသက်(၇၄)နှစ်
**DSA 8th Intake**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေးရီ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသိန်းဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ညိုညိုညိမ်းဝင်း၊ ဒေါ်တင်ဆုဝင်း၊ ဦးအောင်စည်သူ-ဒေါ်ချယ်ရီလှိုင်၊ဦးဇာနည်ဝင်းမြင့်-ဒေါ်ဖွေးအိဖြူ တို့၏ ဖခင်၊ မသက်ထားစည်သူ၊မောင်စစ်သွေးအောင်၊မယွန်းသဉ္ဇာနည်၊မပြုံးမြတ်စည်သူ၊ မောင်ဟိန်းစည်သူ၊ မောင်လမင်းဟိန်း၊ မောင်သော်ဇွဲခန့်၊ မောင်ဟိန်းထက်အောင်တို့၏ အဘိုး၊ အမှတ်(၂၃/၁၉၄)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုး
**လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ သ. သ. န**
## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၇၈၃/ခ)နေ (ဦးအုန်းမောင်-ဒေါ်ရှု)တို့၏ သား၊ (ဦးခင်မောင်-ဒေါ်နှင်းလှ)တို့၏သားသမက်၊ ဦးမြင့်သိန်း-(ဒေါ်အန်းကူ)၊ (ဦးတင်လှိုင်)-ဒေါ်ခင်မြတို့၏ညီ/မောင်၊ ဦးခင်မောင်လေး(သ. ထ. ပ-ငြိမ်း)၏ အစ်ကို၊ ဦးထိပ်ထိပ်ထွန်း- ဒေါ်နှင်းစန္ဒာဦး(အားသစ်အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး)၊ ဦးထူးအောင်ဇော်(သ. သ. န) - ဒေါ်စန္ဒီအောင်တိုး(သ. သ. န)၊ ဦးထူးအောင်ကျော် (K.B.Z)တို့၏မွေးသဖခင်၊ မောင်သုတထူးအောင်၊ မမေဘုန်းမြတ်ထူးတို့၏အဘိုး၊ ဒေါ်စိန်စိန်လှ(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ သ. သ. န)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကြည်
**B.E (Mechanical) စက်ရုံမှူး(ငြိမ်း)**
## အသက်(၇၀)
**ဝါးခယ်မမြို့**

ဝါးခယ်မမြို့နေ (ဦးသန်းမောင်-ဒေါ်ခင်ရီ)တို့၏ သား၊ ပျဉ်းမနားမြို့နေ (ဦးမြင့်-ဒေါ်မြင့်မြင့်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းနွဲ့(ခ)တာတာ (စာရင်းစစ်မှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးမောင်မောင်(ကထိက၊ ဓာတုအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ်၊ မကွေးမြို့)၊ ကိုတိုးမောင်မောင်(ခ) ဂူးဂူး(ခေတ္တကိုရီးယား)တို့၏ ချစ်လှစွာသော ဖခင် ဦးမောင်မောင်ကြည်သည် ၂၁-၆-၂၀၁၈ရက် နံနက်၀၀း၄၅နာရီတွင် ၁၃/၇၆၊ မောင်ခင်လမ်း၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်စိုးမိုး(ခ)ကိုငယ်လေး
**မြင့်မိုရ် (II) အီလက်ထရောနစ်**
## အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (D-10)၊ မင်းရဲကျော်စွာအိမ်ရာနေ (ဦးတင်ဌေး)-ဒေါ်ခင်သန်းတို့၏သား၊ ကျိုက်ထို မြို့နေ (ဦးဌေးသိန်း)-ဒေါ်ခင်မေတို့၏သားသမက်၊ ဒေါ်နှင်းနှင်းဖြူ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သက်မှူးသွင်၊ မောင်သက်ပိုင်သွင်၊ မောင်ဘုန်းထူးပိုင်တို့၏မွေးသဖခင် ကျေးဇူးရှင်သည် ၂၂-၆-၂၀၁၈ ရက် နံနက် ၃း၀၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်နှင့် မြင့်မိုရ် (II) အီလက်ထရောနစ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမိုးကျော်ဦး(ခ)မိုးမိုး
## အသက်(၄၈)နှစ်
**မော်လမြိုင်မြို့**

မော်လမြိုင်မြို့၊ အမှတ်(၁၄၇)၊ အောက်လမ်းမကြီး၊ ဈေးကြီး၊ ဖက်တန်းရပ်နေ မရည်မွန်အောင် (ခေတ္တ-Singapore)၊ ကိုလွင်ဦးနိုင်-မလှိုင်ဝေထွန်း၊ Dr.. လင်းထိုက်ကျော်- Dr.. ရွှေရည်အောင်၊ Dr.အောင်ခန့်-မချစ်ဆုဝေ၊ မဆုရည်နိုင်(ခေတ္တ- Australia)၊ ကိုမင်းသန့်-မယမင်းပိုးဝါ၊ ကိုရဲထက်အောင်-မဆုမြတ်မွန်၊ မလဲ့ရည်ဖွေး၊ မောင်ဝင်းသက်ဦး၊ မောင်သူရထွေး၊ မအိပွင့်ဖြူ (ခေတ္တ-Singapore)၊ မသိမ့်မြတ်နိုး(ခေတ္တ-USA)၊ မသုမြတ်နိုး(ခေတ္တ-USA) တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃း၂၈ နာရီတွင် ရန်ကုန်မြို့၊ UHC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမိုးကျော်ဦး(ခ)မိုးမိုး
## အသက်(၄၈)နှစ်
**မော်လမြိုင်မြို့**

မော်လမြိုင်မြို့၊ အမှတ်(၁၄၇)၊ အောက်လမ်းမကြီး၊ ဈေးကြီး၊ ဖက်တန်းရပ်နေ (ဦးစိန်ဟော်-ဒေါ်ကင်ဝှက်)တို့၏ ချစ်လှစွာသော သားထွေး၊ ဦးဌေးအောင်-ဒေါ်ရင်ရင်စိန်၊ ဦးမြင့်ဦး-ဒေါ်ခင်ချိုဝင်း၊ ဦးချန်စိန်-ဒေါ်ရီရီစိန်၊ ဦးဌေးလွင်-ဒေါ်လွင်လွင်စိန်၊ ဦးသန်းအောင်-ဒေါ်ဌေးဌေးစိန်၊ Dr.မောင်မောင်လွင်-Dr.ကြည်ကြည်စိန်တို့၏ ချစ်လှစွာသော ညီ/မောင်၊ တူ/တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသောဦးလေး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသော ဘိုးလေးသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃း၂၈ နာရီတွင် ရန်ကုန်မြို့၊ UHC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အခြေခံဈေး ယူရိုငွေ ၅၀၀ နှင့်အထက် ကျောက်မျက်အတွဲ ၃၃၆ တွဲ ပြသရောင်းချ

**နေပြည်တော် ဇွန် ၂၂**

အခြေခံဈေး ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲပေါင်း ၃၃၆ တွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ယခုပြပွဲတွင် ကျောက်မျက်အတွဲ ၃၃၆ တွဲနှင့် ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲကို ခင်းကျင်းပြသထားပြီး ကျောက်မျက်တစ်တွဲလျှင် အခြေခံဈေး ယူရိုငွေ ၅၀၀၊ ကျောက်စိမ်း အချောထည် အခြေခံဈေး ယူရိုငွေ ၁၀၀၀၊ အရိုင်းထည် အခြေခံဈေး ယူရိုငွေ ၄၀၀၀ သတ်မှတ်ထားပြီး အခြေခံဈေးနှုန်း အများဆုံး သတ်မှတ်ချက်သည် ယူရိုငွေတစ်သန်းနှင့်အထက် တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၄ တွဲရှိသည့်အနက် အများဆုံး ယူရိုငွေ ၁၅ သန်းဖြင့် ရောင်းချသည့် အတွဲတစ်တွဲ ပါဝင်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစ၍ မဏိရတနာကျောက်စိမ်းခန်းမ အပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် အခြေခံဈေး ယူရိုငွေ ၅၀၀နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲများကို ၎င်းတို့ စိတ်ကြိုက် လွတ်လပ်စွာလှည့်လည် ကြည့်ရှုစစ်ဆေး ရွေးချယ်မှတ်သားကြပြီး ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့အတူ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပေါ်ထပ်နှင့် သတ်မှတ်ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲများကို **စာမျက်နှာ ၅ ကော်လံ ၁ သို့ ◯**



ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးနေကြစဉ်။

# ဒလမြို့နယ်ရှိ သမတဆိပ်ကမ်းနှင့် အုံ့ကြီးဆိပ်ကမ်းတို့သို့ Yangon Water Bus ခရီးစဉ် တိုးချဲ့ပြေးဆွဲ




အုံ့ကြီးဆိပ်ကမ်း၌ Yangon Water Bus စီးနင်းကြသည့် ကျောင်းသား ကျောင်းသူများနှင့် ခရီးသည်များကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ခရီးသွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ခရီးသည်များ လုံခြုံမှုရှိစေရေးအတွက် Yangon Water Bus မြစ်တွင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းမှ ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလမြို့နယ် သမတကမ်းခြေရပ်ကွက်ရှိ သမတဆိပ်ကမ်းနှင့် အုံ့ကြီးအရှေ့ရပ်ကွက်ရှိ အုံ့ကြီးဆိပ်ကမ်းတို့သို့ ရန်ကုန်ဝါးတားဘတ်စ် ခရီးစဉ်တိုးချဲ့ပြေးဆွဲပေးခြင်းကို ယနေ့နံနက် ၆ နာရီ ၂၀ မိနစ်က အဆိုပါ ဆိပ်ကမ်းတို့၌ စတင်ဖွင့်လှစ်ခဲ့ရာ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လိုက်ပါစီးနင်းခဲ့ကြသည်။

နေ့စဉ်စက်တပ်သမ္ဗန်ဖြင့် ခရီးသွားလာနေသော အုံ့ကြီးအရှေ့ရပ်ကွက်နေ ကျောင်းဆရာမ ဒေါ်အေးသန္တာအောင်က "ဒီနေ့က ရန်ကုန်ဝါးတားဘတ်စ်စပြီး ခရီးစဉ်ပြေးဆွဲမယ်ဆိုတဲ့ သတင်းရထားလို့ လာဖြစ်ခဲ့တာပါ။ အစဆိုတော့ ခရီးသည်နည်းတယ်၊ မသိသေးတာလည်းရှိလိမ့်မယ်၊ အသက်ကယ်အင်္ကျီတွေ ထိုင်ခုံအားလုံးမှာ ထားရှိပေးတာကို တွေ့ရတယ်၊ စီးရတာလုံခြုံမှုရှိလို့ နောက်လည်း ဒီကပဲသွားဖြစ်မှာပါ။ ခရီးစဉ်တိုးချဲ့ပြေးဆွဲပေးတဲ့အတွက် ဒေသခံပြည်သူတစ်ယောက်အနေနဲ့ ကျေနပ်ပျော်ရွှင်ရပါတယ်"ဟု ပြောသည်။

ရန်ကုန်နှင့်ဒလဘက်ကမ်းခရီးစဉ်တွင် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀ ကျသင့်မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀ ကျသင့်မည်ဖြစ်ကြောင်းလည်း သိရသည်။ ယနေ့ခရီးစဉ် တိုးချဲ့ပြေးဆွဲသည့်နေ့တွင် ပြည်သူများနှင့် ကျောင်းသားများအား အခမဲ့စီးနင်းခွင့်ပေးပြီး ကြာဆံချက်စတုဒိသာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳**



# ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးရမည့် တောင်ဇလပ်ပန်းပင်

● မင်းလပြည့်





မိုးက တဖွဲဖွဲရွာနေသည်။ ထင်းရှူးရနံ့က လေထဲသင်းပျံ့နေသည်။ မိုးကာအကျႌဝတ်ထားသော ယောကျ်ား၊ မိန်းမ၊ ကလေးများက လက်ထဲပေါက်တူးကလေးကို ကိုင်ဆောင်လာကြသည်။ "မြေဆီစိုခိုက်၊ သစ်ပင်စိုက်၊ သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏" ဟူသော ဆောင်ပုဒ်အတိုင်း သစ်ပင်စိုက်ရန် နေရာသို့ စုရုံးရောက်ရှိလာသည်။ အရောင်အသွေးစုံလင်သော ပန်းပွင့်များသဖွယ် မြင်ကွင်းက လှပသည်။ မကြာမီ ပြည်နယ်အကြီးအကဲရောက်ရှိလာပြီး သစ်ပင်စိုက်ပွဲစကြသည်။ ပြည်နယ်အကြီးအကဲနှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က ပြည်နယ်သစ်တောညွှန်/မှူးထံ တောင်ဇလပ်ပင် ၆၅၀ စိုက်ပျိုးရန်ပေးသည်။ ဟားခါးကောလိပ်၌လည်း ခါတော်မီ၊ ချယ်ရီ၊ ရေသင်းဝင် အပင်များ စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ်သည် သစ်တောသယံဇာတကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ သစ်ပင်များကို ရှင်သန်မှုဖြစ်ရန် စိုက်ပျိုးကြရန်လိုကြောင်း၊ ချင်းပြည်နယ်၏ အမှတ်အသားဖြစ်သော တောင်ဇလပ်များကိုလည်း ပြည်နယ်တစ်ဝန်း စိုက်ပျိုးပြီး ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း ပြည်နယ်အကြီးအကဲက ပြောကြားသည်။ ထို့နောက် မိုးရေထဲတွင် တောင်ဇလပ်ပင်များအား တပျော်တပါးစိုက်ပျိုးကြသည်မှာ ပျော်ရွှင်ကြည်နူးဖွယ်ရာဖြစ်သည်။

တောင်ဇလပ်သည် နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် အပွင့်များစတင်ပွင့်ကြပြီး ဖေဖော်ဝါရီလ၊ မတ်လတွင် အသီးများစသီး၍ ဩဂုတ်၊ စက်တင်ဘာလလောက်တွင် အသီးများ ရင့်မှည့်ကြသည်။ ရုက္ခဗေဒဆိုင်ရာအရ မျိုးရင်း(Family)ဖြစ်သော Ericaceae ဖြစ်၍ မျိုးစိတ်များမှာ တောင်ဇလပ်နီ (Rhododendron arboretum Sm.)၊ တောင်ဇလပ်ဖြူ (Rhododendron caffeanum Craib ex Hutch)၊ တောင်ဇလပ်ဝါ (Rhododendron burmanicum Hutch) ဟူ၍ သုံးမျိုးရှိသည်။ တောင်ဇလပ်နီပင်များသည် Tree Type အနေဖြင့် တွေ့ရှိရပြီး အမြဲစိမ်းတောတွင် ပေါက်ရောက်ကာ ၁၀ ပေမှ ၂၁ ပေအမြင့်ထိကြီးထွားနိုင်သည်။

အထူးကဏ္ဍ [ ခ ] သို့ »»»

# ပလောင်ဒေသကို အလှဆင်မည့်လက်များ

● သီပေါကိုလတ်

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မန်တုံမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၄၀ မိနစ်နှင့် ၉၇ ဒီဂရီ ၄၅ မိနစ်ကြားတွင် တည်ရှိသည်။ မြို့နယ်၏ အကျယ်အဝန်းမှာ ၉၇၅ စတုရန်းမိုင်ကျယ်ဝန်းကာ အရှေ့မှ အနောက်သို့ ၄၄ မိုင်ရှိ၍ တောင်မှမြောက်သို့ မိုင် ၄၀ ရှည်လျားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၁၂၆ ပေတွင် တည်ရှိသည့် တောင်ပေါ်တိုင်းရင်းသားမြို့လေးတစ်မြို့ဖြစ်သည်။ အမြင့်ဆုံးတောင်မှာ နမ့်လန်းတောင်ဖြစ်၍ အမြင့်ပေ ၆၈၈၈ ရှိပြီး အနိမ့်ဆုံးအရပ်ဒေသမှာ မုံးခကျေးရွာ ဖြစ်သည်။ မန်တုံမြို့နယ်သည် ယခင်က နမ္မတူမြို့နယ်၏ ကျေးရွာအုပ်စုဖြစ်ခဲ့ပြီး နမ္မတူမြို့နယ်မှ ကျေးရွာအုပ်စု ၁၉ အုပ်စုနှင့် နမ့်ခမ်းမြို့နယ်မှ ကျေးရွာအုပ်စု ၁၁ အုပ်စုတို့ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁/၂၀/ အထ(၂) ဖြင့် မြို့နယ်အဆင့် စတင်ဖွဲ့စည်းခဲ့သည်။

မန်တုံဟူသောအမည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး မန်ဆိုသည်မှာ နေရာဒေသဟူ၍လည်းကောင်း၊ တုံဆိုသည်မှာ မြေပြန့်ဟူ၍လည်းကောင်း အဓိပ္ပာယ်ရကြောင်း သိရသည်။




မန်တုံမြို့နယ်တွင် ပလောင်တိုင်းရင်းသားများနှင့် ရှမ်း၊ ဗမာ၊ ကချင် စသည်တို့ပါ အတူတကွနေထိုင်လျက်ရှိကြသည်။ ဒေသခံအများစုမှာ လက်ဖက်နှင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ လယ်ယာနှင့် သီးနှံစိုက်ပျိုးရေးနည်းစနစ်မှာ ရိုးရာနည်းသာဖြစ်ကြသည်။

ယခုအခါ စိုက်ပျိုးရေးနည်းစနစ်အရ နှစ်သက်ရာသီးနှံစိုက်ပျိုးရေးကို ရွေးချယ်စေပြီး နည်းစနစ်သစ်ဖြင့် စိုက်ပျိုးရေးကိုလုပ်ဆောင်သွားရန် အားပေးခဲ့ကြသည်။ တစ်ဖက်တွင်လည်း ဘိန်းအစားထိုးသီးနှံများကို ကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန် အလေးထားပံ့ပိုးကြသည်။

ထို့ကြောင့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် အထွက်တိုးနှုန်းကောင်းသည့်သီးနှံများကို ရွေးချယ်စေခဲ့ကာ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ စီမံရေးဆွဲခဲ့ကြသည်။

မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး နမ့်ကုမ်အစည်းအဝေးခန်းမ၌ ဘိန်းအစားထိုး နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်၊ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း၊ တောင်သူပညာပေးသင်တန်း ဆွေးနွေးပို့ချခြင်းတို့ကို ဇွန် ၁ ရက်က ပြုလုပ်ခဲ့သည်။ မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတိုင်းရင်းသားများ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန်တုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇေယျာမင်းမင်းအောင်က ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးများအား နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်၊ ဓာတ်မြေဩဇာများကို ပေးအပ်သည်။ စိုက်ပျိုးရေးနည်းစနစ်နှင့် မိုးစပါးစိုက်ပျိုးမှု နည်းစနစ် လေးမျိုးဖြစ်သော ပျိုးသက်နုစိုက်ပျိုးနည်းစနစ်(SRI)၊ ပေါင်ပျိုးစိုက်နည်းစနစ် (BMP)၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ် (တိုက်ရိုက်မျိုးစေ့ချ)၊

အထူးကဏ္ဍ [ ခ ] သို့ »»»





**တောင်ဇလပ်ပန်းပင်မှ »»»**

ယင်း၏အရွက်သည် ရွက်ထီးအမျိုးအစားဖြစ်ပြီး ရွက်လွှဲထွက်လေ့ရှိသည်။ ရွက်သားမှာထူ၍ ပြောင်ချောဖြစ်ပြီး လေးစင်တီမီတာမှ ၁၃ စင်တီမီတာအရှည်နှင့် ၁ ဒသမ ၈ စင်တီမီတာမှ ငါးစင်တီမီတာအထိ ကျယ်ပြန့်သည်။ ပန်းခိုင်သည် ထိပ်ထွက်ပန်းခိုင်အမျိုးအစားဖြစ်ပြီး ယင်း၏ပန်းပွင့်သည် တောက်ပသော အနီရောင်ဖြစ်သည်။ အသီးမှာ ခွံလည်အက်ကွဲသီးများဖြစ်ပြီး ၁ ဒသမ ၅ စင်တီမီတာ အရှည်ရှိသည်။ ပေါက်ရောက်ရာဒေသမှာ အိန္ဒိယ၊ နီပေါ၊ ဘူတန်နိုင်ငံများဖြစ်ပြီး မြန်မာ၊ တရုတ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ပေါက်ရောက်သည်ကို လေ့လာတွေ့ရှိရသည်။တောင်ဇလပ်အဝါကို BushType ဖြင့်တွေ့ရပြီး ဧပြီလ၊ မေလတွင် အပွင့်ပွင့်ကာ ဇွန်လ၊ ဇူလိုင်လတွင် အသီးသီး၍ နိုဝင်ဘာလ၊ ဒီဇင်ဘာလလောက်တွင် အသီးများရင့်မှည့်ကြသည်။ တောင်ဇလပ်အဖြူကို ကပ်ပါးပင်များအဖြစ် ထင်းရှူး၊ ဝက်သစ်ချ၊ သစ်အယ်၊ ဇိုင်းဘောပင်များတွင် တွယ်ကပ်ပေါက်ရောက်ပြီး အပွင့်ပွင့်ချိန်၊ အသီးသီးချိန်တို့မှာ တောင်ဇလပ်အဝါနှင့် တစ်ပြိုင်တည်း ပွင့်သီးကြကြောင်း တွေ့ရှိရသည်။ ဧပြီလတွင် အပွင့်ပွင့်၍ ဇူလိုင်တွင် အသီးရပြီး ဒီဇင်ဘာတွင် အသီးများရင့်မှည့်ကြသည်။ တောင်ဇလပ်အသီး (နီ၊ ဖြူ၊ ဝါ) သုံးမျိုးစလုံး အသီးဆံတစ်ခုတွင် အစေ့များ ရာချီပါဝင်၍ ယူကလစ်အစေ့နှင့်ဆင်တူပြီး ယူကလစ်အစေ့ထက်သေးငယ်ကြောင်း တွေ့ရှိရသည်။ ဒေသအတွင်း အစေ့မှပျိုးထောင်စိုက်ပျိုးခြင်း မတွေ့ရှိရပါ။ တောင်ဇလပ်အပင်ပေါက်များကို မိုးဦးကျတွင်နုတ်၍ မြေအိမ်တွင်ထည့်ပြီး ပျိုးထောင်စိုက်ပျိုးကြသည်။ သစ်စေ့ရင့်မှည့်ချိန်နောက်ကျသည့်အတွက် နှစ်ဟောင်းအစေ့များကိုသာ အစေ့မကွဲမီ စုဆောင်းရနိုင်သည်။ တောင်ဇလပ်အစေ့များကို ယူကလစ်ပျိုးထောင်သကဲ့သို့ သဲဘောင်တွင် ပျိုးရရှိနိုင်ကြောင်း တွေ့ရှိရသည်။ ဒေသအတွင်းတွေ့ရှိမှုအရ ကြီးထွားမှုနှေးကွေးခြင်း၊ ပူပြင်းသောရာသီဥတုကို မနှစ်သက်ခြင်းကြောင့် အမြင့်ပေ ၅၀၀၀ ကျော်သောဒေသတွင်ပေါက်သည်။

တောင်ဇလပ်ပင်များသည် ချင်းပြည်နယ်တွင် ပေ ၅၀၀၀ အထက်မြင့်သောနေရာများ၌ ပေါက်ရောက်လေ့ရှိပြီး ထင်ရှားသော သစ်ပင်မျိုးလည်း ဖြစ်သည်။ သဘာဝအလျောက်မျိုးဆက်မရှိသော်လည်း တောမီးလောင်ခြင်း၊ လမ်းဧရိယာတိုးချဲ့လာခြင်း၊ ရိုးရာဓလေ့အရ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကြောင့် တောင်ဇလပ်ပင်များ ပျက်စီးလျော့နည်းလာသည်။

မင်းတပ်မြို့နယ်တွင် တောင်ဇလပ် အနီနှင့် အဖြူ နှစ်မျိုးပေါက်ရောက်ပြီး ဟားခါး၊ ဖလမ်းနှင့် တီးတိန်တွင် အများအားဖြင့် အနီမျိုးသာ ပေါက်ရောက်သည်။ တောင်ဇလပ်နီပင်သည် နိုဝင်ဘာလမှ မတ်လအထိ ပန်းပွင့်ပြီး စက်တင်ဘာလနှင့် အောက်တိုဘာလတွင် အသီးများ ရင့်မှည့်သည်။ တောင်ဇလပ်အသီး၏ အရွယ်အစားမှာ တစ်လက်မဝန်းကျင်ခန့် ရှိသည်။ အစေ့များမှာ သေးငယ်သော အမှုန်အမွှားများသာဖြစ်၍ အသီးရင့်ပြီး အက်ကွဲချိန်တွင် အစေ့များသည် လေဖြင့်ပျံ့နှံ့ပြီး မြေကြီးအစိုဓာတ်ရှိရာနေရာ၊ ရေညှိရှိရာနေရာများတွင် တွယ်ကပ်ပေါက်ရောက်လျက် မျိုးဆက်ပြန့်ပွားကြသည်။ တောင်ဇလပ်ပင်များသည် ကြီးထွားမှုနှုန်း အလွန်နှေးကွေးကြသည်။ တောင်ဇလပ်သဘာဝပေါက်ပင်နှစ်လက်မအရွယ်ခန့်ကို ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်ရာ တစ်နှစ်သားအရွယ်တွင် နှစ်လက်မခန့်သာ ထပ်မံမြင့်တက်ပြီး အပင်အမြင့် လေးလက်မသာရရှိသည်။ ပင်စည်လုံးမှာမူ ပိုမိုတုတ်ခိုင်ပြီး အပင်မာလာသည်။ နတ်မတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ၁၉၉၇ ခုနှစ်တွင် စိုက်ပျိုးထားသော တောင်ဇလပ်အနီပင် ရှစ်ပင်အနက် ၂၀၁၆ ခုနှစ် မေလတိုင်းတာချက်အရ အမြင့်ဆုံးအပင်သည် ၁၀ ပေ ၉ လက်မရှိပြီး အနိမ့်ဆုံးအပင်သည် လေးပေသာရှိ၍ အပင် ကြီးထွားနှုန်း ပျမ်းမျှ တစ်နှစ်လျှင် လေးလက်မဝန်းကျင်သာ ရှိသည်။ *ဆက်လက်ဖော်ပြပါမည်။*

ဆက်လက်ဖော်ပြပါမည်။

**အထူးကဏ္ဍ [ က ] မှ »»»**

ကြံခင်းစနစ်ဖြင့် စိုက်ပျိုးမှုနည်းစနစ် (ကြံပက်) တို့ကို စိုက်ပျိုးရေးဦးစီးဌာနက အသေးစိတ်ရှင်းလင်းပို့ချ၍ အပြန်အလှန်ဆွေးနွေးမှုလည်း ပြုလုပ်ခဲ့ကြသည်။အဆိုပါ အခမ်းအနားတွင် မိုးစပါး(GW-1) ဧက ၁၀၀၊ အစေ့ထုတ်ပြောင်း (စီပီ. ၈၀၈) ငါးဧက၊ သစ်ကြားပင် ၁၀၀၊ ထောပတ်ပင် ၅၀၊ မက္ကဒေမီးယားပင် ၂၀၀၊ လိမ္မော်ပင် ၃၀၀ နှင့် ချဉ်စော်ကားပင် ၆၀၀၊ လက်ဖက်ပျိုးပင် ၅၀၀၀ အစရှိသည့် ပျိုးပင်များကိုလည်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ မန်တုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကိုလည်း ဇွန် ၁၇ ရက်က မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ ပြည်သူ့စကားဝိုင်း အခမ်းအနားမှာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်သူမိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေး သူနာပြုဆရာမကြီး ဒေါ်ရည်မွန်အေးနှင့် မိုးသောက်ကြယ်ပရဟိတလူငယ်အသင်းဥက္ကဋ္ဌ ဦးမိုင်းအိုက်လူတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကြသည်။ ရှေးဦးစွာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများပါဝင်သော ပြည်သူ့စကားဝိုင်းများကို နိုင်ငံအဝန်းစီစဉ်ကျင်းပပြီး ပြည်သူများနှင့် လူငယ်လူရွယ်များ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက လူငယ်များ၏ အခန်းကဏ္ဍသည် အရေးပါသဖြင့် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် ဘက်စုံဖွံ့ဖြိုးမှုမှာ အရေးကြီးကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူလူငယ်များက ပညာရေးကဏ္ဍ၊ လူငယ်နှင့် ဥပဒေရေးရာကဏ္ဍ၊ လူငယ်နှင့် ကျန်းမာရေးကဏ္ဍ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို စုံလင်စွာမေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းအခမ်းအနားသို့ မန်တုံမြို့နယ်အတွင်းရှိ အသင်းအဖွဲ့ အသီးသီးမှ လူငယ်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားလူငယ် ၁၈၅ ဦး တက်ရောက်ပြီး စိတ်ဝင်တစားဆွေးနွေးခဲ့ကြသည်။ စိုက်ပျိုးရေးနှင့် လူငယ်များအနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံမှကြိုးပမ်းလျက်ရှိသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မန်တုံမြို့နယ်အား အလှဆင်သောလက်များကို ကြိုဆိုဖော်ပြလိုက်ရပေသည်။




▲▲▲

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ယ ] မှ »»»
ကောက်သစ်စားပွဲနှင့် နှစ်သစ်ကူးပွဲ စသော အခါကြီးရက်ကြီးများတွင် ဝတ်ဆင်ကြသည်။ အမျိုးသမီးများ၏ လက်ဝတ်တန်ဆာမှာ ငွေလက်ကောက်၊ ငွေနားတောင်း၊ ငွေလည်ဆွဲပြားတို့ဖြစ်ပြီး အမျိုးသားများမှာ လွယ်အိတ်၊ ဓား၊ ဆေးတံတို့ကို အမြဲကိုင်ဆောင်လေ့ရှိသည်။ လားဟူလူမျိုးများသည် နတ်၊ ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြသည်။ လားဟူလူမျိုးတို့၏ အနှစ်သက်ဆုံးအလုပ်မှာ အမဲလိုက်ခြင်းဖြစ်သည်။



**ပါခါးရွာကလေးသို့**

ကျိုင်းတုံမြို့မှနေ၍ ပါခါးကျေးရွာသို့ ဆိုင်ကယ်ငှားကာ သွားရောက်ရခြင်းဖြစ်သည်။ လမ်းမှာ ပြေပြေပြစ်ပြစ်မရှိဘဲ အတက်အဆင်း မတ်စောက်လှသည်။ နယ်ခံဆိုင်ကယ်သမားကို မောင်းနှင်စေပြီး နောက်မှလိုက်စီးပါမှ အဆင်ပြေလိမ့်မည်။ ကိုယ်တိုင်မောင်းလျှင် အန္တရာယ်ကြုံနိုင်သည်။ မိုးအခါဗွက်ပေါက်နေသည့် လမ်းမျိုးဖြစ်ပြီး ပိုမိုသတိထားရသည်။ ဒေသခံများအနေဖြင့် ပုံမှန်အနေအထားသာဆိုသော်လည်း ဧည့်သည်များအတွက် ဆိုးရွားသည့်လမ်းပိုင်းဖြစ်သည်။ ပါခါးရွာနှင့်နီးကပ်လျက် နှစ်ရွာတစ်ရွာဆိုနိုင်သည့် ရွာမှာ ကောင်းပက်ကျေးရွာဖြစ်သည်။ ပါခါးရွာဝန်းကျင်ကျေးရွာများတွင် လားဟူနု၊ လားဟူဝါ၊ လားဟူရှီ၊ ရှမ်း၊ ပလောင်နှင့် အာခါလူမျိုးများနေထိုင်ကြသည်။ ပါခါးရွာသည် အိမ်ခြေ ၅၀ ရှိပြီး လူဦးရေမှာ ၃၀၀ ခန့်သာရှိကာ ဆင်းရဲသောကျေးရွာလေးတစ်ရွာဖြစ်သည်။ ထင်းရှူးပင်များ၊ ပိုက်ကော်ပင်၊ တောသရက်၊ စွယ်တော်၊ ချယ်ရီ၊ ဝက်သစ်ချပင်၊ ပင်စိမ်းသီးပင်၊ သပြေ၊ သစ်ခွနှင့် ရင်ခတ်ပန်းပင်တို့ကို ရွာအနီးအနားတွင် တွေ့ရသည်။ တောင်ယာစပါး၊ ပြောင်း၊ မုန်ညင်းနှင့် ကောက်ညှင်းတို့ကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသည်။ ရိုးသားအေးဆေးပြီး ရှိသမျှကလေးနှင့် ရောင့်ရဲတင်းတိမ်တတ်ကြသူများဖြစ်သည်။ စားသောက်မှုပုံစံတွင် တောင်ယာမှရရှိသော ဆန်၊ ကောက်ညှင်း၊ အသီးအနှံတို့ကို အားထားပြီး တစ်ခါတစ်ရံနှင့် ပွဲတော်ရက်များတွင်သာ ဟင်းကောင်းကောင်းကို ချက်ပြုတ်စားသောက်တတ်ကြသည်။ လားဟူတိုင်းရင်းသားတို့သည် မျိုးရိုးအရ အမဲလိုက်ကောင်းသူများဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာအဖြစ်ပြောင်းလာသူများက အကုသိုလ်အလုပ်ကို တဖြည်းဖြည်းနှင့် စွန့်လွှတ်လာခဲ့ကြသည်။ အသား၊ ငါးစားသောက်ခြင်းကိုပါ ရှောင်ကြဉ်လာကြပြီး ပါခါးကျေးရွာ တစ်ရွာလုံးသည် သက်သက်လွတ် စားသောက်ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ အချို့က ဆန်ကြမ်းနှင့် ငရုတ်သီးဆားထောင်းကို ထမင်းဟင်းအဖြစ် စားကြသည်။ ကျေးရွာပတ်ဝန်းကျင်သာ အသွားအလာရှိပြီး မြို့ပြသို့ အဆက်အသွယ်နည်းကြသဖြင့် ဗဟုသုတအားနည်းကြသည်။ အလုပ်အကိုင်ကောင်းများမရှိကြသဖြင့် နွမ်းပါးချို့တဲ့သည်ကို တွေ့ရသည်။ လားဟူရှီတိုင်းရင်းသားတို့သည် အဖြူရောင်ဝတ်စုံကို မြတ်မြတ်နိုးနိုးဝတ်ဆင်ကြသည်။ အမျိုးသမီးများက နားတွင် ရိုးရာအရနားပေါက်ဖောက်ထားလေ့ရှိကြသည်။ တဘက်ကို ခေါင်းမှာပေါင်းထားတတ်ကြသည်။

**ကိုးကွယ်ယုံကြည်မှု**

ပါခါးကျေးရွာသားများသည် ယခင်က နတ်ကိုးကွယ်(နတ်စား) သူများဖြစ်ခဲ့ကြသော်လည်း ယခုအခါ တစ်ရွာလုံး ဗုဒ္ဓဘာသာအဖြစ် ခံယူထားကြသည်။ ရွာတွင် ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ဆရာတော်၏ ဆုံးမဩဝါဒကြောင့် ကိုးကွယ်ယုံကြည်မှု ပြောင်းလဲလာခြင်းဖြစ်သည်။ လပြည့်နေ့တွင် ဘုန်းကြီးကျောင်းရှိ ဓမ္မာရုံသို့ သွားရောက်ပြီး ဥပုသ်စောင့်ကြသည်။ တစ်ရက်လုံးနှင့် တစ်ညလုံး ဘုန်းကြီးကျောင်းတွင်ပင် နေကြသည်။ ဓမ္မာရုံတွင် ညအိပ်ကြသည်။ တရားဆွေးနွေးကြသည်။ ကျောင်းဝင်းအတွင်း ကျောက်ပုံစေတီတစ်ဆူတည်ထားသည်ကို တွေ့ရသည်။ ရိုးရာတူရိယာများကို တီးမှုတ်ကြကာ အမျိုးသမီးအချို့က ထိုစေတီကို ဝန်းရံပြီး ကကြသည်။ ဘုရားကို အဆိုအကများဖြင့် ပူဇော်လှူဒါန်းကြခြင်းဖြစ်ပြီး အလှည့်ကျ မိုးလင်းသည်အထိ ကပြပူဇော်ကြသည်။ ပါခါးရွာနှင့်အနီးနားရှိ ဗုဒ္ဓဘာသာရွာများမှာလည်း လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။ ထိုရွာကလေး၏ ထင်ရှားသည့် အမှတ်အသားကိုပြောပါဟုဆိုလျှင် ကျောက်ပုံစေတီနှင့် ဘုန်းတော်ကြီးကျောင်းကိုသာ ပြရမည် ဖြစ်သည်။ ရွာသူရွာသားအားလုံးက ဘုန်းတော်ကြီးကို လေးစားကြည်ညိုကြသည်။ အဆုံးအမအတိုင်း နေထိုင်ကြသည်။ သူတို့၏ အခက်အခဲနှင့် ဆွေးနွေးတိုင်ပင်စရာ ကိစ္စများကိုလည်း ဘုန်းတော်ကြီးနှင့် ဆွေးနွေးတိုင်ပင်ကြသည်။ ယခင် နတ်စားခဲ့စဉ်ကလည်း နတ်ဆရာကို ထိုနည်းအတိုင်းပင် ရိုကျိုးခဲ့ကြသည်။ သို့သော်လည်း နတ်ဆရာနှင့် ကိုးကွယ်ခဲ့ကြသည့် နတ်များကို အကြောက်တရားနှင့် ပူဇော်ကြခြင်းဖြစ်ပြီး ယခုမှာမူ ကြည်ညိုလေးစားမှု၊ ယုံကြည်မှု၊ အားထားမှုတို့ကြောင့် ဖြစ်ကြောင်း ရွာသားများက ပြောပြသည်။

**ပါခါးရွာ၏ ပညာရေး**

ရွာတွင် စာသင်ကျောင်းမရှိသဖြင့် ကျောင်းသားများသည် အနီးစပ်ဆုံး စာသင်ကျောင်းဖွင့်ထားသည့် နောင်ဆုံကျေးရွာသို့ အသွားတစ်နာရီကျော် အပြန်တစ်နာရီကျော် လမ်းလျှောက်ပြီး သွားကြရသည်။ ရေရှည်တွင် အဆင်မပြေသဖြင့် ကလေးများ စာမသင်ရသည့် အဖြစ်သို့ရောက်ရသည်။ ထို့အတွက် တွဲဖက်မူလတန်းကျောင်းကို ပါခါးရွာတွင် ဖွင့်လှစ်နိုင်ရန် နောင်ဆုံရွာ သာသနာပြုဆရာတော်နှင့် ရပ်မိရပ်ဖတို့က ကြိုးပမ်းဆောင်ရွက်နေကြသည်။ ပါခါးရွာတွင် ကျောင်းသူ ကျောင်းသားစာရင်းကောက်ခြင်း၊ ယာယီစာသင်ကျောင်းဆောက်ခြင်း၊ စားပွဲ၊ ကုလားထိုင်များစီစဉ်ခြင်း၊ စာသင်ကြားမည့်ဆရာ ရှာဖွေခြင်းတို့ကို လုပ်ကိုင်လျက်ရှိနေသည်။ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးသည် ပညာရေးပေါ်တွင် အခြေခံပါသည်။ ပညာရေးနိမ့်ကျသည့် ပညာသင်ကြားရန်ပင် အခွင့်အလမ်း နည်းပါးရှာသည့် ပါခါးရွာကဲ့သို့ ဝေးလံခေါင်ဖျားဒေသများ မိမိတို့တိုင်းပြည်တွင် မည်မျှရှိသည်ကိုရေတွက်ရန် မစွမ်းနိုင်ပါ။ အနာဂတ်အတွက်ဦးဆောင်မည့် ကလေးငယ်လေးများ၊ လူငယ်လေးများအတွက် စိတ်ထဲမကောင်းဖြစ်ရပါသည်။ စာသင်ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် တောင်တန်းဒေသသာသနာဖွံ့ဖြိုးရေးအတွက် ကြိုးစားနေရှာသော ဆရာတော်ကိုလည်း သာဓုအကြိမ်ကြိမ်ခေါ်ပါသည်။ အစစအရာရာ အဆင်ပြေနိုင်ပါစေကြောင်း ဆုတောင်းပေးပါသည်။

**ပါခါးရွာမှအတွေး**

လားဟူတို့သည် ဘူးသီးမှ လူဖြစ်လာရသည်ဟူသော အယူအဆကို လက်ခံကြသည်။ ဘူးသီးကို မြတ်နိုးကြသည်။ တာချီလိတ်မြို့ရှိ လားဟူတိုင်းရင်းသားပိုင်သော ဟိုတယ်ရှေ့တွင် ရွှေရောင်ဘူးသီးကြီးတစ်လုံး ပြုလုပ်ထားပြီး အမည်ကို ရွှေဘူးသီးဟု ပေးထားသည်။ ထိုဟိုတယ်ပိုင်ရှင်မှာ မြို့မျက်နှာဖုံးတစ်ဦးဖြစ်ပြီး ပြည့်စုံချမ်းသာသူဖြစ်သည်။ ပါခါးရွာနှင့် အနီးဝန်းကျင်မှ တိုင်းရင်းသားတို့၏ ဘဝနှင့် များစွာကွာခြားလွန်းလှသည်။ လူမျိုးချင်းတူသော်လည်း အောင်မြင်ဖြစ်ထွန်းသောသူများ ရှိသကဲ့သို့ ကံအကျိုးပေးနည်းပါးမှုကြောင့် အများစုမှာ စီးပွားရေးကျပ်တည်းသည်။ လူမှုဘဝနိမ့်ကျလွန်းလှသည်။ သို့သော်လည်း ပါခါးရွာသားများသည် ရသမျှ၊ ရှိသမျှလေးနှင့် တင်းတိမ်ရောင့်ရဲကာ အေးအေးချမ်းချမ်းဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ပျော်ရွှင်စွာရှင်သန်နေထိုင်လျက်ရှိကြပေသည်။

▲▲▲

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ပင်းတယ ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ပညာရေးမိသားစု ဆရာ ဆရာမများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ပင်းတယ၊ ရွာငံမြို့နယ်များမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦးတို့အား ဒေသဦးစီးဥက္ကဋ္ဌက ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဒေသဦးစီးအဖွဲ့ဝင် အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ပင်းတယနှင့် ရွာငံမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၈၉ ဦးတို့အား ဆုတံဆိပ်နှင့် ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲဖြစ်မြောက်အောင် ကူညီပေးခဲ့ကြသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဓနုပညာရေးဖောင်ဒေးရှင်းနှင့် ဓနုတိုင်းရင်းသားရေးရာ အဖွဲ့ချုပ်တို့အား ရွာငံ၊ ပင်းတယမြို့နယ် ပညာရေးမိသားစုကိုယ်စား ပင်းတယမြို့နယ်ပညာရေးမှူး ဒေါ်ငွေသန်းနုက ကျေးဇူးတင်စကားပြန်လည်ပြောကြားပေးကာ ပညာရေးမိသားစု ဆရာ ဆရာမများ၏ ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ပင်းတယ၊ ရွာငံမြို့နယ်များရှိ ၂၀၁၇-၂၀၁၈တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးနှင့် အောင်မြင်သူများမှာ ၂၄၁ ဦးရှိပြီး ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးမှာ ရွာငံမြို့နယ်မှဖြစ်ကြောင်းလည်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ချင်းပြည်နယ် မင်းတပ်မြို့နယ် လေးကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ

**မင်းတပ် ဇွန် ၂၂**

ချင်းပြည်နယ် မင်းတပ်မြို့နယ် လေးကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇွန်လပထမပတ်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မင်းတပ်မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျောင်းဆိုင်ရာဒေသတာဝန်ရှိသူ ဦးကီးနိုင်း (အထက-၃ကျောင်းအုပ်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းက ကျောင်းသားနှင့် မိဘ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများ၊ ပညာရေးဦးစီးဌာနက ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပြည်သူအခြေပြု၍ ဆွေးနွေးမှာကြားသည်။

"ကျွန်မ မျက်ရည်ကျမိတာ ဝမ်းသာလွန်းလို့ပါ။ အရင်က ဆရာဆရာမလည်း မလုံလောက်၊ လေးတန်းအောင်ရင် ရွာနဲ့ ငါးမိုင်ဝေးတဲ့ မင်းတပ်အထကမှာ ကျောင်းတက်ရတယ်၊ လေးတန်းအောင်သူတိုင်း ဆက်ပြီးကျောင်းမတက်နိုင်၊ အခု ရှစ်တန်းအထိ မိဘအိမ်ကနေ တက်ရောက်ခွင့်ရှိလာလို့ အထူးပဲဝမ်းသာမိပါတယ်၊ ဝမ်းသာမျက်ရည်ကျမိတာပါ"ဟု ကျောင်းသားမိဘဖြစ်သူ ဒေါ်ဟုန်းရှဲင်းက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**



# လားဟူတိုင်းရင်းသားတို့ရှိရာ ပါခါးကျေးရွာသို့ . . .

● လင်းသူ

လားဟူလူမျိုးများသည် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ လားရှိုးနှင့် နမ့်ဆန်မြို့နယ်တွင် အများဆုံးနေထိုင်ကြသည်။ လားဟူတိုင်းရင်းသားတို့သည် နေထိုင်ရာဒေသကွဲပြားသော်လည်း လားဟူဆိုသည့် အမည်နာမတစ်ခုတည်းကိုသာ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ အမျိုးအနွယ်ဝင်ပေါင်း ၂၄ မျိုးရှိပြီး လားဟူန (လားဟူမဲ)နှင့် လားဟူရှီ (လားဟူဝါ) ဟူ၍ အဓိကနှစ်မျိုးရှိသည်။ လားဟူတို့သည် နေထိုင်ရာဒေသကိုလိုက်ပြီး စကားသံကွဲပြားသော်လည်း လားဟူညီ(နီ) စကားတစ်မျိုးတည်းကိုသာ သုံးစွဲကြသည်။ တရုတ်နိုင်ငံ လန်ချန်းပြည်နယ်တွင် လားဟူလူမျိုး ငါးသိန်း၊ မြန်မာနိုင်ငံ ရှမ်းပြည်နယ်တွင် နှစ်သိန်း၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့တွင် တစ်သိန်းနေထိုင်ကြခြင်းကြောင့် စုစုပေါင်းလူဦးရေ ရှစ်သိန်းခန့်ရှိသည်ဟူ၍လည်း ဆက်လက်လေ့လာသိရှိရသည်။ မြန်မာနိုင်ငံ ကျိုင်းတုံမြို့တွင် လားဟူမျိုးနွယ်ပေါင်း ၁၂ မျိုး နေထိုင်ကြသည်။ လားဟူအမျိုးသားများသည် ပိတ်အနက်ဖြင့် ချုပ်ထားသော ဘောင်းဘီအကျီနှင့် ခေါင်းပေါင်းရှည်ကို ဝတ်ဆင်ကြသည်။ အမျိုးသမီးများသည် ယခင်က ဘောင်းဘီအရှည်နှင့် ခေါင်းပေါင်းအရှည် ဝတ်ဆင်ကြသော်လည်း ယခုအခါ အကျီခါးတို၊ လုံချည်များ ပြောင်းလဲဝတ်ဆင်လာသည်။ ရိုးရာဝတ်စုံများကို မင်္ဂလာဆောင်ပွဲ၊

အထူးကဏ္ဍ [ ဂ ] သို့ »»



## လားဟူမျိုးနွယ်စုကြီးနှစ်မျိုးနှင့် မျိုးနွယ်ကွဲများ

| လားဟူနအုပ်စု | လားဟူရှီအုပ်စု |
| --- | --- |
| ၁။ လားဟူန၊ ၂။ လားဟူကူလောင်း၊ ၃။ လားဟူကိုင်းရှီ၊ ၄။ လားဟူနမ်မေး၊ ၅။ လားဟူအာလဲ၊ ၆။ လားဟူအာဒို၊ ၇။ လားဟူခါခါ၊ ၈။ လားဟူဟားလော့၊ ၉။ လားဟူလောမဲ၊ ၁၀။ လားဟူကော်နဲ၊ ၁၁။ လားဟူနီ၊ ၁၂။ လားဟူဝိန်းယ၊ ၁၃။ လားဟူလားဘား၊ ၁၄။ လားဟူရှဲလဲ၊ ၁၅။ လားဟူဝဂီ၊ ၁၆။ လားဟူဖူ၊ ၁၇။ လားဟူရှဲစီ၊ ၁၈။ လားဟူမီးချန်၊ ၁၉။ လားဟူဟိုလင်း၊ ၂၀။ လားဟူကက်လက်၊ | ၁။ လားဟူပါလမ်း၊ ၂။ လားဟူရှီဘာကယ်အို(ဘာကျို)၊ ၃။ လားဟူရှီနမ့်ကယ်အို(နမ့်ကျို)၊ ၄။ လားဟူရှီမေခင်း |

ရင်းမြစ်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## ပုစွန်လုံးအဆီချက်နှင့် လယ်ကန်စွန်းချဉ်ရည်ဟင်း

မနက်ဘက်လမ်းလျှောက်ရင်း ပုဇွန်တောင်ဈေးဘက်လှည့်ဝင်ဖြစ်တော့ လယ်ပုစွန်လုံးတွေပုံရောင်းနေတဲ့ တောဈေးသည်လေးတစ်သည်ကို တွေ့ရပါတယ်။ ပုစွန်လုံးတွေက လှော်ထားတာကြောင့် အရောင်ရဲရဲဝါဝါလေးဖြစ်လို့မို့ ဝယ်ချင်စိတ်ပေါ်လာတာကြောင့် မေးကြည့်တော့ ခရမ်းသုံးခွဘက်က လာရောင်းကြတာပါတဲ့။ ငယ်ငယ်ကတော့ မိုးတွင်းဘက် ခရမ်းက အမျိုးတွေဆီ အလည်သွားရင် လယ်ပုစွန်လုံးအဆီချက်နဲ့ ကန်စွန်းရွက်လယ်တောဟင်း အမြဲလိုလိုစားရတာကို သတိရသွားမိပါတယ်။

လယ်ပုစွန်လုံးလို့ခေါ်ပေမယ့် တကယ်တော့ ရေချိုဂဏန်းတစ်မျိုးပါ။ လယ်ကန်သင်းတွေမှာ ကျင်းတူးပြီးနေတဲ့ အလေ့အထရှိပြီး တူးလို့ထွက်လာတဲ့ မြေသားကျစ်စာခဲတွေကို ကျင်းဝမှာ မီးခိုးခေါင်းတိုင်လို လုံးရှည်ရှည်ကလေးပုံထားတာမို့ ကျစ်စာခဲပုံမြင်လိုက်တာနဲ့ ဒါဂဏန်းကျင်းပဲရယ်လို့ တန်းပြီးသိပါတယ်။ လယ်ပုစွန်လုံးအကြီးဆုံးက ဂုံညင်ဒိုးပြားအရွယ် မရှိတရှိဖြစ်လို့ ကျင်းတွေ့တယ်ဆိုရင်ပဲ လက်ဖျားမှာကောက်ရိုးပတ် ကျင်းထဲလက်တစ်ဆုံးနှိုက်ဖမ်းကြတာပါ။ ကောက်ရိုးပတ်ရခြင်းက ကျင်းထဲဝင်လာတဲ့လက်ကို ပုစွန်လုံးက လက်မနဲ့ ဖမ်းညှပ်တတ်လို့ပါ။



လယ်ပုစွန်လုံးတွေကို ပျိုးနုတ်ကောက်စိုက်ချိန် မိုးကာလမှာ လှိုင်လှိုင်ရပါတယ်။ စပါးစိုက်တဲ့ လယ်ကန်းသင်းတွေမှာ ကဏန်းကျင်းတွေ အစီအရီရှိတတ်တာပါ။ လယ်တောနဲ့တစ်ဆက်တည်းရှိတဲ့ ချောင်းစပ်၊ မြောင်းစပ်နဲ့ အိုင်ငယ်တွေမှာ အရိုးနီနီနဲ့ လယ်ကန်စွန်းတွေက အလေ့ကျပေါက်နေတာပါ။ မိုးကျလို့ ရွာကထွက်ပြီး လယ်ထဲမှာ တဲထိုးနေကြသူတွေက တတန်တက ဈေးရယ်လို့ မသွားနိုင်ကြပါဘူး။ အနီးအနားမှာရှိတဲ့ သဘာဝအသီးအရွက်တွေနဲ့ ငါး၊ ဖား၊ ပုစွန်လေးတွေကိုပဲ ဟင်းစားအဖြစ် ရှာဖွေစားကြရတာပါ။

ခုခေတ်မြို့ကကလေးတွေ အများစုကတော့ လယ်ပုစွန်လုံးဆိုတာ ပုစွန်လား၊ ကဏန်းလားရယ်လို့ ကွဲကွဲပြားပြားသိကြမယ်တောင် မထင်ပါဘူး။ ကျောင်းပိတ်ရက်တွေမှာ နယ်ဘက်က ဆွေတွေမျိုးတွေ၊ ဘိုးဘွားတွေဆီ အလယ်သွားနိုင်ဖို့ဝေးစွ။ သူတို့ကျူရှင်တွေ၊ ဝိုင်းတွေ၊ ဂိမ်းတွေနဲ့တောင် အားလပ်ချိန်ကအနိုင်နိုင်ပါ။ ဒါကြောင့်လည်း ဆွေမျိုးသားချင်း၊ ဒွေးတော်မိကြီးရယ်လို့ ထားရှိရမယ့် ဆွေစိတ်မျိုးစိတ်တွေလည်း ခေါင်းပါးကုန်ကြတာထင်ပါရဲ့။

ဈေးမှာ ရှားရှားပါးပါးတွေ့လာတဲ့ လယ်ပုစွန်လုံးတွေဝယ်ရင်းနဲ့ လယ်ကန်စွန်းအရိုးနီကလေးတွေကိုပါ တစ်ဆက်တည်း ဝယ်လာခဲ့ပါတယ်။ ငယ်ငယ်က ထမင်းမြိန်ခဲ့တဲ့ လယ်ပုစွန်လုံးအဆီချက်နဲ့ ကန်စွန်းရွက်လယ်တောဟင်းအရသာကို ပြန်ရချင်လို့ပါ။ ပုစွန်လုံးအဆီချက်ဖို့အတွက် ဈေးကဝယ်လာတဲ့ လှော်ပြီးသားပုစွန်လုံးတွေကို ရေပြန်ဆေးပါတယ်။ ရင်ဘတ်က အဖတ်လေးကိုခွာလိုက်ရင် အောက်မှာပေါ်လာတဲ့ဆက်ကြောင်းကနေ ကျောခွံနဲ့ ရင်ပုံကို ဆွဲခွာလိုက်ရင် ကျောခွံနဲ့ ရင်ပိုင်း နှစ်ခြမ်းကွဲသွားပါတယ်။

ပုစွန်လုံးရဲ့ကျောခွံထဲမှာကပ်နေတဲ့ အဝါရောင်အဆီဥတွေကို ဇွန်းလေးနဲ့အသာကော်ယူပြီး ပုစွန်ဆီချက်ရတာပါ။ ပုစွန်လုံးကလှော်ပြီးသားမို့ အဆီဥက ခဲနေပါတယ်။ အစိမ်းအတိုင်းဆိုရင်တော့ အဆီချက်ရတာ ပိုကောင်းပါတယ်။ ပန်းကန်ထဲမှာစုထားတဲ့အဆီတွေကို ဒယ်အိုးထဲမှာ ခေါ်ဆီကလေးနည်းနည်းနဲ့ ဆားလေးဖြူးပြီး ဆီပြန်အောင် ချက်လိုက်ရုံပါပဲ။ ပုစွန်လုံးအဆီရဲ့ သဘာဝအရောင် အဆီဥဝါဝါကလေးတွေနဲ့ မွှေးပျံ့တဲ့ပုစွန်လုံးအဆီချက်ရပါပြီ။

လယ်ကန်စွန်းချဉ်ရည်ချက်ဖို့ ကန်စွန်းအရိုးနီကလေးတွေကို ရေစင်စင်ဆေး၊ အိုးထဲကို ငရုတ်၊ ကြက်သွန်နီ ထောင်းပြီးသားအရောနဲ့အတူ ထည့်ပြီး ဆီပါလေကာနဲ့ လုံးချက်ပါမယ်။ ဟင်းခတ်အဖြစ် ပုစွန်လုံးရင်ခွံပိုင်းကို သန့်စင်ပြီး ခေါးပြားရိုက်ထည့်ကာ ဖိုပေါ်တင်ပါ။ ဆား၊ နနွင်း၊ ငံပြာရည်သင့်ရုံထည့်ပါ။ အိုးထဲက ဟင်းရွက်တွေ နွမ်းလောက်တဲ့အခါ အထက်အောက်နှံ့အောင်မွှေပြီး အသင့်ဖျော်ထားတဲ့ မန်ကျည်းရေကျဲကျဲကို ဟင်းရွက်တွေမြုပ်တဲ့အထိ များများထည့်ပါ။ အိုးပွက်ပွက်ဆူလာပြီး ချဉ်ရည်ဟင်းနံ့လေးကြိုင်လာတဲ့အခါ ဖိုမှချပြီး အသင့်စားသုံးနိုင်ပါပြီ။

ပုစွန်လုံးအဆီချက်ကို ထမင်းနဲ့ နယ်လိုက်တဲ့အခါ ဈေးကြီးပေးဝယ်ရတဲ့ ပုစွန်တုပ်ဆီနဲ့မခြားတဲ့ အနံ့အရသာရှိတာပါ။ ကန်စွန်းရွက်လယ်တောချက် ပူပူလောလောနဲ့ ငပိရည်၊ အတို့အမြှုပ် စုံလင်လှတဲ့ လယ်တောထမင်းဝိုင်းဟာ ချွတာရေးလည်းကျ၊ ကျန်းမာရေးနဲ့လည်း ညီလှတာမို့ တောသူ တောင်သားများဟာ ကျန်းမာရေးအထူးကောင်းကြတာလို့ စဉ်းစားမိပါတယ်။ ဥတုဘောဇနဆေးကျမ်း အလိုအရလည်း "ပုစွန်လုံးသည် လေ သည်းခြေကို နိုင်၏။ ခတ်ခုနစ်ပါးကို ပွားများစေ၏။ ဆီးဝမ်းရွှင်စေ၏။ ကန်စွန်းရွက်သည် ချို၏။ နို့ရည်၊ သုက်တို့ကို ပွားများစေတတ်၏"ဟူ၍ အကျိုးဂုဏ်များ ပါရှိကြောင်း။



စံလွင် (ငါးဦးစီး)

